ရေးဦးသင်အဘိဓမ္မာ

ဒုတိယတွဲ

ရေးသူ

ဦးအောင်သိမ်း

အငြိမ်းစား လက်ထောက်ကထိက

ဗုဒ္ဓကျမ်းစာ၊ ရန်ကုန်တက္ကသိုလ်

(တတိယအကြိမ်)

အောင်သိပ္ပံစာအုပ်တိုက်

၁၈၀၂၅

ရှေးဦးသင် အဘိမ္မော

ဒုတိယတွဲ



ရေးသူ

ဦးအောင်သိမ်း

အငြိမ်းစား လက်ထောက်ကထိက

ဗုဒ္ဓကျမ်းစာ၊ ရန်ကုန်တက္ကသိုလ်



ဖြန့်ချီရေး

ပညာအလင်းပြ စာပေတိုက်

၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ၉၈၇လမ်းထိပ်

ပုဇွန်တောင်စာတိုက်၊ ရန်ကုန်။

ဖုန်း - ၇၃၄၁၄

သာလှန်ရေးဦးစီးဌာ

စာကြည့်တိုက်

ကမ္ဘာအေး၊ ရန်ကုန်

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ခွင့်ပြုချက်အမှတ်(၅၃၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၄၀)

၁၉၀၆-ခု၊ အောက်တိုဘာလ
အကြိမ် – တတိယအကြိမ်
တန်ဖိုး – ၁၀ ကျပ်
အုပ်ရေ – ၁၀၀၀
အဖုံးရိုက် – ကာလာကြည်သိန်း
စာအုပ်ချုပ် – ကိုတင်အေး (၃၁) လမ်း

ထုတ်ဝေသူ

ဦးအောင်ဇေယျ (မြို ဝ၆၀၁)
သပြေဦးစာပေ
၁၄၄၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်မတုပ်ကေ (မြို ဝ၃၆၅၆)
မြရည်စန္ဒာပုံနှိပ်တိုက်
၃၂၊ ၁၀၁ လမ်း၊ မဂ်လာတောင်ညွန့်၊

ဖြန့်ချိရေး

ပညာအလင်းပြစာပေတိုက်
၁၃၀၊ ဗိုလ်ချုပ်လမ်း (၄၈)လမ်းထိပ်၊
ပုဇွန်တောင်စာတိုက်၊ ရန်ကုန်မြို့။

တတိယအကြိမ် ပြင်ဆင်ရိုက်နှိပ်ခြင်း

၁၈၂၅

ဤရှေးဦးသင် အဘိဓမ္မာ ကျမ်းစာကို ၁၃၁၁ ခု၊ (၁၉၄၉) ခုနှစ်တွင် စဘင် ရေးသားခဲ့၍၊ ၁၃၁၃ ခု၊ (၁၉၅၂) ခုနှစ် တွင်သာ အပြီးသတ်ခဲ့ပေသည်။ သို့ရာတွင် စာအုပ် အဖြစ်ဖြင့်ကား ၁၃၁၄ ခုနှစ်သို့ ရောက်မှသာလျှင် ပြည့်စုံစွာ အကောင်အထည် ပေါ်လာပေသည်။

ဤရှေးဦးသင် အဘိဓမ္မာ ဒုတိယတွဲတွင် ပကိဏ်းပိုင်းနှင့် ဝီထိပိုင်းတို့ကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ စာသား အဓိပ္ပာယ်များကို မူရင်းခံ၍ ချဲထွင် ရေးသားထားသည့်ပြင်၊ စာမေးပွဲ ခေတ်နှင့် လျော်ညီအောင် ပေါ်လွင်သော အဓိပ္ပာယ်များဖြင့် တန်ဆာဆင်လျက်၊ နက်နဲလှသော, ခက်ခဲလှသော "ဝီထိ" ကဲ့သို့ အဓိပ္ပာယ်မျိုးတို့၌ ထင်ရှား ပေါ်လွင်အောင် တီထွင်၍ ဥပမာ, ယုတ္တိ, သာဓက, ပုံစံ အဝဝတို့ဖြင့် ပြည့်နက်စေလျက်၊ ယခုတဖန် လိုအပ်သည်ကိုဖြည့်စွက်၊ ပိုသည်ကို ပယ်ဖျက်ပြီးလျှင် ထပ်မံ ပြင်ဆင်၍ ထုတ်ဝေလိုက်ပါသတည်း။

အောင်သိမ်း

တတိယအကြိမ်

ပဏာမနှင့် ပဋိညာ

၁။ နယသာဂရ မေ္မာဘိ၊
မေ္မဒေသက နာယကော။
ဉာဏသာဂရ ဉာဏာဘိ၊
ဉာဏဝေဒက နုတ္တရော။
၂။ အာဘိမေ္မိက ဗုဒ္ဓေါစ၊
မေ္မောတေန သုဒေသိတော။
မေ္မဋ္ဌော အရိ ယာတဿ၊
ဣမေ လောကေ သုပါကဋ္ဌာ။ ။
၃။ ဝန္ဒိတ္ဝာ တာဒိသံဗုဒ္ဓံ
မေ္မဉ္စာရိယ စံသိယံ။
ဘာသိဿံ "အဘိမေတ္ထံ၊
မူလသိက္ခ" သုဗုဒ္ဓိယာ။ ။

၁။ နက်နဲဆန်းကြယ် နည်းပေါင်း အသွယ်သွယ်တို့ဖြင့်၊ မကုန်နိုင် မခန်းနိုင်သောကြောင့် "နယသာဂရ" ခေါ်ဆိုရသော မေ္မတို့ထက် လွန်ကဲထူးမြတ် အဘိမေ္မပရမတ်ကိုဆတ်ဆတ်ဟောကြား, သတ္တဝါများ၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူသော, စက်သံသရာ အဏ္ဏဝါနှင့် နည်းနာမေ္မ သာဂရကို ကျွန်သိတတ် သဗ္ဗညုတ ရှေဉာဏ်တော်မြတ်ဖြင့် မေ္မလုံးစုံ အဖုံဖုံကို အကုန်သိတတ်, မြတ်ထက်မြက် ဖြစ်တော်မူသော အဘိမေ္မသခင် ဘုရားရှင်သည်လည်းကောင်း။

တတိယအကြိမ်

ပဏာမနှင့်ပဋိညာ

၂။ ထိုဘုရားရှင်သည် ကောင်းစွာ ဟောကြားအပ်သော ခက်ခဲ နက်နဲလှသည့် ဓမ္မသည်လည်းကောင်း, ထိုဘုရားရှင်၏ တရားဋ္ဌတည်ကုန်သော အရိယာနွယ်ဝင် သူတော်စင်တို့သည်လည်းကောင်း ကျိသုံးပါးတို့သည် ကမ္ဘာလောကကြီး၌ အလွန်ထင်ရှားကြပေကုန်၏။

၃။ ထိုဆိုအပ်ခဲ့ပြီး ခိုင်ဖြိုးထင်ပေါ် ရှင်တော်ဘုရား တရားဓမ္မ, အရိယာနွယ်ဝင် သူတော်စင်တို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပြီးကာ "ရှေးဦးသင် အဘိဓမ္မာ" ဤ ကျမ်းစာကို ကျေငှင်းသားသူငယ် လူမမည်တို့ သိလွယ်စိမ့်ငှာ ရေးသားပါအံ့သတည်း။ ။

မှီရာဖြစ်သော ကျမ်းစာများ

၁။ အဋ္ဌသာလိနီ အဋ္ဌကထာ။

၂။ ၎င်းမူလဋီကာ။

၃။ ပရမတ္ထ သရူပဘေဒနီ(မဟာဝိသုဒ္ဓရာမဆရာတော်)။

၄။ ပရမတ္ထဒီပနီ (လယ်တီဆရာတော်)။

၅။ အဘိဓမ္မတ္ထ သရူပဒီပက (မြို့ပြင်ကြီးဆရာတော်)။



တတိယအကြိမ်

ရှေးဦးသင်အာဘိဓမ္မာ

ဒုတိယပိုင်း-မာတိကာ

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
	ပကိဏ်းပိုင်း			
၁။	နာမ်သဘာဝမှ ဥပဒါဒဖြစ်လာပုံ	....	....	၂
၂။	ဝေဒနာသင်္ဂဟ	....	....	၆
	အကုသိုလ်စိတ်ဝေဒနာခွဲ	....	....	၈
	အဟိတ်စိတ်ဝေဒနာခွဲ	....	....	၈
	ကာမသောဘာဏစိတ်ဝေဒနာခွဲ	....	....	၉
	မဟဂ္ဂုတ်စိတ် ဝေဒနာခွဲ	....	....	၁၀
	လောကုတ္တရာဝေဒနာခွဲ	....	....	၁၀
	ဝေဒနာခွဲအကျဉ်းချုပ်	....	....	၁၁
	ဖေတသိက်ဝေဒနာခွဲ	....	....	၁၃
၃။	ဟေတုသင်္ဂဟ	....	....	၁၄
	ဟိတ်အဓိပ္ပာယ်	....	....	၁၄
	မူလစာကိုယ်ဟိတ်သရုပ်ခွဲ	....	....	၁၅
	အကုသိုလ်ဟိတ်ခွဲ	....	....	၁၆
	အဟိတ်စိတ်ဟိတ်ခွဲ	....	....	၁၆
	သောဘဏစိတ်,ဟိတ်ခွဲ	....	....	၁၇
	ဖေတသိက်ဟိတ်ခွဲ	....	....	၁၈
၄။	ကိစ္စသင်္ဂဟ	....	....	၂၀
	အလုပ်ကိစ္စ ၁၄ မျိုး	....	....	၂၁
	အလုပ်ခုံ ၁၀ မျိုး	....	....	၂၂
	စိတ်ကို ကိစ္စဖြင့်ဝေဖန်ခြင်း	....	....	၂၄

တတိယအကြိမ်

ဦးစီးရုံ		စာမျက်နှာ
	အလုပ်ကိန္နဖြင့် စိတ်ကိုရေတွက်ခြင်း	၂၇
	စေတသိက်တို့၏ကိန္နများ	၂၉
၅။	ဒွါရသင်္ဂဟ	
	ဒွါရခြောက်ပါး	၃၀
	ဒွါရဖြင့် စိတ်ကိုဝေဖန်ခြင်း	၃၂
	ဒွါရဉ်ဖြစ်သော စိတ်ကိုရေတွက်ခြင်း	၃၅
	စေတသိက်ကို ဒွါရဖြင့်ဝေဖန်ခြင်း	၃၈
၆။	အာရုံသင်္ဂဟ	
	အာရုံအဓိပ္ပာယ်	၃၉
	အာရုံ ၆ ပါး	၄၀
	မှောရုံ ၆ မျိုး	၄၂
	စကိုယ်လာအာရုံပြ	၄၃
	စိတ်တို့၏အာရုံပြပုံများ	၄၅
	ကံအာရုံပြ	၅၀
	အနေကံအာရုံပြ	၅၁
	အာရုံပြအကျဉ်းဇယား	၅၃
၇။	ဝတ္ထုသင်္ဂဟ	
	ဝတ္ထုအဓိပ္ပာယ်	၅၅
	ဝတ္ထု ၆ ပါး	၅၆
	ဝတ္ထုရုပ် ၆ ပါးကို ဘုံဖြင့်ဝေဖန်ခြင်း....	၅၆
	စာကိုယ်လာဝတ္ထုနှဲ	၅၇
	စိတ်၏မှီရာဝတ္ထုကိုနှဲပြခြင်း	၅၈
	ဝိညာဏ် ၇ ပါး	၆၁
	ဝတ္ထု ၆ ပါး မှီမမှီအကျဉ်းချုပ်	၆၂
	စေတသိက်၏မှီရာဝတ္ထုရုပ်	၆၃
၈။	ပကိဏ်းပိုင်းအကျဉ်းချုပ်မှတ်ဖွယ်	၆၃

ဦးရေ ဝေမျှက်နှာ

ဝီထိပိုင်း

၉။ ဝီထိ, အဓိပ္ပာယ် ၆၇
၁၀။ ဝီထိပိုင်း အခြေခံအုတ်မြစ် ၆၇
၁၁။ ဝီထိ ၆ပါး အဓိပ္ပာယ် ၆၉
၁၂။ ဝိသယပ္ပဝတ္ထိအဓိပ္ပာယ် ၇၀
၁၃။ ဝီထိအမျိုးအစား ၇၃
၁၄။ ဝီထိအခြေခံဆက်စပ်ပုံ ၇၄
၁၅။ ဆက္က ၆ မျိုးအကျဉ်း ၇၆
၁၆။ ဝီထိဖြစ်ပုံ ၇၆
၁၇။ အကျယ်အားဖြင်ရှင်းလင်းချက် ၇၈
၁၈။ ဝီထိအကြောင်း ၈၄
၁၉။ မန္ဒ, အမန္ဒ, မဇ္ဈိမာယုက အဓိပ္ပာယ် ၈၆
၂၀။ အတိမဟန္တာရုံဝီထိဖြစ်ပုံ ၈၇
၂၁။ မဟန္တာရုံဝီထိဖြစ်ပုံ ၉၂
၂၂။ ပရိတ္တာရုံဝီထိဖြစ်ပုံ ၉၂
၂၃။ အတိပရိတ္တာရုံဝီထိဖြစ်ပုံ ၉၄
၂၄။ အကျယ်ရှင်းလင်းဖော်ပြချက် ၉၅
၂၅။ ဝိသယပ္ပဝတ္ထိဥပမာ ၉၈
၂၆။ ဝီထိဥပမာ ၁၀၀
၂၇။ မနောဒ္ဓါရဝီထိ ၁၀၃
၂၈။ ဝိဘူတာရုံဝီထိ ၁၀၄
၂၉။ အဝိဘူတာရုံဝီထိ ၁၀၅
၃၀။ တဒနုဝတ္တကမနောဒ္ဓါရဝီထိ ၁၀၆
၃၁။ မနောဒ္ဓါရဉ် ထင်ခြင်းအကြောင်းများ ၁၀၈

မာတိကာ

ဦးရေ		စာမျက်နှာ
၃၂။	အပွနာဇောဝါရ	၁၁၁
၃၃။	အပွနာအကြောင်း	၁၁၁
၃၄။	ဈာန်အပွနာ ဖြစ်ပေါ်လာပုံ	၁၁၄
၃၅။	အပွနာဝီထိအကြောင်း	၁၁၆
၃၆။	အပွနာဝီထိအမျိုးအစား	၁၁၈
၃၇။	ပစ္စဝေက္ခဏာဝီထိအမျိုးအစား	၁၁၉
၃၈။	သမာပဇ္ဇနဝီထိ	၁၂၀
၃၉။	မဂ္ဂဝီထိ	၁၂၂
၄၀။	မဂ္ဂပစ္စဝေက္ခဏာဝီထိ	၁၂၄
၄၁။	ဖလသမာပတ္တိဝီထိ	၁၂၈
၄၂။	အပွနာဝီထိပေါင်းချုပ်	၁၃၀
၄၃။	အပွနာဇော ဥပဒေ	၁၃၂
၄၄။	သဘောတူ အပွနာဇောပေါင်း	၁၃၄
၄၅။	ပုဂ္ဂိုလ်အားဖြင့်ခွဲခြင်း	၁၃၆
၄၆။	ကာမဇောနောက် အပွနာကျပုံ	၁၃၈
၄၇။	တဒါရမ္မဏမ-ဝိပါက်အာရုံ သတ်မှတ်ပုံ	၁၃၉
၄၈။	ဝိပါက်တဒါရုံဖြစ်ပုံ စည်းကမ်းဥပဒေ	၁၄၃
၄၉။	ဝိပါက်အမှန် ဇောအပြန်	၁၄၈
၅၀။	ဇဝနနိယမ	၁၅၁
၅၁။	ပုဂ္ဂလဘေဒ	၁၅၃
၅၂။	ဘူမိဝိဘာဂ (ဘုံဖြင့် ဝေဖန်ခြင်း)	၁၆၀
၅၃။	ဝီထိပိုင်း နိဂုံးစကား	၁၆၃

ရှေးဦးသင် အဘိဓမ္မာ

ပကိဏ်းပိုင်း

မူလ စာကိုယ် (၁,၂) ယှဉ်သင့်သည် အားလျော်စွာ ယှဉ်ကုန်သော, ၅၃ ပါးကုန်သော့, စိတ်-စေတသိက် တရား တို့ကို အောက် စိတ်ပိုင်း စေတသိက် ပိုင်း၌ ပြဆိုခဲ့ပြီး၍၊ ယခုအခါ ထိုစိတ်စေတသိက်သဘာဝတို့၏ စိတ္တုပ္ပါဒ်တို့ကိုထိုက်သည့် အားလျော်စွာ၊ ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထု အားဖြင့် ကွဲပြားခြင်းကို ပြဆိုပေအုံ။

အဓိပ္ပာယ် ၁,၂ ပကိဏ်းပိုင်း ဆိုသည်မှာ စိတ်, စေတသိက် သဘာဝတို့၏ စိတ္တုပ္ပါဒ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထု ၆ မျိုးတို့ဖြင့် ရေနှောပြိုးပြွမ်း၍ ပြသော အပိုင်းဖြစ်သည်။ စိတ်ပိုင်းဖြင့် စိတ်တမျိုး၏အကြောင်း, စေတသိက်ပိုင်းဖြင့် စေတသိက် တမျိုး၏ အကြောင်း, သက်သက်ကိုသာ ပြဆိုခဲ့သည်။ ဤပကိဏ်းပိုင်း၌ ကား၊ "နာမ်တေပညာသ" ခေါ် စိတ်စေတသိက် သဘာဝ ၂ မျိုးတို့၏ ဥပ္ပါဒစိတ်တို့ကို ဝေဒနာစသော အမည်အမျိုးမျိုးတို့ဖြင့် ဝေဖန်၍ ပြခြင်းဖြစ်သည်။ သို့ရာတွင် ဥပ္ပါဒဖြစ်သော စိတ်တမျိုးကိုသာ ဝေဖန်၍ ပြလေသည်။ စိတ်သဘာဝ သက်သက်ကို လည်းကောင်း, စေတသိက် ၅၂ ပါး သက်သက်ကို လည်းကောင်း, ဝေဖန်၍မပြပေ။

ဤ၌ ဥပဓါဒစိတ် ဆိုသည်မှာ၊ စိတ် စေတသိက် ၂ ပါး လုံးတို့၏ တဖေါင်းတည်း ဖြစ်ပေါ်သော အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်ဟူ၍ ၈၉ မျိုး၊ အကျယ် ၁၂၁ ဖြစ်သည်။

"နာမ်တေပညာသ" ဆိုသည်မှာ စိတ် ၁ ပါး၊ ၎စေတသိက် ၅၂ ပါးအားဖြင့် ၅၃ ပါးဖြစ်သည်။

ဥပဓါဒစိတ်သည် ၈၉ ပါး၊ အကျယ် ၁၂၁ ပါး ရှိသော်လည်း သဘာဝစိတ်သည် အာရုံကိုသိခြင်း၊ "အာရမ္မဏဝိဇာနနလက္ခဏာ" အားဖြင့် ၁ ပါးသာဖြစ်၏။ (၀၊) အာရုံကို သိမှုတခုသာဖြစ်၏။ ထို့ကြောင့် နာမ်သဘာဝ ရေတွက် ခေါ်ဝေါ်ချိန် ၁-ပါးသာ ရေတွက်ရလေ၏။

စေတသိက်မှာကား၊ ဖဿသည် တွေ့ထိမှု၊ "ဖုသနလက္ခဏာ"။ ဝေဒနာသည် ခံစားမှု "ဝေဒယိတလက္ခဏာ"။ သညာသည် မှတ်သားမှု "သဉ္ဇာနန လက္ခဏာ" စသော အားဖြင့် အသီးသီး ပင်ကိုမူလ ကိုယ်ပိုင်သတ္တိတို့သည် ၅၂ ပါးရှိသောကြောင့်၊ နာမ်သဘာဝ ရေတွက်ချိန် ၅၂ ပါး ရေတွက်ရလေသည်။ ထို့ကြောင့် နာမ်တရားသည် ၅၃ ပါး ရှိသည်။

လိုရင်းအဓိပ္ပာယ်မှာ၊ အာရုံ မှန်သမျှကို သိတတ်သော အခြေခံသဘာဝသည် ၅၃ မျိုးရှိသည်။ ထို ၅၃ မျိုးတို့သည် အသီးအသီး မိမိတို့၏ ကိုယ်ပိုင် ပင်ကိုသတ္တိ တခုတခုဖြင့် အာရုံများကို သိနိုင်ကြသည် မဟုတ်။ သဘော တူရာ တူရာ အချင်းချင်း ပေါင်းစပ်၍ တစုတစုအားဖြင့် ဖြစ်ပေါ် (ဥပဓါဒ

ဆောက်)မှသာ အာရုံ များကို သိနိုင်ကြလေသည်။ ဤကဲ့သို့ သဘောတူရာ အချင်းချင်း ပေါင်းစပ်၍ အာရုံကို သိမှုသည် ဂဓ ပါး၊ အကျယ် ၁၂၁ ပါးရှိလေသည်။ ၎င်းကိုပင် စိတ် ဂဓ ပါး၊ အကျယ် ၁၂၁ ဟု ခေါ်ဝေါ်နေကြခြင်း ဖြစ်ပေသည်။ ၎င်း အာရုံ သိမှု ဂဓ ပါး၊ အကျယ် ၁၂၁ ပါးသည်သာ ဘကယ်သဘာဝ ဖြစ်ပေါ် ဥပါဒ်သော ပရမတ်အစစ် ဖြစ်သည်။ သင်ကြားမှု ပရိယတ္တိအားဖြင့်သာ စိတ်ကဘခြား၊ စေတသိက်ကတခြားအနေမျိုး သင်ရပေသည်။ဘကယ်သဘာဝ အစစ် ဖြစ်မှုမှာ၊ အခြေခံ နာမ်ဓာတ် သဘာဝ ၅၃ တို့၏ တပြိုင်နက် ဖြစ်၊ချုပ်၊အာရုံတူ၊ မှီရာတူအားဖြင့် ပေါင်းစပ် ဖြစ်ပေါ်ခြင်းသာ ပဓာန ဖြစ်လေသည်။

ထို့သို့ အစုအစုအားဖြင့် ဥပါဒအဖြစ် ရောက်မှသာ အာရုံ မှန်သမျှကို သိလေသည်။ ထိုထိုအာရုံမှန်သမျှကို သိသဖြင့်သာ လောကဌ် ကိစ္စ အမျိုးမျိုး၊ ကံအမျိုးမျိုး စသည် မရေမတွက် နိုင်အောင် ဖြစ်ပေါ်လာလေသည်။

ဥပမာ- က ခ ဂ ဃ င စသော အက္ခရာ ၄၁-လုံးတို့သည် အက္ခရာ—တလုံးစီဖြင့် ဘာမျှ အဓိပ္ပာယ်မရှိ။ ပေါင်းစပ်သုံက်၍ ပုဒ်ဝါကျဖြစ်သောအခါမှသာ အဓိပ္ပာယ်ရှိလေသည်။ ထို့အတူ နာမ် သဘာဝဓာတ် ၅၃ ပါးတို့သည် တလုံးစီ သူ့သဘာဝ အဘိုင်းဖြစ်သောအခါ အာရုံကိုဘာမျှမသိကာတ်၊ ပေါင်းစပ် လိုက်၍ ဥပါဒအဖြစ် ရောက်လာသောအခါမှသာ အာရုံကို သိဘာတ်လေသည်။ ဆိုအာရုံကို သိသော နာမ် သဘာဝ အပေါင်းသည်(ဝါ)စုပေါင်း၍ အာရုံကိုသိကြသော အမျိုး အစားသည် အဘယ်မျှရှိသနည်းဆိုလျှင်၊ (စိတ် ဂဓ ခေါ်နေ

ကြသော)၈၉ မျိုး ရှိလေသည်။ ထိုကြောင့် မူလစာကိုယ်၌၊ ရှင်အနုရုဒ္ဓာ ဆရာသည် "စိတ္တုပ္ပါဒ ဝသေနေဝ" ဥပ္ပါဒ ဖြစ်သော စိတ် ၈၉ ဖြင့်သာလျှင်၊ ဤပကိဏ်းပိုင်း၌ဝေဒနာ, ဟိတ်, ကိစ္စ, ဒ္ဓါရ, အာရုံ, ဝတ္ထု, တို့ကို ရေးသားဝေဖန်အံ့ ဟု ဆိုလိုပေသည်။ စိတ်သဘာဝ၊ စေတသိက်သဘာဝ၊ ပေါင်း သဘာဝ ၅၃ မျိုးတို့ဖြင့် ဝေဖန်၍ပြမည်မဟုတ်။ ထိုသဘာဝ ၅၃ ပါးတို့၏ ဥပ္ပါဒ အဖြစ်သို့ ရောက်လာသော အာရုံမှန် သမျှကို သိတတ်သော စိတ် ၈၉ မျိုးတို့ ဖြင့်သာ ဤပကိဏ်း ပိုင်းကို ဝေဖန်၍ ပြမည်ဟူလို။ ။

[ဤနေရာ၌ စကားစပ်လျှင်း၍ စိတ္တုပ္ပါဒ ဝသေနေဝ ဆိုသောပုဒ်ကို ဖွင့်ကြပုံကို အနည်းငယ် ပြလို ပေသည်။ "စိတ္တုပ္ပါဒ ဝသေနေဝါတိ စိတ္တဝသေနေဝ နိယျတေ" ဟု ဖွင့်ပြရာ၌ ဥပ္ပါဒကို မဖွင့်ပဲထားသဖြင့်၊စိတ္တနှင့် ဥပ္ပါဒ အရ တူ၍ စိတ်တပါးသာရ၏ဟု ဆိုလိုရင်းအာဘော် ရှိကြသည်။ ထိုကြောင့် စိတ္တမေဝ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါဟု ဝိဂ္ဂိုဟ်ပြု ကြသည်။ အထက် ဝီထိပိုင်း။ စိတ္တုပ္ပါဒါန မိစ္စေဝံ၌ "စိတ္တုပ္ပါဒ"ကိုကား၊ စိတ္တအရ စိတ်ကိုယူ၍၊ ဥပ္ပါဒ အရ စေတသိက်ကို ယူပြီးလျှင်၊ စိတ္တံဥ္ဥဥပ္ပါဒေါစ စိတ္တုပ္ပါဒေါ-ဟု ဝိဂ္ဂိုဟ်ပြုကြသည်။ ထိုကဲ့သို့ စိတ္တုပ္ပါဒ-ပုဒ် တခုတည်း ကိုပင် အမျိုးမျိုးယူဆကြခြင်းသည် ကျမ်းဆရာ၏ အာဘော် ကျမည် မထင်။ အမှန်မှာ စိတ္တုပ္ပါဒနေရာ ၂ မျိုးလုံးမှာပင် "ဥပ္ပါဒ အဖြစ် ရောက်သောစိတ်" ကို ယူရမည် ဖြစ်၏။ စိတ္တ—စိတ် (တမျိုးသာရ၏) စိတ္တုပ္ပါဒ—ဥပ္ပါဒဖြစ်သော-စိတ် (စိတ်နှင့်

စေတသိက် ၂-မျိုး ပေါင်းစပ် ဖြစ်ပေါ်လာသော တကယ့် ဥပဓိစိတ်) တကယ့် ဥပဓိစိတ်မှာ စိတ်နှင့် ဖြစ်ထိုက်သော စေတသိက်များ၏ အစု အဝေး နာမ်တရား ဖြစ်သည်။ ယခု ဤပကိဏ်းပိုင်း, ဝီထိပိုင်းတို့၌ကား၊ သဘာဝစိတ်, စေတသိက် တို့ကိုပြသော အပိုင်းမဟုတ်။ ထိုနာမ် သဘာဝ ၅၃ တို့၏ သဘာဝ အခြေအနေမှ အာရုံဝတ္ထု အကြောင်းတို့ကြောင့် ဥပဓိအဖြစ်သို့(ဝါ) ဖြစ်, ချုပ်, အားဖြင့် ဖြစ်ပေါ်ခြင်းသို့ ရောက်သော စိတ်ပြဋ္ဌာန်းသော အသိ ဂဓ မျိုးကို ပြသော အပိုင်းအခန်း ဖြစ်ပေသည်။ ထို့ကြောင့် ဥပဓိစိတ္တကို ယူမှု ကျမ်းဆရာအာဘော်ကျလိမ့်မည်ထင်သည်။]

ဤပကိဏ်းပိုင်း၌

၁။ ဝေဒနာသင်္ဂဟ၊
၂။ ဟေတုသင်္ဂဟ၊
၃။ ကိစ္စသင်္ဂဟ၊
၄။ ဒွါရသင်္ဂဟ၊
၅။ အာရမ္မဏသင်္ဂဟ၊
၆။ ဝတ္ထုသင်္ဂဟ ဟူ၍ ၆ မျိုးရှိသည်။

* * *

မူလ စာကိုယ် (၃) ထိုပဏိဏ်းပိုင်း၌ သင်္ဂဟ ၆ မျိုးတို့တွင် ဝေဒနာ သင်္ဂဟ၌ ဝေဒနာတို့သည်၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာဟူ၍ ၃ ပါးရှိကုန်၏။

တနည်း။ ။သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာ ဝေဒနာဟူ၍ ၅ ပါးရှိကုန်၏။

ဝေဒနာသင်္ဂ

အဓိပ္ပာယ် (၃) ဤ၌ လိုရင်းသိရန်မှာ၊ အာရုံကို ခံစားတတ်သော ဝေဒနာတို့သည်-

၁။ ချမ်းသာစွာ ခံစားခြင်း သုခဝေဒနာ။

၂။ ဆင်းရဲနာကျင် ခံစားခြင်း ဒုက္ခဝေဒနာ။

၃။ မဆင်းရဲ မချမ်းသာ ခံစားခြင်း အဒုက္ခ မသုခဝေဒနာဟူ၍ ခံစားခြင်းအားဖြင့် ၃ မျိုးကွဲပြားကြကုန်၏။

တနည်း--

၁။ ချမ်းသာစွာ ခံစားခြင်း သုခဝေဒနာ။

၂။ ဆင်းရဲနာကျင်ခံစားခြင်း ဒုက္ခဝေဒနာ။

၃။ ဝမ်းမြောက် ဝမ်းသာ ခံစားခြင်း သောမနဿဝေဒနာ။

၄။ ဝမ်းနည်းစိတ်ညစ်ခံစားခြင်းဒေါမနဿဝေဒနာ။

၅။ ဝမ်းမမြောက်၊ ဝမ်းမနည်း အလယ်အလတ် ခံစားခြင်း ဥပေက္ခာဝေဒနာ။

ဟူ၍ အုပ်စိုးခြင်း အားဖြင့် (၀၊) အစိုးရခြင်း အားဖြင့် ၀၊ မျိုးကွဲပြားကြကုန်၏။

တတိယအကြိမ်

မူလ စာကိုယ် ထိုဝေဒနာ ၅ ပါးတို့တွင်သုဝေဒနာနှင့်အတူတကွ
(၄) ဖြစ်သော စိတ်သည် အဟိတ်ကုသလဝိပါက်၊ကာယ
ဝိညာဏ်စိတ် တပါးသာဖြစ်၏။
(၅) ထိုနည်းတူ ဒုက္ခဝေဒနာနှင့် အတူတကွဖြစ်သောစိတ်
သည်လည်း အဟိတ် အကုသလ ဝိပါက်၊ ကာယ
ဝိညာဏ်စိတ် တပါးသာဖြစ်၏။
(၆) သောမနဿဝေဒနာနှင့်အတူတကွဖြစ်သော စိတ်တို့
သည်ကား၊ လောဘမူစိတ်မှာသောမနဿစိတ် ၄ပါး
အဟိတ်စိတ်မှ သောဝနဿ သန္တီရဏ, ဟသိ
တုပ္ပါဒ် ၂ပါး၊ကာမာဝစရစိတ်မှ သောမနဿ
ဇောဘ် ၁၂ ပါး၊ မဟဂ္ဂုတ်လောကုတ္တရာမှ ပထမဈာန်
စိတ် ၁၁ ပါး၊ ဒုတိယဈာန်စိတ် ၁၁ ပါး၊ တတိယ
ဈာန်စိတ် ၁၁ ပါး၊ စတုတ္ထဈာန်စိတ် ၁၁ ပါး၊ ဤသို့
အားဖြင့် ၆၂ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။
(၇) ဒေါမနဿဝေဒနာနှင့် အတူတကွဖြစ်သော စိတ်တို့
သည် ဒေါသမူစိတ် ၂ ပါးတို့ဖြစ်ကုန်၏။
(၈) ဥပက္ခာဝေဒနာနှင့် အတူဘက္ခဖြစ်သော စိတ်တို့
သည်ကား၊ ဒိဋ္ဌဆက်ဆိုခဲ့ပြီးသော စိတ်များမှ ကြွင်း
ကုန်ကုန်သော ၅၅ ပါးသော စိတ်တို့ဖြစ်ကုန်၏။

အဓိပ္ပာယ် (၈) အဆက် ဆိုခဲ့ပြီးသော စိတ်များမှ ကြွင်းသော
စိတ်ဟူသည်၊ လောဘမူဥပေက္ခာ ၄၊ မောဟ
မူစိတ် ၂၊ အဟိတ်စိတ်မှ ၁၈၊ ကာမသော
ဘက ဥပေက္ခာ ၁၂၊ ပဉ္စမစျာန် ၂၃၊ ဒိဋ္ဌဆက်ဖြင့် ဥပေက္ခာစိတ်
ပေါင်း ၅၅ ပါးဖြစ်သည်။

[စိတ်ပိုင်း၌ပြခဲ့သောစိတ်ခေါင်းစဉ်အတိုင်းတနည်းပြဦးအံ့]

အကုသိုလ်စိတ် ၁၂ မျိုးတို့တွင်

၁။ လောဘမူစိတ်။ ။၈ မျိုးတို့တွင်၊သောမနဿုစိတ်တွဲပြုပ်ဒ် ၄ မျိုးသည် သောမနဿ ဝေဒနာ၊ ဥပေက္ခာစိတ် ၄ မျိုးသည် ဥပေက္ခာ ဝေဒနာ။

၂။ ဒေါသမူစိတ်။ ။၂ မျိုးတို့သည် ဒေါမဿုဝေဒနာ။

၃။ မောဟမူစိတ်။ ။၂ မျိုးတို့သည် ဥပေက္ခာ ဝေဒနာ။

ဤကား အကုသိုလ်စိတ် ၁၂ ပါးကို၊ ဝေဒနာအားဖြင့် ဝေဖန်ခြင်းတည်း။

အဟိတ်စိတ် ၁၈ မျိုးတို့တွင်

(က) မြင်သိ,စက္ခု၊ ဝိညာဏ်စိတ် ၂ မျိုးသည် ဥပေက္ခာ ဝေဒနာ။

(ခ) ကြားသိ,သောတ ဝိညာဏ်စိတ် ၂ မျိုးတို့သည် ဥပေက္ခာဝေဒနာ။

(ဂ) နံသိ,ဃာနဝိညာဏ်စိတ် ၂ မျိုးတို့သည် ဥပေက္ခာ ဝေဒနာ။

(ဃ) လျှက်သိ,ဇိဝှါဝိညာဏ်စိတ် ၂ မျိုးတို့သည် ဥပေက္ခာ ဝေဒနာ။

(င) ၁။ တွေ့ထိသိ, ကာယဝိညာဏ်စိတ် သည် နှစ်သက်ဖွယ်အာရုံကို သုခဝေဒနာ။

၂။ တွေ့ထိသိ,ကာယဝိညာဏ်စိတ်သည် မနှစ်သက်ဖွယ် အာရုံကို ဒုက္ခဝေဒနာ။

(စ) အာရုံကို လက်ခံသိမ်းပိုက်သောအားဖြင့် သိသော သမ္ပဋိစ္ဆန်း စိတ် ၂-မျိုးသည် ဥပေက္ခာဝေဒနာ။

(ဆ) အာရုံကို စူးစမ်းဆင်ခြင်သောအားဖြင့် သိသော သန္တီရဏ စိတ်သည် အနိဋ္ဌာရုံ (မနှစ်သက်ဖွယ် အာရုံ) ဖြစ်အံ့၊ ဥပေက္ခာဝေဒနာ။ ဣဋ္ဌာရုံ (နှစ်သက်ဖွယ်အာရုံ) ဖြစ်အံ့ သောမနဿဝေဒနာ။ ဣဋ္ဌမဇ္ဈတ္တ (အလယ် အလတ် အာရုံ) ဖြစ်အံ့၊ ဥပေက္ခာ ဝေဒနာ။ ထို့ကြောင့် သန္တီရဏစိတ် ၃ မျိုးကဲ့ပြားသည်။

(ဇ) ငါးဒွာရ၌ ထင်လာမြင်လာသော အာရုံငါးပါးကို ဆင်ခြင်တတ်သော -- "ပဥ္စဒွာရာဝဇ္ဇန်း" စိတ်နှင့် မနောဒွာရ၌ ထင်မြင်လာသော အာရုံ ၆ ပါးကို ဆင်ခြင်တတ်သော "မနောဒွာရာဝဇ္ဇန်း" စိတ်တို့သည် ဥပေက္ခာဝေဒနာ။

(စျ) ဘုရားရဟန္တာများ ပြုံးရယ်သော "ဟသိတုပ္ပာဒ်" စိတ်သည် သောမနဿ ဝေဒနာ။

ဤကား အဟိတ်စိတ် ၁၀ မျိုးကို ဝေဒနာ ၅ မျိုးဖြင့် ဝေဖန်ခြင်းတည်း။

ကာမဇသောဘာကာစိတ် ၂၄ ပါးတို့တွင်

သောမနဿ ကုသိုလ်စိတ် ၄။ ဝိပါက်စိတ် ၄။ ကြိယာစိတ် ၄ ပါး။ ပေါင်း ၁၂ ပါးသော စိတ်တို့သည် သောမနဿဝေဒနာ။

တတိယအကြိမ်

ဥပေက္ခာ ကုသိုလ်စိတ် ၄။ ဝိပါက်စိတ် ၄။ ကြိယာစိတ် ၄ပါး။ ပေါင်း ၁၂ ပါးသောစိတ်တို့သည် ဝေဒနာ။

ဤကား ကာမ သောဘဏ စိတ် ၂၄ မျိုးကို ဝေဒနာအားဖြင့် ဝေဖန်ခြင်းတည်း။

မဟဂ္ဂုတ်စိတ် ၂၇ ပါးတို့တွင်

(က) ပထမစျာန်ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါ။
(ခ) ဒုတိယစျာန်ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါး။
(ဂ) တတိယစျာန်ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါ။
(ဃ) စတုတ္ထစျာန်ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါး။ ပေါင်း ၁၂ ပါးသောစိတ်တို့သည်၊ သောမနဿ ဝေဒနာ။
(င) ပဥမစျာန်ကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါး၊ ပဥ္စမစျာန်နှင့်တူသော အရူပစိတ် ၁၂ ပါး၊ ပေါင်း ၁၅ ပါးသော စိတ်တို့သည် ဥပေက္ခာဝေဒနာ။

ဤကား မဟဂ္ဂုတ်စိတ် ၂၇ ကို ဝေဒနာအားဖြင့် ဝေဖန်ခြင်းတည်း။

လောကုတ္တရာစိတ် ၈ ပါးတို့တွင်

လောကုတ္တရာစိတ် ၈။ ။ဝင်း လောကုတ္တရာစိတ် ရှစ်ပါး စစ်စစ် သက်သက်၌ ဝေဒနာ မပြဋ္ဌာန်းသဖြင့် မည်သည့်ဝေဒနာမျှဖြင့် မခံစားဟု ဆိုရပေလိမ့်မည်။ သို့ရာတွင် ယှဉ်ဘက်ဝေဒနာကား မကင်းပေ။ လောက်စျာန် ၅ ပါးနှင့် ယှဉ်တွဲသော၊ လောကုတ္တရာစိတ်သည်သာ စျာန်နှင့်ယှဉ်သည့်

မူလဒွာကိုယ် (၁၀) သုခဒဝဒနာသည် လည်းကောင်း၊ ဒုက္ခဒဝဒနာသည် လည်းကောင်း တခုသောစိတ်ဌာ ဖြစ်၏။ ဒေါမနဿဒဝဒနာသည် ၂ ခုသောစိတ်ဌာဖြစ်၏၊ သောမနဿဒဝဒနာသည် ၆၂ ပါးသော စိတ်တို့ဌာဖြစ်၏၊ဥပေက္ခာဝဒနာသည် ၅၅ ပါးသော စိတ်ဟိုဌာဖြစ်၏။

အတွက်၊ ဝေဒနာ ခံစားမှု ရှိရပေမည်၊ ဤသဉ္ဇာဟ် ကျမ်းဆရာ ရှင် အနုရုဒ္ဓာ ထေရ်သည်လည်း လောကုတ္တရာစိတ် သက်သက်ကို ဝေဒနာဖြင့်ဝေဖန်၍ မပြခဲ့ပေ။

လောကီစျာန်နှင့် ယှဉ်သော လောကုတ္တရာစိတ် ၄၀ ကို ဝေဒနာဖြင့်ခွဲဝေခဲ့သော်၊ပဌမစျာန်၊ဒုတိယစျာန်၊တတိယစျာန်၊ စတုတ္ထစျာန်၊လောကုတ္တရာစိတ် ၃၂ ပါးတို့သည် သောမနဿဝေဒနာ။ ပဉ္စမစျာန် လောကုတ္တရာစိတ် ၈ ပါးသည် ဥပေက္ခာဝေဒနာ။

ဤကား လောကုတ္တရာစိတ်ကို ဝေဒနာဖြင့် ဝေဖန်ခြင်းတည်း။

အဓိပ္ပာယ် (၁၀) အသီးသီး ခံစားသော စိတ်တို့ကို အကျဉ်းချုပ်၍ ပေါင်းသော် သုခဒဝဒနာဖြင့် ခံစားသောစိတ်သည်၊ သုခသဟဂုတ်ကာယဝိညာဏ်စိတ် ၁ ပါးသာဖြစ်သည်။

ဒုက္ခဝေဒနာဖြင့် ခံစားသော စိတ်သည်၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် ၁ ပါးသာဖြစ်သည်။

ဒေါမနဿဝေဒနာဖြင့် ခံစားသော စိတ်သည်၊ ဒေါသမူစိတ် ၂ ပါးဖြစ်သည်။

တတိယဆက်ဒ်

ဝိဂ္ဂါဟ

သောမနဿဝေဒနာဖြင့် ခံစားသော စိတ်တို့သည် အောက်ပါအတိုင်း ၆၂ ပါး ဖြစ်ကုန်သည်။

လောဘမူစိတ်မှ သောမနဿစိတ်	....	၄
သောမနဿ သန္တီရဏစိတ်	....	၁
သောမနဿ ဟသိတုပ္ပာဒစိတ်	....	၁
ကာမသောဘဏ သောမနဿစိတ်	....	၁၂
ပဿမ, ဒုတိယ, တတိယ, စတုတ္ထစျာန်, မဟဂ္ဂုတ်လောကုတ္တရာစိတ်	....	၄၄
ပေါင်း	....	၆၂

ဥပေက္ခာဝေဒနာဖြင့် ခံစားသော စိတ်တို့သည် အောက်ပါအတိုင်း ၅၅ ပါး ဖြစ်ကုန်သည်။

လောဘမူစိတ်မှ ဥပေက္ခာစိတ်	....	၄
မောဟမူစိတ်မှ ဥပေက္ခာစိတ်	....	၂
အဟိတ်စိတ်မှ ဥပေက္ခာစိတ်	....	၁၄
ကာမသောဘဏ ဥပေက္ခာစိတ်	....	၁၂
ပဉ္စမစျာန်မဟဂ္ဂုတ်လောကုတ္တရာစိတ်		၂၃
ပေါင်း	....	၅၅

"စိတ္တုပ္ပာဒဝသေနေဝ" ဆိုသော သင်္ဂြိုဟ် ကျမ်းဆရာ၏ ပဋိညာဉ်ဝန်ခံ စကားအတိုင်း အာရုံအာရမ္မဏီက အဖြစ်ဖြင့် ဥပ္ပာဒအဖြစ်သို့ ရောက်သောစိတ် ၈၉၊ အကျယ် ၁၂၁ ပါး တို့ကို ဝေဒနာအားဖြင့် ဝေဖန်ခြင်းဖြင့် စေတသိက်များပါဝင် ပြီးဖြစ်သော်လည်း၊ အဘိဓမ္မာ ဉာဏ်ကစားလိုသူတို့အတွက် တကယ်တမ်း အာရုံအာရမ္မဏီက အဖြစ်ဖြင့် ဥပ္ပာဒအဖြစ်သို့

ရောက်သော နာမ်တရား၌ အနေမဟုတ်ပဲ စေတသိက်သဘာဝ အဲ့နေအားဖြင့် စေတသိက် ၅၂ ပါးကို ဝေဒနာအားဖြင့် ဝေဖန်သော်၊

ဝေဒနာတပါးနှင့် ယှဉ်သော စေတသိက်မှာ ၆ ပါးရှိ၏။

ဒေါသ–ဣဿာ မစ္ဆရိယ ကုက္ကုစ္စ စေတသိက်တို့သည် ဒေါမနဿဝေဒနာ ၁ ပါးနှင့် ယှဉ်ကုန်၏။ ဝိစိကိစ္ဆာ စေတသိက်သည် ဥပေက္ခာဝေဒနာ ၁ ပါးနှင့်ယှဉ်၏။ ပိတိုဒေတသိက်သည်–သောမနဿ ဝေဒနာ ၁ ပါးနှင့် ယှဉ်၏။

ဝေဒနာ ၂ ပါးနှင့်ယှဉ်သော စေတသိက်မှာ ၂၀ ပါး ရှိ၏။

လောဘ, ဒိဋ္ဌိ, မာန, ၃ ပါး၊ သောဘဏစေတသိက် ၂၅ ပါး၊ ပေါင်း ၂၀ ပါးသော စေတသိက်တို့သည် သောမနဿ ဥပေက္ခာဝေဒနာ ၂ ပါးနှင့် ယှဉ်ကုန်၏။

ဝေဒနာသုံးပါးနှင့် ယှဉ်သော စေတသိက်မှာ ၁၁ ပါးရှိ၏။

ဝိဘက္က, ဝိစာရ, အဓိမောက္ခ, ဆန္ဒ, ဝီရိယ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, အားဖြင့် ၁၁ ပါးသော စေတသိက်တို့သည် သောမနဿ, ဒေါမနဿ, ဥပေက္ခာဝေဒနာ ၃ ပါးနှင့် ယှဉ်ကုန်၏။

ဝေဒနာ ၅ပါးနှင့် ယှဉ်သော စေတသိက်မှာ ၆ ပါးရှိသည်။

ဝေဒနာကို ချန်ထား၍ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၆ ပါးတို့သည် ဝေဒနာ ၅ ပါးလုံးနှင့် ယှဉ်ကုန်၏။

ဝေဒနာနှင့် မယှဉ်သော စေတသိက်မှာ ဝေဒနာပင် ဖြစ်၏။

မူလ စာကိုယ် (၁၁) ဟေတုသင်္ဂဟဋ္ဌိဟိတ်တို့မည်သည် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ, ဟူ၍ ၆ ပါး အပြားရှိကုန်၏။

ထို့ကြောင့်....

* ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏၊ နှစ်မှာငွေဝီ၊ သုံးလီဆယ့်တစ်၊ ငါးဖြစ် ခြောက်ခု၊ မ တခု၊ ပေါင်းစုငါးဆယ့်နှစ်။

(ဝိသုဒ္ဓာရုံလက်ာ)။

ဝေဒနာသင်္ဂဟပြီးပြီ။



ဟေတုသင်္ဂဟ

အဓိပ္ပာယ် (၁၁) ဟိတ် ဆိုသည်မှာ ပင်ရင်းမူလ အကြောင်းဖြစ်၏။ ဥပမာ သစ်ပင်၏ ရေသောက်မြစ်နှင့်တူ၏။ ရေသောက်မြစ်ကြောင့် သစ်ပင်သည် ကြီးပွားဖြစ်ထွန်းရ၏။ ထို့အတူ သစ်မြစ်နှင့်တူသော ဟိတ်တရား ၆ ပါးကြောင့် ကောင်းကျိုး မကောင်းကျိုး, ကြီးပွားဖြစ်ထွန်းရလေသည်။ထိုကြောင့် ထိုဟိတ်တရား ၆ ပါးတွင် လောဘ, ဒေါသ, မောဟ, သုံးပါးတို့သည် မကောင်းကျိုးကို ကြီးပွားဖြစ်ထွန်းစေသော အကုသိုလ်ဟိတ်မည်ကုန်၏။ အလောဘ, အဒေါသ, အမောဟ, ဟိတ်သုံးပါးတို့သည် ကောင်းကျိုးကို ကြီးပွား ဖြစ်ထွန်းစေသော ကုသိုလ်ဟိတ်မည်ကုန်၏။ ၎င်း အလောဘ, အဒေါသ, အမောဟ, ဟိတ်သုံးပါးတို့သည်ပင်၊ အဗျာကတ မည်သော အကျိုးဝိပါက်စိတ်, ပြုကာမျှ အကျိုး

နှလစောကိုယ် ထိုတွင်ပန္ထဒွါရာဝဇ္ဇန်း, ဒွေးပန္ထဝိညာဏ် ၁၀၊ သမ္ဗ
(၁၂) ဋ္ဌိဆန်း ဒွေး၊ သန္တီရဏ ၃ ခု၊ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်အားဖြင့် ၁၈ ပါးသောစိတ်တို့သည် အဟိတ်စိတ်မည်ကုန်၏။

(၁၃) ကြင်းကျန်ကုန်သော အားလုံးကုန်သော ၇၁ ပါးကုန်သော စိတ်တို့သည် သဟိတ်စိတ် မည်ကုန်၏။

(၁၄) ထို ၇၁ပါးသော သဟိတ်စိတ်တို့တွင်လည်း မောဟမူစိတ် ၂ ပါးတို့သည် ဟိတ်တပါးသာ ရှိကုန်၏။ (မောဟဟိတ် ၁ ပါးရှိ၏)။

(၁၅) ကျန် အကုသိလ်စိတ် ၁၀၊ ဉာဏ ဝိပ္ပယုတ် ကာမာဝစရ သောဘဏစိတ် ၁၂၊ ပေါင်း ၂၂ ပါးသော စိတ်တို့သည် ဟိတ် ၂ ပါးတို့ရှိကုန်၏။
[လောဘစိတ်သည် လောဘ, မောဟ ဟိတ် ၂ပါး။
ဒေါသ စိတ်သည် ဒေါသ, မောဟ ဟိတ် ၂ ပါး။
ကာမသောဘဏ ဉာဏ ဝိပ္ပယုတ် ၁၂ ပါးတို့သည် အလောဘ, အဒေါသ ဟိတ် ၂ ပါးရှိကုန်၏။]

(၁၆) ဉာဏသမ္ပယုတ် ကာမာဝစရ သောဘဏ စိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာစိတ် ၈ပါး၊ ပေါင်း ၄၇ ပါးသော စိတ်တို့သည် ဟိတ် ၃ ပါးရှိကုန်၏။

(၁၇) ဒလောဘ, ဒေါသ, မောဟ အကုသိလ် ဟိတ် ၃ ပါး။
အဒလောဘ, အဒေါသ, အမောဟ ကုသိုလ် ဟိတ် ၃ ပါး။

မဖြစ်ခပါသော ကြိယာစိတ်တဲ့၌လည်း ပါဝင် သည်ဖြစ်၍ အဗျာကတဟိတ်ဟူ၍လည်း ခေါ်ဝေါ်အပ်ကုန်၏။

စနည်း။ ။စိတ်ပိုင်းခွဲပြခဲ့သော စိတ်ခေါင်းစဉ်အတိုင်း ဝေဖန်၍ ပြဦးအံ့။

အကုသိုလ်စိတ်—၁၂။

လောဘမူစိတ် ၈ ပါးသည်၊ လောဘ, မောဟဟိတ် ၂ ပါး ပါဝင် သဖြင့်၊ ဒုံ ဟိတ် စိတ် ဖြစ်သည်။ ဝါ မကောင်းကျိုး ကြီးပွား ဖြစ်ထွန်း စည်ပင်နိုင်သော ရဂသောက်မြစ် ၂ ခုရှိသော စိတ် ဖြစ်၏။

ဒေါသမူစိတ် ၂ ပါးသည်၊ ဒေါသ, မောဟဟိတ် ၂ ပါး ပါဝင် သဖြင့် ဒုံ ဟိတ် စိတ် ဖြစ်သည်။ ဝါ မကောင်းကျိုး ကြီးပွား ဖြစ်ထွန်း စည်ပင်နိုင်သော ရဂသောက်မြစ် ၂ ခုရှိသော စိတ် ဖြစ်၏။

မောဟမူစိတ် ၂ ပါးသည်၊ မောဟဟိတ် ၁ ပါး ပါဝင် သဖြင့် ဧကဟိတ်စိတ် ဖြစ်သည်။ ဝါ မကောင်းကျိုး ကြီးပွား ဖြစ်ထွန်း စည်ပင် နိုင်သော ရဂသောက်မြစ်တခုရှိသော စိတ်ဖြစ်၏။

အဟိတ်စိတ်—၁၈။

အဟိတ်စိတ် ၁၈ ပါးသည်၊ ဟိတ် ၆ ပါးမှ ကင်းသဖြင့် ဝါ ဟိတ် ၆ ပါးမရှိသဖြင့် အဟိတ်စိတ်ဖြစ်သည်။စိတ်ပိုင်းခွဲပင်ငှင်းစိတ် ၁၈ ပါးကို ဟိတ် ၆ ပါးမရှိသဖြင့်၊အဟိတ်စိတ်ဟုခေါ်ဝေါ်ရကြောင်း ပြခဲ့ပြီးပြီ။ ထိုဟိတ် ၆ ပါးမရှိသဖြင့် ကောင်းကျိုး,မကောင်းကျိုးပေးနိုင်သော မျိုးစေ့သတ္တိမရှိ။ရဂသောက်

မြစ် မပါသော သစ်ပင်သည် မကြီးပွားနိုင်သကဲ့သို့ ကောင်းကျိုး, မကောင်းကျိုးကို မဖြစ်စေနိုင်ပေ။ ထို့ကြောင့် ''အကျိုးဖြစ်မြောက်ထမြောက်အောင် အကြောင်းမဖြစ်ခဲသောစိတ်'' ဟု ဟိတ် ၆ ပါး မရှိခြင်းကိုပင်အစဲပြု၍ အောက်စိတ်ပိုင်း၌ပြခဲ့ပြီ။ လိုရင်းမှာ ကြီးပွားဖြစ်ထွန်း စည်ပင်နိုင်သော ရေသောက်မြစ် မရှိသော စိတ်များသည် အဟိတ်စိတ်များဖြစ်၏ ဟူလို။ ။

◈◈

ကာမသောဘကစိတ် - ၂၄

ကာမသောဘက ဉာက ဝိပ္ပယုတ်စိတ် ၁၂ ပါးသည်၊ အလောဘ, အဒေါသ, ဟိတ် ၂ ပါး ပါဝင်သဖြင့် ဒ္ဝိဟိတ်စိတ်ဖြစ်သည်။ ဝါ ကောင်းကျိုးကြီးပွားဖြစ်ထွန်း စည်ပင်နိုင်သော ရေသောက်မြစ် ၂ ခုရှိသော စိတ်ဖြစ်သည်။

ကာမသောဘက ဉာကသမ္မယုတ် စိတ် ၁၂ ပါးသည်၊ အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါး ပါဝင်သဖြင့် တိဟိတ်စိတ်ဖြစ်သည်။ ဝါ ကောင်းကျိုးကို ကြီးပွား ဖြစ်ထွန်း စည်ပင်နိုင်သော ရေသောက်မြစ် ၃ ခုရှိသော စိတ်များဖြစ်သည်။

◈◈

ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ လောကုတ္တရာစိတ် ၈၊ ပေါင်း ၃၅ ပါသော စိတ်တို့သည် အလောဘ, အဒေါသ, အမောဟ, ဟိတ် ၃ ပါးပါဝင်သဖြင့် တိဟိတ်စိတ်မည်ကုန်၏။ ဝါ ကောင်းကျိုးကို ကြီးပွား ဖြစ်ထွန်း စည်ပင်နိုင် သော ရေသောက်မြစ် ၃ ခုရှိသော စိတ်များဖြစ်သည်။

◈◈

မူလစာကိုယ် အဟိတ်စိတ် ၁၈ ပါး၊ ကေဟိတ်စိတ် ၂၀ပါး၊ ဒွိ
(၁၈) ဟိတ် စိတ် ၂၂ပါး၊ တိဟိတ်စိတ် ၎၇ ပါးဖြစ်ကုန်
၏။

အဓိပ္ပာယ် စိတ် ၈၉ ကို ဟိတ် ၆ပါးတို့ဖြင့် အသီးအသီး
(၁၈) ဝေဖန်ပိုင်းခြားပြီး ပေါင်းစု၍ရေတွက်သော်၊
ဟိတ် ၆ ပါး လုံးဝမရှိသော အဟိတ်စိတ် .... ၁၈ မျိုး။
ဟိတ် ၁ ပါးရှိသော ကေဟိတ်စိတ် .... ၂ မျိုး။
ဟိတ် ၂ ပါးရှိသော ဒွိဟိတ်စိတ် .... ၂၂ မျိုး။
ဟိတ် ၃ ပါးရှိသော တိဟိတ်စိတ် .... ၎၇ မျိုး။
ပေါင်းစိတ် ၈၉ ပါးဖြစ်သည်။

အဟိတ်စိတ် ၁၈ ပါး၊ သဟိတ်စိတ် ၇၁ ပါး၊ ဤသို့ဥပဒါန
ဖြစ်သော စိတ် ၈၉ ပါးတို့ကို ဟိတ် ၆ပါးဖြင့် ဝေဖန်ပိုင်းခြား
ခြင်းကား ပြီး,ပြည့်စုံလေပြီ။

သဘာဝမှ ဥပဒါဒသို့ ရောက်သော စိတ် ၈၉ ပါးစေါ်
အာရုံသိ နာမ်တရားစု၏ ဟိတ် ၆ ပါးပါဝင်မှု မပါဝင်မှုကို
ပြုပြီး၍ စေတသိက် ၅၂ သဘာဝ၏ ဟိတ် ၆ ပါး ယှဉ်တွဲ
ပါဝင်မှု၊ မပါဝင်မှုကို အာဘိဓမ္မာဉာဏ် ပွားစေရန် ပြဦးမည်။
သို့ရာတွင် ကျောင်းသားများအတွက်ကား မလိုလှပေ။

စေတသိက်—၂၅တွင်

(က) လောဘ ဒေါသ ဝိစိကိစ္ဆာ စေတသိက် ၃ ပါးသည်
မောဟ ဟိတ် တပါးနှင့်သာ ယှဉ်သောကြောင့်
ကေဟိတ်စေတသိက် မည်ကုန်၏။

(ခ) (၁) မောဟ (လောဘ ဒေါသ ၂ ပါးနှင့်) (၂,၃)
ဒိဋ္ဌိ မာန (လောဘ မောဟ ၂ ပါးနှင့်) (၄,၅,၆)
ဣဿာမစ္ဆရိယ ကုက္ကုစ္စ (ဒေါသ မောဟ ၂ ပါးနှင့်)
(၇) အလောဘ (အဒေါသ အမောဟ ၂ ပါးနှင့်)
(၈) အဒေါသ (အလောဘ အမောဟ ၂ ပါးနှင့်)
(၉) အမောဟ (အလောဘ အဒေါသ ၂ ပါးနှင့်)
ဤစေတသိက် ၉ ပါးသည် ဟိတ် ၂ ပါးနှင့်ယှဉ်သော ကြောင့် ဒွိဟိတ်စေတသိက်မည်ကုန်၏။

(ဂ) အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန မိဒ္ဓ (လောဘ, ဒေါသ, မောဟ ဟိတ် ၃ ပါးနှင့်) ဟိတ်တရားကိုယ် ၃ ပါးကြဉ်သော သောဘဏ စေတသိက် ၂၂ ပါး၊ ပေါင်း ၂၇ ပါးသော စေတသိက်တို့သည် ဟိတ် ၃ ပါးနှင့် (အလောဘ, အဒေါသ,အမောဟ ဟိတ် ၄ ပါးနှင့်)ယှဉ်သောကြောင့် တိဟိတ်စေတသိက် မည်ကုန်၏။

အမှာ။ ။လက်သည်းကွင်းပါသော စကားများကို မဖတ်ပါနှင့်။ လက်သည်းကွင်းမှာ ဟိတ် သရုပ်ကို ဖော်ပြခြင်းသာ ဖြစ်ပါသည်။

(ဃ) ပီတိ စေတသိက် ၁ ပါးသည် ဒေါသ ဟိတ်မှ ဘပါး ဟိတ် ၅ ပါးနှင့်ယှဉ်သောကြောင့် ပဉ္စဟိတ်စေတသိက် မည်၏။

တတိယအကြိမ်

မူလစာကိုယ် (၁၉) ကိစ္စသင်္ကာဟ၌ ကိစ္စတို့မည်သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆနကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌဗ္ဗနကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စ, အားဖြင့် ၁၄ ပါး ရှိကုန်၏။

---

(၄) ပီတိကြွင်သော အညသမာန်း စေတသိက် ၁၂ ပါး တို့သည် ဟိတ် ၆ ပါးလုံးနှင့် ယှဉ်သော ကြောင့် ဆဟိတ် စေတသိက်တို့မည်ကုန်၏။

ပေါင်း စေတသိက် ၅၂ ဖြစ်၏။

ထို့ကြောင့်....

*သူးကေဟိတ်၊ ဒွ်ဟိတ်ကိုးလိ၊ သတ္တဒိတိဟိတ်၊ ပဋ္ဌဟိတ်တစ်၊ ဆယ့်နှစ်ဆဟိတ်၊ ဒွေးပညိတ်၊ နီမိတ်ထင်မျှကြီး။ (ဝိသုဒ္ဓါရုံလက်ဝဲ)

ဟောတုသင်္ကာဟ ပြီးပြီ။

◈◈

ကိစ္စသင်္ကာဟ

အဝိပွာယ် (၁၉) ကိစ္စ ဆိုသည်မှာ လူတိုင်း သိနားလည်ထား သော "အလုပ်ကိစ္စ" ပင် ဖြစ်သည်။ ဘယ်သူ တို့၏ အလုပ်ကိစ္စနည်း၊ နာမ်တရား ၅၃ ပါး တို့၏ ပတ္တုဒ္ဒေသရုံ အကြောင်းညီညွတ်သဖြင့် ဥပ္ပါဒ အဖြစ် ရောက်လာသော နာမ်တရားစု ၁၉ မျိုး။ ဝါ၊ ဧတ် ၁၉ ပါး ကို၏ အလုပ်ကိစ္စဖြစ်သည်။

ဆက်၍ပြဦးမည်။ လောက၌ မည်သည့်အလုပ်မဆို၊ လုပ်ကိုင်သောသူ, လုပ်ငန်း, လုပ်ရာဌာန, ၃ မျိုး ရှိရပေသည်။ ဤနည်းတူ–ဤ၌လည်း၊

(၁) လုပ်ကိုင်တတ်သော နာမ်တရားစု ၈၉ ပါး၊

(၂) လုပ်ငန်း လုပ်ရမည့် အမျိုးအစား ၁၄ မျိုး၊

(၃) လုပ်ရာဌာန၊ ၀၊ အလုပ်ရုံ ၁၀ မျိုး၊

ရှိပေသည်။ဤအခြေခံ ၃ မျိုးကို သိထားရမည်။

ထိုတွင် နံပါတ် ၁ လုပ်ကိုင်တတ်သော နာမ်တရားစု ၈၉ ပါးမှာ ၊အောက်စိတ်, စေတသိက်အပိုင်းတို့၌ ပြခဲ့ပြီ။

၂ လုပ်ငန်းအလုပ်ကိစ္စ ၁၄ မျိုး

၁။ ပဋိသန္ဓေကိစ္စ (ဘဝ ၂ ရပ်ကို ဆက်စပ်သော ၀၊ပဋိသန္ဓေနေသော အလုပ်ကိစ္စ)၊

၂။ ဘဝင်ကိစ္စ (ဘဝဖြစ်စဉ် မပြတ်ရအောင် ဖြစ်သော အကြောင်း အစိတ်အပိုင်းအလုပ်ကိစ္စ ၊

၃။ အာဝဇ္ဇန်းကိစ္စ (အာရုံများကို စိတ်အစဉ် ပြောင်းလဲစေသောအားဖြင့် ဆင်ခြင်သောအလုပ်ကိစ္စ)၊

၄။ ဒဿနကိစ္စ (ရူပါရုံအဆင်းဓာတ်ကို မြင်သောအလုပ်ကိစ္စ)၊

၅။ သဝနကိစ္စ (သဒ္ဒါရုံ အသံဓာတ်ကိုကြာ သော အလုပ်ကိစ္စ)၊

၆။ ဃာယနကိစ္စ (ဂန္ဓာရုံ အနံ့ဓာတ်ကို နံသော အလုပ်ကိစ္စ)၊

သာသနာရေး

တတိယအကြိမ် စာကြည်

၁၈၆၂၅ ကမ္ဘာ

၇။ သာယနကိစ္စ (ရသာရုံ အရသာဓာတ်ကို လျက်သော အလုပ်ကိစ္စ)၊

၈။ ဖုသနကိစ္စ (ဖောဋ္ဌဗ္ဗာရုံ အတွေ့ဓာတ်ကို တွေ့ထိသော အလုပ်ကိစ္စ)၊

အဟုန်ရှိသော စိတ်၏ဖြစ်မှုအလုပ်ကိစ္စ)

၉။ သမ္ပဋိစ္ဆန်းကိစ္စ (အာရုံမျှားကို လက်ခံသိမ်းပိုက်သော အလုပ်ကိစ္စ)၊

၁၀။ သန္တီရဏကိစ္စ (ဒါရုံမျှားကို စူးစမ်းဆင်ခြင်သော အလုပ်ကိစ္စ)၊

၁၁။ ဝုဋ္ဌဗ္ဗောကိစ္စ (အာရုံမျှားကို ပိုင်းခြား မှတ်သားသော အလုပ်ကိစ္စ)၊

၁၂။ ဇောကိစ္စ (အဟုန်ပြင်းထန်စွာ ဝါ၊ ပြင်းထန်သော အဟုန်ရှိသော စိတ်၏ဖြစ်မှု အလုပ်ကိစ္စ)၊

၁၃။ တဒါရုံကိစ္စ (ထိုဇော၏အာရုံကို နောက်လိုက်၍, ထပ်၍ဖြစ်သော အလုပ်ကိစ္စ)၊

၁၄။ စုတိကိစ္စ (ဖြစ်ဆဲဘဝမှ ရွှေ့လျောပြတ်ကြွသော အလုပ်ကိစ္စ)၊

ဤကား အလုပ်ကိစ္စ ၁၄ မျိုးတည်း။

လုပ်ရာဌာန အလုပ်ရုံ ၁၀ မျိုး

၁။ ပဋိသန္ဓေဌာန၊ ပဋိသန္ဓေကံစ္စ အလုပ်လုပ်သောနေရာ။ (ဂုဏ်းမှာ လွန်ခဲ့သော ဘဝ၏ သေခြင်း ကိစ္စနှင့် ယခုဘဝ၏ ဘဝင်ကိစ္စ ၂ ခုတို့၏ အကြားဌာန ဖြစ်သည်)။

၂။ ဘဝင်ဌာန၊ ဘဝင် ကိစ္စ အလုပ် လုပ်သော နေရာ။ (ဌင်းမှာ ပဋိသန္ဓေခနခြင်းကိစ္စနှင့် အာဝဇ္ဇန်းကိစ္စ ၂ ခုတို့၏အကြောင်း ဖြစ်သည်)။

၃။ အာဝဇ္ဇန်းဌာန၊ အာဝဇ္ဇန်းကိစ္စအလုပ်လုပ်သောနေရာ။ (ဌင်းမှာ ဘဝင်ကိစ္စနှင့် ပဉ္စဝိညာဏ်တို့၏ ဒဿနစသော ကိစ္စ ၂ ခုတို့၏ အကြောင်းဖြစ်သည်။)

၄။ ပဉ္စဝိညာဏ်ဌာန၊ ဒဿန စသော ကိစ္စတို့၏ အလုပ် လုပ်သောခနရာ။ (ဌင်းမှာ အာဝဇ္ဇန်းကိစ္စနှင့် သမ္ပဋိစ္ဆန်းကိစ္စ ၂ ခုတို့၏ အကြောင်း ဖြစ်သည်)။

၅။ သမ္ပဋိစ္ဆန်းဌာန၊ သမ္ပဋိစ္ဆန်းကိစ္စ အလုပ် လုပ်သော နေရာ။ (ဌင်းမှာ ပဉ္စဝိညာဏ်၏ ဒဿနစသော ကိစ္စနှင့် သန္တီရဏကိစ္စ ၂ ခုတို့၏အကြောင်း ဖြစ်သည်)။

၆။ သန္တီရဏဌာန၊ သန္တီရဏ ကိစ္စ အလုပ် လုပ်သော နေရာ။ (ဌင်းမှာ သမ္ပဋိစ္ဆန်းကိစ္စနှင့် ဝုဋ္ဌေ ကိစ္စတို့၏အကြောင်းဖြစ်သည်)။

၇။ ဝုဋ္ဌေဌာန၊ ဝုဋ္ဌေ ကိစ္စ အလုပ်လုပ်သော နေရာ။ (ဌင်းမှာ သန္တီရဏ ကိစ္စနှင့် ဇောကိစ္စ တို့၏ အကြောင်း ဖြစ်သည်)။

၈။ ဇောဌာန၊ ဇော ကိစ္စ အလုပ်လုပ်သောနေရာ။ (ဌင်းမှာ ဝုဋ္ဌေကိစ္စနှင့် တဒါရုံကိစ္စ အကြောင်း ဖြစ်သည်)။

၉။ တဒါရုံဌာန၊ တဒါရုံကိစ္စ အလုပ်လုပ်သော နေရာ။ (ဌင်းမှာ ဇောကိစ္စနှင့် ဟဝင်ကိစ္စတို့၏ အကြောင်း ဖြစ်သည်)။

မူလစာကိုယ် ထိုကိစ္စ သင်္ဂဟ၌ ဥပေက္ခာ သန္တီရဏစိတ် ၂ ပါး၊
(၂၁) မဟာဝိပါက်စိတ် ၈ ပါး၊ ရူပဝိပါက် ၅ ပါး၊အရူပ
ဝိပါက် ၄ ပါး၊ ပေါင်း ၁၉ ပါးသော စိတ်တို့သည်
ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ ရှိကြကုန်၏။
(၂၂) ပဉ္စဒွါရာဝဇ္ဇန်း,မနောဒွါရာဝဇ္ဇန်းစိတ် ၂ပါးတို့သည်
အဝဇ္ဇန်း ကိစ္စရှိကြကုန်၏။
(၂၃) စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စရှိ၏။
သောတဝိညာဏ်ဒွေးသည် သဝနကိစ္စရှိ၏။
ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စရှိ၏။
ဇိဝှါဝိညာဏ်ဒွေးသည် သာယနကိစ္စရှိ၏။
ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စရှိသည်။
(၂၄) သန္တီရဏစိတ် ၃ ပါ သည် သန္တီရဏကိစ္စရှိ၏။
(၂၅) စက္ခုစသော ဒွါရဝါးပါး၌ဖြစ်သောအခါ မနောဒွါရာ
ဝဇ္ဇန်းသည်ဝေါဋ္ဌဗ္ဗနကိစ္စရှိ၏။ (စုဋ္ဌောကိစ္စဟူလို)။
(၂၆) အာဝဇ္ဇန်းဒွေးကြိုသော ကုသိုလ်,အကုသိုလ်,ဖိုလ်
ကြိယာစိတ် ၅၅ ပါးတို့သည် ဇောကိစ္စရှိကုန်၏။
(၂၇) မဟာဝိပါက်စိတ် ၈၊ သန္တီရဏ ၃ ခု၊ ပေါင်း ၁၁
ပါးသောစိတ်တို့သည် တဒါရုံကိစ္စ ရှိကုန်၏။

၁၀။ စုတိဌာန၊ စုတိကိစ္စ အလုပ် လုပ်သော နေရာ။
(ရင်းမှာ တဒါရုံကိစ္စနှင့် ပဋိသန္ဓေကိစ္စ ၂ ခုတို့၏
အကြောင်းဖြစ်သည်)။

နာမ်တဘဝ ၅၃ ပါးတို့၏ အကြောင်း ညီညွတ် သဖြင့်
ဥပ္ပါဒအဖြစ် ရောက်သော နာမ်တရားစု ၈၉ ပါး၊ ဝါ စိတ်
၈၉ တို့၏ အလုပ်ကိစ္စများကို ဝေဖန်ပိုင်းခြားသည်ရှိသော်—

စိတ်အဝိုင်းဦးပြုသော စိတ်အစဉ်အတိုင်း ပြုပေးခဲ့မည်။

(က) အကုသိုလ်စိတ် ၁၂ ပါးတို့သည်၊ ဇောကိစ္စ၊ ဇော အလုပ်ဖြင့် လုပ်ကြသည်။

အဟိတ်စိတ် ၁၈–ပါး

(ခ) ၁။ စက္ခုဝိညာဏ်စိတ် ၂ ပါးသည် ဒဿန (မြင်ခြင်း) ကိစ္စဖြင့်

၂။ သောတဝိညာဏ် စိတ် ၂ ပါးသည်၊ သဝန (ကြားခြင်း) ကိစ္စဖြင့်

၃။ ဃာနဝိညာဏ် စိတ် ၂ ပါးသည်၊ ဃာယန (နံခြင်း) ကိစ္စဖြင့်

၄။ ဇိဝှါဝိညာဏ်စိတ် ၂ ပါးသည်၊ သာယန (လျက်ခြင်း) ကိစ္စဖြင့်

၅။ ကာယဝိညာဏ်စိတ် ၂ ပါးသည်၊ ဖုသန (တွေ့ထိခြင်း) ကိစ္စဖြင့် အသီးသီး အလုပ် လုပ်ကြကုန်၏။

၆။ သမ္ပဋိစ္ဆန်း စိတ် ၂ ပါးသည်၊ သမ္ပဋိစ္ဆန (လက်ခံသိမ်းပိုက်ခြင်း) ကိစ္စဖြင့်

၇။ သန္တီရဏစိတ် ၃ ပါးသည်၊ သန္တီရဏ(စုံစမ်းခြင်း) ကိစ္စဖြင့် အလုပ် လုပ်ကြသည်။

ဤသမ္ပဋိစ္ဆန်း စိတ်နှင့် သန္တီရဏ စိတ်တို့သည် ကိစ္စအားဖြင့် နာမည်ခပ်းထားသော စိတ်များ ဖြစ်ကြ၍၊ အောက်စိတ်ပိုင်း၌ သမ္ပဋိစ္ဆန်းစိတ်၊ သန္တီရဏစိတ်ဟူ ဧခေါဧဝေါပညတ်ခဲ့လေသည်။

ထိုသန္ဓိရဏစိတ် ၃ ပါးသည်(ဇောနှင့်ဘဝင်တို့အကြား၌) တဒါရုံ (ထိုဇော၏ အာရုံ နောက်လိုက်) ကိစ္စဖြင့်လည်း အလုပ်လုပ်ကြသည်။

ထိုသန္ဓိရဏ စိတ် ၃ ပါးအနက်၊ ဥပေက္ခာ သန္ဓိရဏ စိတ် ၂ ပါးသည်၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ဖြင့်လည်း အလုပ်လုပ်သည်။

၈။ ပဥ္စဒ္ဝါရာဝဇ္ဇန်းစိတ် မနောဒ္ဝါရာဝဇ္ဇန်းစိတ် ၂ ပါးသည်၊ အာဝဇ္ဇနကိစ္စဖြင့် အလုပ် လုပ်ကြသည်။

၉။ မနောဒ္ဝါရာဝဇ္ဇန်းစိတ်သည်ကား၊ အာဝဇ္ဇန်းကိစ္စဖြင့်သာ မဟုတ်၊ ပဥ္စဒ္ဝါရဋ္ဌ (သန္ဓိရဏနှင့် ဇော ကိစ္စတို့၏ အကြားဌာနဋ္ဌ) ဝုဋ္ဌဗ္ဗာကိစ္စဖြင့်လည်း အလုပ်လုပ်လေသည်။

၁၀။ ဟသိတုပ္ပါဒ်စိတ်သည် ဇောကိစ္စဖြင့် အလုပ်လုပ်သည်။ ။အဟိတ်စိတ်ပြီး၏။

(၈) ကာမသောဘာဏ-ကုသိုလ်စိတ် ၈ ပါးသည်၊ ဇော ကိစ္စဖြင့် အလုပ်လုပ်သည်။

ကာမသောဘာဏ ဝိပါက် ၈ ပါးသည် ပဋိသန္ဓေ ကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ အားဖြင့် ကိစ္စ ၄ မျိုးတို့ဖြင့် အလုပ် လုပ်သည်။

ကာမသောဘာဏ ကြိယာစိတ် ၈ ပါးသည်၊ ဇော ကိစ္စဖြင့် အလုပ်လုပ်သည်။

(ဃ) ရူပကုသိုလ်စိတ် ၅ ပါးသည်၊ဇောကိစ္စဖြင့် အလုပ် လုပ်သည်။

ရူပဝိပါက်စိတ် ၅ ပါးသည်၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ အားဖြင့် ကိစ္စ ၃ မျိုးဖြင့် အလုပ်လုပ်သည်။ ရူပကြိယာစိတ် ၅ ပါးသည်၊ ဇောကိစ္စဖြင့် အလုပ်လုပ်သည်။

(ဂ) အရူပကုသိုလ်စိတ် ၄ ပါးသည်၊ ဇောကိစ္စဖြင့် အလုပ်လုပ်သည်။

အရူပဝိပါက်စိတ် ၄ ပါးသည်၊ ပဋိသန္ဓေ ဘဝင် စုတိအားဖြင့် ကိစ္စ ၃ မျိုးဖြင့် အလုပ်လုပ်သည်။

အရူပ ကြိယာစိတ် ၄ ပါးသည်၊ ဇောကိစ္စဖြင့် အလုပ် လုပ်သည်။

(ဃ) လောကုတ္တရာစိတ် ၈ ပါးသည်၊ ဇောကိစ္စဖြင့် အလုပ်လုပ်သည်။

ဤကား စိတ် ၈၉ ကို ကိစ္စအားဖြင့် ဝေဖန် ပိုင်းခြား ခြင်းတည်း။

အလုပ်ကိစ္စကို ဦးတည်ပြု၍ တမျိုးပြဦးအံ့။

၁။ ပဋိသန္ဓေကိစ္စဖြင့် အလုပ်လုပ်သောစိတ်ပေါင်း ၁၉ ပါး
၂။ ဘဝင်ကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၁၉ ပါး
၃။ အာဝဇ္ဇန်းကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၂ ပါး
၄။ ဒဿနကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၂ ပါး
၅။ သဝနကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၂ ပါး
၆။ ဃာယနကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၂ ပါး
၇။ သာယနကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၂ ပါး
၈။ ဖုသနကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၂ ပါး

၉။ သမ္မဋ္ဌိဆန်းကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၂ ပါး
၁၀။ သန္ဓိရဏကိစ္စဖြင့် အလုပ်လုပ်သောစိတ်ပေါင်း ၃ ပါး
၁၁။ ဝုဋ္ဌေါကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၁ ပါး
၁၂။ ဇောကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၅၅ ပါး
၁၃။ တဒါရုံကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၁၁ ပါး
၁၄။ စုတိကိစ္စဖြင့် အလုပ်လုပ်သော စိတ်ပေါင်း ၁၉ ပါး

ထိုတွင် ဟကိစ္စစီဖြင့်သော အလုပ်လုပ်သော စိတ်ပေါင်းမှာ ဇောကိစ္စစိတ်ပေါင်း ၅၅ နှင့် ဒွေးပဉ္စဝိညာဏ် ၁၀၊ ပဉ္စဒွာရာဝဇ္ဇန်း ၁၊ သမ္ပဋ္ဌိဆန်းစိတ် ၂၊ ပေါင်း ၆၈ ပါးသော စိတ်တို့သည် ဟကိစ္စစီအား ဖြင့် အလုပ်လုပ်ကြသည်။

နှစ်ကိစ္စဖြင့် အလုပ် လုပ်သော စိတ်မှာ၊ သောမနဿ သန္ဓိရဏစိတ် ၁ ဖြစ်သည်။ ၎င်းသည် သန္ဓိရဏ တဒါရုံ နှစ်ကိစ္စ အလုပ်လုပ်သည်။

သုံးကိစ္စဖြင့် အလုပ်လုပ်သော စိတ်မှာ၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉ ဖြစ်သည်။ ၎င်းသည် ပဋိသန္ဓေ ဘဝင် စုတိ ၃ ကိစ္စဖြင့် အလုပ်လုပ်သည်။

ခုနစ်ကိစ္စဖြင့် အလုပ်လုပ်သော စိတ်မှာ မဟာဝိပါက်စိတ် ၈ ပါးဖြစ်သည်။ ၎င်းသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ ၄ ကိစ္စဖြင့် အလုပ်လုပ်သည်။

ငါးကိစ္စဖြင့် အလုပ် လုပ်သော စိတ်မှာ၊ ဥပေက္ခာ သန္ဓိရဏစိတ် ၂ ပါးဖြစ်သည်။ ၎င်းသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ သန္ဓိရဏ၊ ဟသိတုပ္ပါဒ် ၅ ကိစ္စတို့ဖြင့် အလုပ်လုပ်သည်။

စိတ် ၁ ပါးသည် ၅ ကိစ္စလောက်ပို၍ မလုပ်နိုင်။ အများဆုံး

လုပ်သော စိတ်သည်၊ အလုပ်ကိစ္စ ငါးမျိုးသာ လုပ်နိုင်၏။ ဤကား သရုပ်ကျပုဉ်ပန်းနှန် အမျိုးမျိုးပြခြင်းတည်း။

ဤနေရာ၌ အဘိဓမ္မာဥာဏ် ရင့်သန်ခစရန် စေတသိက်တို့၏ ကိစ္စများကို ပြဦးအံ့။

(က) တကိစ္စဖြစ်သော စေတသိက်များမှာ ၁၇ ပါးတည်း။
အကုသိုလ်စိတ် စေတသိက် ၁၄ ပါး
ဝိရတီ စေတသိက် ၃ ပါး } ၁၇ပါး။

(ခ) လေးကိစ္စ ဖြစ်သော စေတသိက်များမှာ အပြမညာ ၂ ပါးတည်း။

(ဂ) ငါးကိစ္စဖြစ်သော စေတသိက်များမှာ ၂၁ ပါးတည်း။
သောဘဏ စေတသိက် ၂၀ (ဝိရတီ အပြမညာ ၅ ပါးကြဉ်) ဆန္ဒစေတသိက် ၁
ပေါင်း ၂၁ ပါး။

(ဃ) ခြောက်ကိစ္စဖြစ်သော စေတသိက်မှာ၊ ပီတိ ၂ပါးသာ။

(င) ခုနစ်ကိစ္စဖြစ်သောစေတသိက်များမှာ၊ဝိရိယ ၁ပါးသာ၊

(စ) ကိုးကိစ္စဖြစ်သော စေတသိက်များမှာ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ၃ ပါးတည်း။

(ဆ) တဆယ့်လေးကိစ္စလုံးဖြစ်သော စေတသိက်များမှာ၊သဗ္ဗ စိတ္တသာဓာရဏ စေတသိက် ၇ ပါးတည်း။
ပေါင်းစေတသိက် ၅၂ ပါး။

ထိုကြောင့်

တကိစ္စဖြစ်၊ ဆယ့်ခုနစ်ဟူသည်း၊ လေးဖြစ်နှစ်ပါး ငါးကိစ်၊ ခြောက်လိမ့်မာ တစ်၊ ခုနှစ်လည်း ထစ်ပင်

မူလစာကိုယ် (၃၆) ဒွါရသင်္ဂဟ၌ ဒွါရတို့သည်၊ စက္ခုဒွါရ, သောတဒွါရ ဃာနဒွါရ, ဇိဝှဒွါရ, ကာယဒွါရ, မနောဒွါရ, ဟူ၍ ၆ ပါးရှိကုန်၏။

ကိုးဖြစ်ကားတေ။ ဆယ့်လေးခွန်ရပ်၊ ကိစ္စတပ်သည် ပေါင်းအစ်ဒွိပညာသတည်း။ (ဝိသုဒ္ဓါရုံလက်ာ)

ကိစ္စသင်္ဂဟပြီးပြီ။



ဒွါရသင်္ဂဟ

အဝိပ္ပာယ် (၃၆) ဒွါရဟူသည် တံခါးပေါက်ဖြစ်သည်။ တံခါးပေါက်တို့၏ ဓမ္မတာမှာ အတွင်းလူတို့၏ ထွက်ရာ၊ အပြင်လူတို့၏ ဝင်ရာဖြစ်သည်။ ဤ အတူ ဤဒွါရ ၆ ပါးသည်လည်း အတွင်းသန္တာန် နာမ်တရားတို့၏ ထွက်ရာ အပြင်အာရုံ ၆ ပါးတို့၏ ဝင်ရာဖြစ်၍ တံခါးနှင့် တူသောကြောင့် ဒွါရဟုခေါ်ရသည်။

ထိုဒွါရ ၆ ပါးမှာ

၁။ စက္ခုဒွါရ-မျက်စိအလယ်၌ ရှိသော သူငယ်အိမ်ခေါ် အကြည်ဓာတ်။

၂။ သောတဒွါရ-နားအတွင်း၌ ရှိသော လက်စွပ်ကွင်း သဏ္ဌာန် ခွေရစ်ကာပေါက်လျက်ရှိသောအမွေးနု။

၃။ ဃာနဒွါရ-နှာခေါင်းအတွင်း၌ရှိသော ဆိတ်ခွာကဲ့သို့သော အသားနု။

၄။ ဇိဝှါဒွါရ-လျှာ၏ (ကြာရွက်ပြတ်ကဲ့သို့သော) ရှေ့ပိုင်းလျှာ။

တတိယအကြိမ်

၅။ ကာယဒုဒ္ဓါရ- ခန္ဓာကိုယ် တကိုယ်လုံး၌ စွတ်စိုသော နေရာမျှား။

၆။ မနောဒုဒ္ဓါရ-အောက်ကိစ္စ သင်္ဂဟ၌ ပြခဲ့သော ဘဝင် စိတ် ၁၉ ပါး။

ထိုတွင် စက္ခုဒ္ဒါရ စသော ၅ ပါးသည် ရုပ်ဒွါရဖြစ်၏။ မနောဒွါရသည်ကား နာမ်ဒွါရဖြစ်၏။

ထို"ဒွါရ ၆ ပေါက်မှ အတွင်းနာမ်တရားတို့သည် ထွက်၍ အပြင်အာရုံ တို့သည် ဝင်လာကြသည်" ဆိုရာ၌၊ ပရမတ်တို့ သဘောမှာ ဝင်သည် ထွက်သည် စင်စစ် မရှိသော်လည်း အကြောင်း အာရုံနှင့် ဝတ္ထုတို့၏ ပေါင်းဆုံ တိုက်ခိုက်မိခြင်း ကြောင့် ဖြစ်ပေါ်လာသော နာမ်သဘာပတို့၏ ဥပဒါဒအဖြစ်သို့ ရောက်ခြင်းကိုပင် လောကပမာ အားဖြင့် ပေါ်လွင် ထင်ရှား စေရန် ဝင်သည်-ထွက်သည်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ နာမ် သဘာဝ ၅၃ ပါးတို့သည် အကြောင်းညီညွတ်သဖြင့် ဥပဒါဒ အဖြစ် ရောက်လာသောအခါ ဤဒွါရ ၆ ပါး၊ တံခါး ၆ ပေါက်တို့မှာ ဖြစ်ပေါ်၍ ချုပ်ပျောက်ကြမည်ဟုမှတ်။ ။

ဥပဒါဒအဖြစ်သို့ ရောက်သော နာမ်တရားစု ၈၉ ဝါ၏တွင် ၈၉ ပါးတို့သည် အဘယ်သို့သျှင် ဒွါဂ် ၆ ပါး၊ တံခါး ၆ ပေါက် တို့၌ ဖြစ်ကြကုန်သနည်း။



မူလစာကိုယ် (၃၈) ထိုဒွါရ ၆ ပါးတို့တွင်ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်ဒွေး, သမ္ပဋိစ္ဆန်းဒွေး, သန္တီရဏသုံးခု, ဝုဋ္ဌော, ကာမဇော တခု ယုတ်သုံးဆယ်, တဒါရုံ အားဖြင့် ၄၆ ပါးသော စိတ်တို့သည် စက္ခုဒွါရ၌ ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်၏။

(၃၉) ထို့အတူ ပဉ္စဒွါရာဝဇ္ဇန်း, သောတဝိညာဏ်စသော အားဖြင့် ၄၆ ပါးသောစိတ်တို့သည် သောတဒွါရ၌ ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်၏။

ထိုအတူ ပဉ္စဒွါရာဝဇ္ဇန်း, ဃာနဝိညာဏ် စသော အားဖြင့် ၄၆ ပါးသောစိတ်သည် ဃာနဒွါရ၌၊ ပဉ္စဒွါရာဝဇ္ဇန်း, ဇိဝှါဝိညာဏ် စသောအားဖြင့် ၄၆ ပါးသော စိတ်သည် ဇိဝှါဒွါရ၌၊ ပဉ္စဒွါရာ ဝဇ္ဇန်း, ကာယဝိညာဏ်စသောအားဖြင့် ၄၆ ပါးသောစိတ်တို့သည် ကာယဒွါရ၌ ထိုက်သည်လျော်စွာ ဖြစ်ကြကုန်၏။

(၄၀) မနောဒွါရ ဝဇ္ဇန်း, ဇော ၅၅, တဒါရုံ ၁၁ ပါးအားဖြင့် ၆၇ ပါးသောစိတ်တို့သည် မနောဒွါရ၌ ဖြစ်ကြကုန်၏၊

(၄၁) ဥပေက္ခာသန္တီရဏ ၂, တောဝိပါက် ၈, ဟေဂ္ဂုတ်ဝိပါက် ၉, ဤတခု ယုတ် ၂၀ သော စိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိကိုစ္စ တပ်ခိုက်မည်သည့် ဒွါရ၌ မျှမဖြစ်ပဲ ဒွါရ ၆ ပါးမှ လွတ်ကြကုန်၏။

စိတ် ၈၉ ပါးကို စိတ်ပိုင်း၌ပြခဲ့သော စိတ်ခေါင်းစဉ် အတိုင်း ဝေဖန်၍ပြဦးအံ့။

၁။ အကုသိုလ်စိတ် ၁၂ ပါးသည်၊ ၆ ဒွါရ၌ဖြစ်၏။

တတိယအကြိမ်

အဟိတ်စိတ် ၁၈-ပါး တို့တွင်

၁။ စက္ခုဝိညာဏ်စိတ် ၂ ပါးသည်၊ စက္ခုဒုဂါရဠဖြစ်၏။
၂။ သောတဝိညာဏ်စိတ် ၂ ပါးသည်၊ သောတဒုဂါရဠ ဖြစ်၏။
၃။ ဃာနဝိညာဏ်စိတ် ၂ ပါးသည်၊ ဃာနဒုဂါရဠ ဖြစ်၏။
၄။ ဇိဝှါဝိညာဏ်စိတ် ၂ ပါးသည်၊ ဇိဝှါဒုဂါရဠဖြစ်၏။
၅။ ကာယဝိညာဏ်စိတ် ၂ ပါးသည်၊ ကာယဒုဂါရဠဖြစ်၏။
၆။ ပဉ္စဒ္ဓါဆုဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆန်းစိတ် ၂ ပါး၊ ပေါင်း ၃ ပါးသော မနောဓာတ်တို့သည် စက္ခုစသော ၅ ဒုဂါရတို့ဠ ဖြစ်ကုန်၏။
၇။ သောမနဿ သန္တီရဏ စိတ်သည်၊ ဒုဂါရ ၆ ပါးလုံး တို့ဠ ဖြစ်၏။
၈။ ဥပေက္ခာ သန္တီရဏစိတ် ၂ ပါးသည်၊ ဒုဂါရ ၆ ပါး ဠလည်းဖြစ်၏။ဒုဂါရ ၆ ပါးမှ လွဲတ်၍လည်း ဖြစ်၏။

ဤဠ အလုပ်ကိစ္စအား လျော်စွာ ဒုဂါရမှာဖြစ်ပေါ်၍၊ ဒုဂါရမှ လွဲတ်၍ ဖြစ်ရသည်။ သန္တီရဏ အလုပ်ကိစ္စ၊ တဒါရုံအလုပ်ကိစ္စလုပ်သောအခါ ဒုဂါရမှာ ဖြစ်၏။ ပဋိသန္ဓေ ဘဝင် စုတိ အလုပ်ကိစ္စလုပ်သောအခါ ဒုဂါရ ၆ ပါးမှ လွတ်၍ ဖြစ်သည်။ (အာမိဝမ်းတွင်းပဋိသန္ဓေနေသောအခိုက်, အိပ်ပျော်၍ ဘဝင်ကျသောအခိုက်, သေသောအခိုက်မှာ ဘာမျှ မသိခြင်းသည် ဒုဂါရ ၆ ပါးမှလွတ်၍ ဖြစ်ခြင်း၏သက်သေပင် ဖြစ်၏။)

၉။ မနောဒ္ဓါတုဝင်္ဂဏန်းစိတ်သည် ဒွါရ ၆ ပါးတို့၌ဖြစ်သည်။
၂၀။ ဟသိတုပ္ပါဒ်စိတ်သည် ဒွါရ ၆ ပါးတို့၌ ဖြစ်သည်။

အသောဘဏစိတ် ၃၀ ပြီး၏။

◈◈

(၁) ကာမကုသိုလ်စိတ် ၈ ပါးတို့သည်၊ ဒွါရ ၆ ပါးတို့၌ ဖြစ်ကုန်၏။
(၂) ကာမ ကြိယာစိတ် ၈ ပါးတို့သည်၊ ဒွါရ ၆ ပါးတို့၌ ဖြစ်ကုန်၏။
(၃) ကာမဝိပါက်စိတ် ၈ ပါးတို့သည်၊ ဒွါရ ၆ ပါးတို့၌လည်း ဖြစ်ကုန်၏။ ဒွါရ ၆ ပါးမှာ မဖြစ်ပဲ၊ ဒွါရ ၆ ပါးမှ လွတ်၍လည်း ဖြစ်ကုန်၏။

ဤလည်း ကိစ္စအားလျော်စွာ ဒွါရမှာဖြစ်ပေါ်၍၊ ဒွါရမှ လွတ်သည်မှတ်။ တဒါရုံကိစ္စ အလုပ် လုပ်သောအခါ ဒွါရ၌ ဖြစ်၍, ပဋိသန္ဓေ ဘဝင်စုတိကိစ္စ အလုပ် လုပ်သောအခါ ဒွါရမှလွတ်၍ဖြစ်သည်။ (လွတ်ပုံ အထက်ကအတိုင်း သိပါ။)

ကာမစိတ် ၂၄ ပြီး၏။

◈◈

မဟဂ္ဂုတ် ကုသိုလ်စိတ် ၉ ပါး၊ မဟဂ္ဂုတ် ကြိယာစိတ် ၉ ပါး၊ ပေါင်း ၁၈ ပါးသော စိတ်တို့သည် မနောဒ္ဓါတုဝင်္ဂဏာ ဖြစ်ကြကုန်၏။

မဟဂ္ဂုတ် ဝိပါက်စိတ် ၉ ပါးတို့သည်၊ အမြဲတမ်း ဒွါရမှ လွတ်၍ ဖြစ်ကြကုန်၏။

ထို့ကြောင့် ဒွါရဝိမုတ်စိတ်ဟု ခေါ်၏။ ဝီထိမုတ်စိတ် ဟူ၍ လည်းခေါ်၏။

မဟဂ္ဂုတ်စိတ် ၂၇ ပြီးပြီ။

လောကုတ္တရာစိတ် ၈ ပါးတို့သည် မနောဒွါရဉ်သာဖြစ်ကြ ကုန်၏။



ဒွါရ ၆ ပါးတို့ကို ဦးတည်၍ တမျိုးပြဦးအံ့။

၁။ စက္ခုဒွါရဉ်ဖြစ်သော စိတ်ပေါင်း ၄၆ ပါး

ပဉ္စဒွါရာဝဇ္ဇန်း	....	၁	၄၆ ပါး
*စက္ခုဝိညာဏ်	....	၂	
သမ္ပဋိစ္ဆန်းစိတ်	....	၂	
သန္တီရဏစိတ်	....	၃	
မနောဒွါရဝဇ္ဇန်း	....	၁	
ကာမဇော	....	၂၉	
မဟာဝိပါက်စိတ်	....	၈	

၂။ သောတဒွါရဉ်ဖြစ်သော စိတ်ပေါင်း ၄၆
*(သောတဝိညာဏ် ၂ လဲ၍ထည့်)

၃။ ဃာနဒွါရဉ်ဖြစ်သော စိတ်ပေါင်း ၄၆
*(ဃာနဝိညာဏ် ၂ လဲ၍ထည့်)

၄။ ဇိဝှာဒွါရဉ်ဖြစ်သော စိတ်ပေါင်း ၄၆
*(ဇိဝှာဝိညာဏ် ၂ လဲ၍ထည့်)

၅။ ကာယဒွါရဉ်ဖြစ်သော စိတ်ပေါင်း ၄၆
*(ကာယဝိညာဏ် ၂ လဲ၍ထည့်)

မူလွှစာကိုယ် (၄၇,၄၈) တဒ္ဓါရဉ်ဖြစ်သောစိတ်၃၆ပါး။ ငါးဒ္ဓါရဉ်ဖြစ်သောစိတ် ၃ ပါး။ ခြောက်ဒ္ဓါရဉ်ဖြစ်သောစိတ်၃၁ ပါး။ ခြောက်ဒ္ဓါရဉ်လည်းဖြစ်။ခြောက်ဒ္ဓါရမှ လွတ်သောစိတ် ၁၀ ပါး။ ခြောက်ဒ္ဓါရမှ လုံးဝ လွတ်သောစိတ် ၉ ပါး၊ ဤသို့ ၅ မျိုးရေတွက်ရာ၏။

၆။ မနောဒ္ဓါရဉ်ဖြစ်သော စိတ်ပေါင်း ၆၇ ပါး။

မနောဒ္ဓါရာဝဇ္ဇန်း	၁	၆၇ ပါး (ပါဋ္ဌိစာကိုယ် အတိုင်း ရေတွက်သည်)
ဇောစိတ်	၅၅	
တဒါရုံ	၁၁	

တနည်း—

အကုသိုလ်စိတ်	၁၂	၆၇ ပါး (စိတ်အစဉ်အတိုင်း ရေတွက်သည်)
သန္တီရဏစိတ်	၃	
မနောဒ္ဓါရာဝဇ္ဇန်း	၁	
ဟသိတုပ္ပါဒ်စိတ်	၁	
ကာမသောဘဏ	၂၄	
မဟဂ္ဂုတ်ကုသိုလ်	၉	
မဟဂ္ဂုတ်ကြိယာ	၉	
လောကုတ္တရာစိတ်	၈	

အဓိပ္ပာယ် (၄၇-၄၈) (၁) တဒ္ဓါရဉ်ဖြစ်သော စိတ် ၃၆ ပါးမှာ= စက္ခုဝိညာဏ်စိတ် ၂ ပါး (စက္ခုဒ္ဓါရဉ်သာဖြစ်သည်)။

သောဘဝိညာဏ် စိတ် ၂ ပါး (သောတ ဒ္ဓါရဉ်သာဖြစ်သည်)။

ဃာနဝိညာဏ်စိတ် ၂ ပါး (ဃာနဒွါရဋ္ဌာသာ ဖြစ်သည်)။
ဇိဝှါဝိညာဏ်စိတ် ၂ ပါး (ဇိဝှါဒွါရဋ္ဌာသာ ဖြစ်သည်)။
ကာယဝိညာဏ်စိတ် ၂ ပါး (ကာယဒွါရဋ္ဌာသာ ဖြစ်သည်)။
မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး(မနောဒွါရဋ္ဌာသာဖြစ်သည်)။
မဟဂ္ဂုတ်ကြိယာစိတ် ၉ ပါး (မနောဒွါရဋ္ဌာသာဖြစ်သည်)။
လောကုတ္တရာ စိတ် ၈ ပါး (မနောဒွါရဋ္ဌာသာ ဖြစ်သည်)။
ပေါင်း ၃၆ ပါးဖြစ်သည်။

(၂) ငါးဒွါရဋ္ဌာဖြစ်သော စိတ် ၃ ပါးမှာ-
မနောဓာတ် ၃ ပါးသည်၊ စက္ခု စသော ငါးဒွါရဋ္ဌာ ဖြစ်၏။

(၃) ခြောက်ဒွါရဋ္ဌာဖြစ်သော စိတ် ၃၁ ပါးမှာ-
အကုသိုလ်စိတ် .... ၁၂ ပါး၊
သောမနဿသန္ဟိရဏ .... ၁ ပါး၊
မနောဒွါရာဝဇ္ဇန်း .... ၁ ပါး၊
ဟသိတုပ္ပါဒ်စိတ် .... ၁ ပါး၊
မဟာကုသိုလ်စိတ် .... ၈ ပါး၊
မဟာကြိယာစိတ် .... ၈ ပါး၊
ပေါင်း .... ၃၁ ပါးဖြစ်သည်။

(၄) ခြောက်ဒွါရဋ္ဌာလည်းဖြစ်၍ ခြောက်ဒွါရမှ လွတ်သော စိတ် ၁၀ ပါးမှာ၊-
ဥပေက္ခာသန္ဟိရဏစိတ် .... ၂ ပါး၊
မဟာဝိပါက်စိတ် .... ၈ ပါး၊
ပေါင်း.... ၁၀ ပါးဖြစ်သည်။

(၅) ခြောက်ဒွါရမှ လုံးဝ လွတ်သောစိတ် ၉ ပါးမှာ-
မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးဖြစ်သည်။

ဤသို့ ငါးမျိုးအားဖြင့်လည်း သရုပ်ရေတွက်ရာ၏။ အဘိဓမ္မာ သင်ကြား ဉာဏ် က စား လို သူ တို့ အတွက်၊ စေတသိက် သဘာဝ ၅၂ ပါးကိုသာ ဒွါရ ၆ ပါးဖြင့် ဝေဖန် ပိုင်းခြား လိုသော် ဝိရတီ စေတသိက် ၃ ပါး၊ အပွမညာစေတသိက် ၂ ပါး၊ ပေါင်း ၅ ပါးသော စေတသိက်တို့သည် မနောဒွါရ၌ သာ ဖြစ်ကုန်၏။ ကြွင်းသော စေတသိက် ၄၇ ပါးတို့သည် ၆ ဒွါရ၌ ဖြစ်ကြကုန်၏။

ဒွါရ ၆ ပါးမှ လွတ်၍ ဖြစ်သော စေတသိက်မှာ သီ ခြား မရှိပေ၊ သို့ရာတွင် ယူသင့်သော စေတသိက်မှာ မဟဂ္ဂုတ် ဝိပါက်စိတ်နှင့် အတူတကွ ယှဉ်တွဲ၍ ဥပွါဒအဖြစ် ရောက် သော စေတသိက် ၃၅ ပါးတည်း။ စေတသိက် သက်သက် ဒွါရဝိမုတ် မရှိပေ။ စေတသိက် ၅၂ ပါးလုံး ဒွါရ ၆ ပါး၌ ဖြစ်ကြသည်သာ။ ကတ်ကတ်သတ်သတ်ရှာယူမှ ဝိရတီစေတသိက် ၃ ပါးနှင့် အပွမညာ ၂ ပါး၊ ပေါင်း ၅ ပါး၊ မနောဒွါရ ၌သာ ဖြစ်သည်ဟု အနိယတ ယောဂီ စေတသိက်များ ဖြစ်၍ တွေ့ရလေသည်။ ထိုကြောင့် အကျဉ်းချုပ်မှတ်ရန်မှာ စေတသိက် ၅၂ ပါးလုံး ဒွါရ ၆ ပါးမှာ ဖြစ်သည်ချည်းမှတ်လေ။

ဆဒွါရိက၊ ယှဉ်ကြလေရာ၊ ဒွါပညာတည်း၊
ပဋ္ဌတိသ၊ ဒွါရဝိမုတ်၊ ဝိရတီတေး၊ မညာဒွေး၊
ဖြစ်ရေးမနောဒွါ၊ ဤမှကြွင်းလျှင်၊ လေးဆယ်
ခွန်၊ ဖြစ်ချင်ခြောက်ဒွါရာ။ (ဝိသုဒ္ဓါရုံလက်ာ)။

ဒွါရသင်္ဂဟ ပြီးပြီ။

တတိယအကြိမ်

မူလစာကိုယ် (၄၉) အာရမ္မဏသင်္ဂဟ၌ အာရုံတို့သည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံအားဖြင့်ဖပါး, ရှိကုန်၏။

အာရမ္မဏသင်္ဂဟ

အဓိပ္ပာယ် (၄၉) အာရုံဆိုသည်မှာ မွေ့လျော်ရာ အရာဝတ္ထု မှန်သမျှနှင့် ဓမ္မာရုံဘရားများဖြစ်သည်၊ တနည်းဆွဲကိုင်ရာ ကြိုးတန်းဘောင်ဝေးစသည်နှင့်တူသော အရာဝတ္ထု မှန်သမျှနှင့် ဘရားများဖြစ်သည်။

ချဲ့၍ပြဦးအံ့

ကြိုးတန်းနှင့် ဘောင်ဝေး စသော အရာဝတ္ထု တို့သည် မစွမ်းသန်သောကလေးနှင့် အဘိုးအိုများ၏ ဆွဲ၍၊ ထရာကိုင်၍ သွားရာ ဖြစ်သကဲ့သို့၊ ထို့အတူ ၆ ပါးသော တရားတို့သည် စိတ်စေတသိက်သဘာဝ ၅၃ ခုတို့၏ ဆွဲကိုင်ရာ၊ ဝါ ဥပ္ပါဒအဖြစ်ရောက်အောင် ပြုလုပ်ပေးရာ ဖြစ်ကြကုန်၏။

တနည်း-

သစ်ပင် ပန်းမန် ရေကန် ရေပန်း အဆန်း တကြယ်သွယ်သွယ်လမ်းမ တို့ဖြင့် လှပသော ဥယျာဉ် ရှုမျှော်ခင်းတို့၌ လူတို့သည် မွေ့လျော်ပျော်ပါးသကဲ့သို့၊ ထို့အတူ ၆ ပါးသော ဟရားတို့သည် စိတ်စေတသိက်သဘာဝ ၅၃ တို့၏ မွေ့လျော်ပျော်ပါးရာ။ (ဝါ) ဥပ္ပ ဒအဖြစ် ရောက်အောင် ပြုလုပ်ပေးရာ ဖြစ်ကြကုန်၏။

ဟတိယအကြိမ်

ထိုအာဝုံ ၆ ပါးတို့မှာ

(၁) ရူပါဝုံ (မျက်စိဖြင့် မြင်အပ်သော နီ ဝါ စသော အဆင်းမှန်သမျှ)။

(၂) သဒ္ဒါဝုံ (နှားဖြင့်ကြားအပ်သော အသံမှန်သမျှ)။

(၃) ဂန္ဓာဝုံ(နှာခေါင်းဖြင့်နံအပ်သော ၎မ်း, ပုပ် စသော အနံ့မှန်သမျှ)။

(၄) **ရသာ**ဝုံ(လျှာဖြင့်လျက်အပ်သော ချို, ချဉ်, စပ်, ငန်, ဖန်, ခါး, အရသာမျှား)။

(၅) ဖောဋ္ဌဗ္ဗာဝုံ(ကိုယ်ဖြင့်တွေ့ထိအပ်သော ကြမ်းတမ်း, နူးညံ့သော အတွေ့မျှား)။

(၆) ဓမ္မာဝုံ(အာဝုံ ငါးပါးမှ တပါးသော ကျန်သော ဓမ္မအားလုံး)။

၎င်းဓမ္မာဝုံကို သဂျုပ် ဖော် ၍ အ မျိုး အ စား အား ဖြင့် ဆိုသော်-

၁။	ပဿာဒရုပ်	.... ၅ ပါး	အမျိုးအစား ၆ မျိုး၊ သရုပ်အားဖြင့် ၂၆ ပါး။
၂။	သုခုမရုပ်	.... ၁၆ ပါး	
၃။	ဝိတ် [၈၉]	.... ၁ ပါး	
၄။	စေတသိက်	.... ၁၂ ပါး	
၅။	နိဗ္ဗာန်	.... ၁ ပါး	
၆။	ပညတ်	.... ၁ ပါး	
	ပေါင်း	.... ၂၆ ပါး	

အထက်ဖော်ပြခဲ့ပြီးသော အာဝုံ ၆ ပါးကို အာဝုံပြု၍ ဝါ အကြောင်းပြု၍ နာမ်သဘာဝတို့၏ နာမ်သဘာဝ အခြေအနေမှ

ဥပ္ပါဒအဖြစ်သို့ ရောက်ရသော နာမ်တရားစု ၈၉၊ ဝါစိတ် ၈၉ တို့မှာ အောက်ပါအတိုင်းဖြစ်၏။

အမှာ။ ။(အဘိဓမ္မာကို ရေးကြသော ကျမ်းဂန် အမျိုးမျိုးတို့၌ အကုသိုလ်စိတ်သည် အာရုံ ၆ ပါးကို အာရုံပြုကြ၏။ စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကို အာရုံပြု၏ စသည် ရေးသားထားကြသဖြင့် ပင်ကိုရှိနေနှင့်သော အကုသိုလ်စိတ်က အာရုံ ၆ ပါးကို အာရုံပြုသည်ဟုလည်းကောင်း၊ ပင်ကိုရှိနေနှင့်သော စက္ခုဝိညာဏ်စိတ်က ရူပါရုံကိုအာရုံပြုသည်ဟုလည်းကောင်း အသိဉာဏ်မှာ သိနေတတ်ကြပေ်သည်။ အမှန်စင်စစ် မဟုတ်ပေ။ အကုသိုလ်စိတ်၊ စက္ခုဝိညာဏ်စိတ်ဟူ၍ ရှေးက ရှိနေနှင့်သည်မဟုတ်၊ နာမ်သဘာဝ ၅၃ ပါးတို့၏ အာရုံ ၆ ပါးကို အာရုံပြု၍ ဝါအာရုံအကြောင်းကြောင့် ဥပ္ပါဒအဖြစ်သို့ ရောက်လာသောအခါ ဆိုင်ရာဆိုင်ရာ သဘာဝအုပ်စုအလိုက် အကုသိုလ်,ကုသိုလ်,အဟိတ်,စသော အကောင်အထည်စိတ်များ ဖြစ်လာပေသည်။ ထို့ကြောင့် အာရုံ ၆ ပါးက အကြောင်း အာရမ္မဏ ပစ္စည်း၊ ဖြစ်ပေါ်လာရသော အကုသိုလ်စိတ်,ကုသိုလ်စိတ် စသော စိတ် ၈၉ ပါးက အကျိုးပစ္စယုပ္ပန်ဟုမှတ်။

ထို့ကြောင့် အကုသိုလ်စိတ် ၁၂ ပါးသည် အဘယ် အာရုံကိုစွဲ၍ ဝါအာရုံပြု၍ ဖြစ်ပေါ်လာပါသနည်း။ ဤအမေး၏အဖြေမျိုးကိုသာ ဤ၌ ရေးသားပေအုံ။)

ဤနေရာ၌ အာရုံကြောင့် ဖြစ်ပေါ်လာသော အာရမ္မဏိက စိတ်များကိုမပြမီ ရှုပ်ထွေးတတ်သော ဓမ္မာရုံကို ရှေးဦးစွာ နားလည်သင့်ပေသည်။

အထက်၌ ပြခဲ့ပြီးသော ဓမ္မာရုံသည် စာကုံယ်လာအတိုင်း ၆ မျိုးရှိသည်။ ထို ၆မျိုးတို့ကို ဓမ္မသင်္ဂဏီ ပါဠိတော်နှင့်အညီ နာမည်များကို ရှေးဦးစွာ မှတ်သားထားမှသာ၊ အာရမ္မဏိက စိတ်တို့၏ အာရုံများကို ဖော်ပြရေတွက်ရာ၌ ရှင်းလင်းစွာ နားလည်နိုင်ပေလိမ့်မည်။ ထို့ကြောင့်-

၁။ ပဿာဒရုပ် ဓမ္မာရုံသည် ကာမအာရုံဖြစ်၏။
၂။ သုခုမရုပ် ဓမ္မာရုံသည် ကာမအာရုံဖြစ်၏။
၃။ စိတ် ၈၉ အနက်-
(က) ကာယဝိတ်ဓမ္မာရုံသည် ကာမအာရုံဖြစ်၏။
(ခ) ရူပစိတ် အရူပစိတ် ဓမ္မာရုံသည် မဟဂ္ဂတ အာရုံဖြစ်၏။
(ဂ) လောကုတ္တရာစိတ် ဓမ္မာရုံသည် အပ္ပမာဏ အာရုံဖြစ်၏။
၄။ စေတသိက် ၅၂ ပါးဌိလည်း အထက်ပါ စိတ်၃တိုင်းပင်။
၅။ နိဗ္ဗာန် ဓမ္မာရုံသည် အပ္ပမာဏအာရုံဖြစ်၏။
၆။ ပညတ် ဓမ္မာရုံသည် ပညတ်အာရုံပင်ဖြစ်သည်။

သို့ဖြစ်၍ အာရုံ ၆ ပါးလုံးကို ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏ, ဝေါဟာရ, ဟူ၍ ခွဲသော်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါးတို့သည် ပရိတ္တ(ကာမ) တရား ဖြစ်၍ ကာမအာရုံများ ဖြစ်ကုန်၏။

ဓမ္မာရုံသည်ကား၊ ကာမ ဓမ္မာရုံ, မဟဂ္ဂတ ဓမ္မာရုံ, အပ္ပမာဏ ဓမ္မာရုံ, ဝေါဟာရ(ပညတ်)ဓမ္မာရုံဟု ၄ မျိုးရှိသည်မှတ်။

မူလစာကိုယ် (၅၂) ထို အာရမ္မဏ သင်္ဂဟ၌ စက္ခုဒွါရ၌ ဖြစ်သော စိတ် ၄၆ ပါးတို့သည် ရူပါရုံကို အာရုံပြုကုန်၏။ ထို ရူပါရုံသည် ပစ္စုပ္ပန်ကာလဖြစ်၏။

(၂) ထိုနည်းတူ သောတဒွါရ၌ ဖြစ်သော စိတ် ၄၆ ခု တို့သည် ပစ္စပ္ပန်သဒ္ဒါရုံကို အာရုံပြုကုန်၏။

(၃) ဃာနဒွါရ၌ဖြစ်သော စိတ် ၄၆ ခုတို့သည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြုကုန် ။

(၄) ဇိဝှါဒွါရ၌ဖြစ်သော စိတ် ၄၆ ခုတို့သည် ပစ္စုပ္ပန် ရသာရုံကို အာရုံပြုကုန်၏။

(၅) ကာယဒွါရ၌ဖြစ်သော စိတ် ၄၆ ခုတို့သည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုကုန်၏။

(၅၃) မနောဒွါရ၌ဖြစ်သော စိတ် ၆၇ ပါးတို့သည် ပစ္စုပ္ပန် အတိတ်, အနာဂတ် ဖြစ်သော အာရုံ ၆ ပါးကို လည်းကောင်း၊ ကာလဝိမုတ် ဖြစ်သော နိုဝန် ပညတ်အာရုံကို လည်းကောင်း အာရုံပြုကုန်၏။

(၅၄) ပဋိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်ကုန်သော ဒွါရ ဝိမုတ်စိတ် ၁၉ တို့သည် ဘဝဟောင်းက ဒွါရ ၆ ပါး၌ ဖြစ်ခဲ့သော ဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ ကမ္မနိမိတ်, ဂတိနိမိတ်ခေါ်သော အာရုံ ၆ ပါးတို့တွင်တပါးပါး ကို အာရုံပြုကုန်၏။

(၅၅) စက္ခုပိညာဏ်ဒွေးသည် ရူပါရုံကို အာရုံပြု၏။
သောတဝိညာဏ်ဒွေးသည် သဒ္ဒါရုံကို အာရုံပြု၏။
ဃာနဝိညာဏ်ဒွေးသည် ဂန္ဓာရုံကို အာရုံပြု၏။
ဇိဝှါဝိညာဏ်ဒွေးသည် ရသာရုံကို အာရုံပြု၏။
ကာယဝိညာဏ်ဒွေးသည်ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၏။

(၅၆) ပဋ္ဌဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆန်းဒွေ (မနောဓာတ် ၃ခု)

တို့သည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါးကို အာရုံပြုကုန်၏။

(၅၇) ကြင်းကျန်သော ကာမဝိပါက်စိတ် (မဟာဝိပါက်နှင့် သန္တီရဏ)တို့နှင့် ဟသိတုပ္ပါဒ်စိတ် တို့သည် ကာမဖြစ်သော အာရုံ ၆ ပါးကို အာရုံပြုကုန်၏။

(၅၈) အကုသိုလ်စိတ် ၁၂ ပါး၊ ဉာဏဝိပ္ပယုတ် ကာမဇော ၈၊ ပေါင်း ၂၀ သော စိတ်တို့သည် လောကုတ္တရာ ကြဉ်သော အာရုံ ၆ ပါးကို အာရုံပြုကုန်၏။

(၅၉) ဉာဏသမ္ပယုတ် ကာမကုသိုလ်ဇော ၄။ ပဋိဃစိတ္တုပ္ပါဒ် ကုသိုလ် အဘိညာဏ် ၁၊ ပေါင်း ၅ ပါးသော စိတ်တို့သည် အရဟတ္တမဂ်, ဖိုလ် ကြဉ်သော အာရုံ ၆ ပါးကို အာရုံပြုကုန်၏။

(၆၀) ဉာဏသမ္ပယုတ် ကာမဝစရ ကြိယာစိတ် ၄ ပါး၊ ပဋိဃစိတ္တုပ္ပါဒ် ကြိယာအဘိညာဏ် ၁၊ ဝုဋ္ဌော ၁၊ ပေါင်း ၆ ပါးသော စိတ်တို့သည် အလုံးစုံသော အာရုံ ၆ ပါးကို အာရုံပြုကုန်၏။

(အလုံးစုံသော အာရုံ ၆ ပါးဟူသည် စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်ဟူသော ပရမတ်အားလုံး ဖြစ်သော အာရုံ ၆ ပါးလုံး ဖြစ်သည်။)

(၆၁) အရူပစိတ် ၁၂ ပါးတို့တွင် ဒုတိယ (ဝိညာဏဉ္စာယတန)စိတ် ၃ ပါး၊ စတုတ္ထ (နေဝသညာ နာသညာယတန) စိတ် ၃ ပါး၊ ပေါင်း ၆ ပါး တို့သည် မဟဂ္ဂုတ်စိတ် (ဓမ္မာရုံ)ကို အာရုံပြုကုန်၏။

(၆၂) ကျန်သော မဟဂ္ဂုတ်စိတ် ၂၁ တို့သည် ပညတ်ကို အာရုံပြုကုန်၏။

(၆၃) လောကုတ္တရာစိတ် ၈ ပါးတို့သည် နိဗ္ဗာန်ကိုအာရုံပြုကြကုန်၏။

တတိယ အကြိမ်

တကယ့်သဘာဝအားဖြင့် အာရုံပြု၍ စိတ် ၈၉ မျိုး ပေါ်လာပုံမှာ—

အကုသိုလ်စိတ်

အာရုံ ၆ ပါးကို အာရုံပြု၍ ဝါ အစွဲပြု၍ အကုသိုလ်စိတ် ၁၂ မျိုးတို့သည် ဖြစ်ပေါ်လာကုန်၏။ လက်ငင်း မျက်မှောက် အာရုံ ၆ ပါးကိုလည်းကောင်း, လွန်သွားပြီး အာရုံ ၆ ပါးကို လည်းကောင်း, မရောက်လာသေး မဖြစ်ပေါ်လာသေးသော အာရုံ ၆ ပါးကို လည်းကောင်း အာရုံပြု၍, အစွဲပြု၍ အကုသိုလ် စိတ်ခေါ် နာမ်တရားအုပ်စုတို့သည် ဖြစ်ပေါ်လာပေသည်။ ဝါ ဥပ္ပါဒ အဖြစ်သို့ရောက်၍ အာရုံသိအားဖြင့် အကောင်အထည် ပေါ်လာပေ၏။

သို့ဆုတွင် အာရုံ ၆ ပါးဟု ဆိုသော်လည်း ဓမ္မာရုံ၌ လောကုတ္တရာစိတ် ဓမ္မာရုံနှင့် နိဗ္ဗာန် ဓမ္မာရုံကို အာရုံပြု၍ အစွဲပြု၍ မဖြစ်ပေါ်နိုင်ပေ။ထို့ကြောင့် သင်္ဂြိုဟ်ကျမ်း၌(၅၈) "အကုသလာနိ လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ" ဟု ဆိုထား၏။

အဟိတ်စိတ်

စက္ခုဝိညာဏ်၊ လက်ငင်းမျက်မှောက် ရူပါရုံအဆင်းဓာတ်ကို အာရုံပြု၍၊ အကြောင်းပြု၍ စက္ခုဝိညာဏ်စိတ် ၂ ပါး တို့သည် ဖြစ်ပေါ်လာကုန်၏။

သောတဝိညာဏ်၊ လက်ငင်းမျက်မှောက်သဒ္ဒါရုံ အသံဓာတ်ကို အာရုံပြု၍၊ အကြောင်းပြု၍ သောတဝိညာဏ် စိတ် ၂ ပါးတို့သည် ဖြစ်ပေါ်လာကုန်၏။

ဃာနဝိညာဏ်၊ လက်ငင်းမျက်မှောက် ဂန္ဓဝတ္ထုံ အနံ့ဓာတ်ကို အာရုံပြု၍ ဝါ အကြောင်းပြု၍၊ ဃာန ဝိညာဏ် စိတ် ၂ ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

ဇိဝှါဝိညာဏ်၊ လက်ငင်းမျက်မှောက် ရသာရုံ အရသာဓာတ်ကို အာရုံပြု၍ ဝါ အကြောင်းပြု၍၊ ဇိဝှါဝိညာဏ် စိတ် ၂ ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

ကာယဝိညာဏ်၊ လက်ငင်း မျက်မှောက် ဖောဋ္ဌဗ္ဗာရုံ အတွေ့ဓာတ်ကို အာရုံပြု၍ ဝါ အကြောင်းပြု၍၊ ကာယ ဝိညာဏ် စိတ် ၂ ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

သမ္ပဋိစ္ဆိန်း၊ လက်ငင်းမျက်မှောက် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓဗ္ဗာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံများကို အာရုံပြု၍ သမ္ပဋိစ္ဆန်းစိတ် ၂ ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

သန္တီရဏ၊ လက်ငင်း မျက်မှောက် အာရုံ ၆ ပါးကို လည်းကောင်း, လွန်သွားပြီး အာရုံ ၆ ပါးကို လည်းကောင်း, မရောက်လာသေးသော အာရုံ ၆ ပါးကို လည်းကောင်း, အာရုံပြု၍၊ အစဲပြု၍ သန္တီရဏစိတ် ၃ ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထိုတွင် အာရုံ ၆ ပါးဟု ဆိုသော်လည်း ဓမ္မာရုံ၌ မဟဂ္ဂုတ ဓမ္မာရုံ, လောကုတ္တရာစိတ်ဓမ္မာရုံ, နိဗ္ဗာန်ဓမ္မာရုံတို့ကိုကား အာရုံပြု၍၊ အစဲပြု၍ မဖြစ်ပေါ်လာနိုင်ပေ။

ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ လက်ငင်းမျက်မှောက် အာရုံငါးပါးကို အာရုံပြု၍၊ အစဲပြု၍ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်သည်ဖြစ်ပေါ်လာ၏။

မနောဒ္ဓါရုဝဇ္ဇန်း၊ လက်ငင်း မျက်မှောက် အာရုံ ၆ ပါးကို လည်းကောင်း, လွန်သွားပြီး အာရုံ ၆ ပါးကို လည်းကောင်း, မရောက်လာသေးသော အာရုံ ၆ ပါးကို လည်းကောင်း အာရုံပြု၍ ဝါ အစွဲပြု၍ မနောဒ္ဓါရုဝဇ္ဇန်းစိတ်သည် ဖြစ်ပေါ်လာသည်။ (ဤစိတ်ကား ဓမ္မာရုံ အားလုံးကို အာရုံပြု၍ ဖြစ်ပေါ်နိုင်သည်မှတ်)။

ဟသိတုပဟါဒ်စိတ်၊ လက်ငင်းမျက်မှောက် အာရုံ ၆ ပါးကို လည်းကောင်း, လွန်ခဲ့ပြီး အာရုံ ၆ ပါးကို လည်းကောင်း, မရောက်လာသေးသော အာရုံ ၆ ပါးကို လည်းကောင်း အာရုံပြု၍ ဝါ အစွဲပြု၍ ဟသိတုပဟါဒ်စိတ်သည် ဖြစ်ပေါ်လာသည်။ သို့ရာတွင် အာရုံ ၆ ပါးဟု ဆိုသော်လည်း မဟဂ္ဂတ ဓမ္မာရုံ, လောကုတ္တရာစိတ် ဓမ္မာရုံ, နိဗ္ဗာန်ပညတ် ဓမ္မာရုံတို့ကို အာရုံပြု၍ မဖြစ်ပေါ်နိုင်ပေ။ ထို့ကြောင့် (၅၇) "ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာ ရမ္မကာနေဝ" ဟု သင်္ဂြိဟ်ဆရာ ဆိုတော်မူ၏။

ကာမစိတ်

ကုသိုလ်စိတ် လက်ငင်း မျက်မှောက် အာရုံ ၆ ပါးကို လည်းကောင်း, လွန်ခဲ့ပြီးသော အာရုံ ၆ ပါးကို လည်းကောင်း, မရောက်လာသေးသော အာရုံ ၆ ပါးကို လည်းကောင်း အာရုံပြု၍၊ အစွဲပြု၍ ကာမ ကုသိုလ်စိတ် ၈ ပါးတို့သည် ဖြစ်ပေါ်ဥပါဒ်ကြကုန်၏။ သို့ရာတွင် အာရုံ ၆ ပါးဝယ် ဓမ္မာရုံ၌ လောကုတ္တရာစိတ် ဓမ္မာရုံ

နှင့် နိဗ္ဗာန် ဓမ္မာရုံ တို့ကိုအာရုံပြု၍ ဉာဏဝိပ္ပယုတ်ကုသိုလ် စိတ်တို့သည် မဖြစ်ပေါ်နိုင်ပေ။ အရဟတ္တမဂ်စိတ်ဓမ္မာရုံ, အရဟတ္တဖိုလ်စိတ် ဓမ္မာရုံတို့ကို အာရုံပြု၍ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တို့သည် မဖြစ်ပေါ်နိုင်ပေ။ အောက်မဂ်, အောက်ဖိုလ်စိတ် ၆မျိုး ဓမ္မာရုံကို အာရုံပြု၍ကား၊ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တို့သည် ဖြစ်ပေါ်နိုင်ကြကုန်၏။

ဝိပါက်စိတ် လက်ဝင်း မျက်မှောက် အာရုံ ၆ ပါးကို လည်းကောင်း, လွန်သွားပြီးသော အာရုံ ၆ ပါးကို လည်းကောင်း, မရောက်လာသေးသော အာရုံ ၆ ပါးကို လည်းကောင်း အာရုံပြု၍ မဟာဝိပါက်စိတ် ဂ ပါးတို့သည် ဖြစ်ပေါ်ဉပါဒ်ကြကုန်၏။ ထိုတွင် အာရုံ ၆ ပါးဟု ဆိုသော်လည်း ဓမ္မာရုံ၌ မဟဂ္ဂုတ်စိတ် ဓမ္မာရုံ, လောကုတ္တရာစိတ် ဓမ္မာရုံ, နိဗ္ဗာန်ပညတ် ဓမ္မာရုံတို့ကို အာရုံပြု၍ မဟာဝိပါက်စိတ် ဂ ပါးတို့သည် မဖြစ်ပေါ်နိုင်ကြပေ။

ကြိယာစိတ် လက်ဝင်း မျက်မှောက် အာရုံ ၆ ပါးကို လည်းကောင်း, လွန်သွားပြီးသော အာရုံ ၆ ပါးကို လည်းကောင်း, မရောက်လာသေးသော အာရုံ ၆ ပါးကို လည်းကောင်း, အာရုံပြု၍ မဟာကြိယာစိတ်တို့သည် ဖြစ်ပေါ်ဉပါဒ်ကြကုန်၏။ ထိုတွင် အာရုံ ၆ ပါးဟု ဆိုသော်လည်း ဓမ္မာရုံ၌လောကုတ္တရာစိတ် ဓမ္မာရုံ, နိဗ္ဗာန် ဓမ္မာရုံတို့ကို အာရုံပြု၍ မဟာကြိယာ ဉာဏဝိပ္ပယုတ် စိတ်တို့သည် မဖြစ်ပေါ်နိုင်ပေ။

ရူပစိတ် ၁၅

၂၅ ပါးသော ပညတ်ကို အာရုံပြု၍ အစဲပြု၍ ရူပ စိတ် ၁၅ ပါးတို့သည် ဖြစ်ပေါ် ဥပါဒ်လာကြကုန်၏။

အရူပစိတ် ၁၂

ကောင်းကင်ပညတ်ကို အာရုံပြု၍ ဝါ အစဲပြု၍၊ အာကာသာနဉ္စာယတနစိတ် ၃ ပါးတို့သည် ဖြစ်ပေါ် ဥပါဒ် လာကြကုန်၏။

အာကာသာနဉ္စာယတနစိတ်ဟူသော ဓမ္မာရုံကို အာရုံပြု၍ ဝါ အစဲပြု၍ ဝိညာဏဉ္စာယတနစိတ် ၃ ပါးတို့သည် ဖြစ်ပေါ် ဥပါဒ်လာကြကုန်၏။

နတ္ထိဘောပညတ်ကို အာရုံပြု၍ ဝါ အစဲပြု၍၊ အာကိဉ္စညာယတနစိတ် ၃ ပါးတို့သည် ဖြစ်ပေါ် ဥပါဒ်လာကြကုန်၏။

အာကိဉ္စညာယတန စိတ် ဟူသော ဓမ္မာရုံကို အာရုံပြု၍ နေဝသညာ နာသညာယတန စိတ် ၃ ပါးတို့သည် ဖြစ်ပေါ် ဥပါဒ်ကြကုန်၏။

လောကုတ္တရာစိတ် ၈

နိဗ္ဗာန် ဓမ္မာရုံကို အာရုံပြု၍ လောကုတ္တရာစိတ် ၈ ပါး တို့သည် ဖြစ်ပေါ် ဥပါဒ်ကြကုန်၏။

ဤကား၊ အာရုံပြု၍ ဝါ အာရုံကို အစဲပြု၍ ဖြစ်ပေါ်လာသော အာရုံသိ နာမ်တရား စု ၈၉ ဝါ စိတ် ၈၉ ပါးတို့ ဖြစ်ပေါ်လာပုံတည်း။

မူလစောကိုယ် (၆၄) ၂၅ ပါးသော စိတ်တို့သည်၊ ကာမဖြစ်သော အာရုံ ၆ ပါးကို အာရုံပြု၍ ဖြစ်ပေါ်ကုန်၏။ ၆ ပါးသော စိတ်တို့သည်၊ မဟဂ္ဂတဖြစ်သော ဓမ္မာရုံကိုအာရုံပြု၍ ဖြစ်ပေါ်ကုန်၏၊ ၂၁ ပါးသောစိတ်တို့သည် ပညတ် ဓမ္မာရုံကိုအာရုံပြု၍ ဖြစ်ပေါ်ကုန်၏။ ဂ ပါးသော

အခိုပ္ပာယ် (၆၄) စိတ်စေတသိက် သဘာဝမှ အကြောင်းအာရုံကို အစဲပြု၍ ဥပါဒအဖြစ် ရောက်လာကြသော အာရုံ သိနာမ်တရားစု တရားပေါင်း ဂဓ ပါး၊ ဝါစိတ် ဂဓ တို့၏ အသီးသီး ဖြစ်ပေါ်လာပုံကို ပြပြီး၍၊ အပေါင်းအားဖြင့် သရုပ် ရေတွက်ခြင်းကို ပြပေအံ့။

(၁) ကာမ ဖြစ်သော အာရုံ ၆ ပါးကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ် ၂၅ ပါး ဖြစ်သည်။ ၂၅ ပါးမှာ-

ဒွေးပဉ္စဝဉ်ာဏစိတ်	၁၀
သမ္ပဋိစ္ဆန်းစိတ်	၂
သန္တီရဏစိတ်	၃
ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်	၁
ဟသိတုပ္ပါဒ်စိတ်	၁
မဟာဝိပါက်စိတ်	ဂ
ပေါင်း	၂၅ ပါး။

(၂) မဟဂ္ဂတ ဓမ္မာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ် ၆ ပါးဖြစ်သည်။ ၆ ပါးမှာ-

အရူပဝိပါကစိတ်	၃ ပါး၊
နေဝသညာနာသညာယတနစိတ်	၃ ပါး၊
ပေါင်း	၆ ပါး။

စိတ်တို့သည် နိဗ္ဗာန်ဓမ္မာရုံကို အာရုံပြုရှိ ဖြစ်ပေါ်ကုန်၏။

မူလစာကိုယ် (၆၅) စိတ် ၂၀ တို့သည်၊ ကာမအာရုံ ၆ ပါး ဟောဂ္ဂတဓမ္မာရုံ, ပညတ်ဓမ္မာရုံတို့ကို အာရုံပြုရှိ ဖြစ်ပေါ်ကုန်၏။ ၅ ပါးသော စိတ်တို့သည်၊ ကာမအာရုံ ၆ ပါး မဟဂ္ဂတဓမ္မာရုံ, ပညတ်ဓမ္မာရုံ, အောက်မင်အောက်ဖိုလ် အပွမာဏ ဓမ္မာရုံတို့ကို အာရုံပြုရှိ ဖြစ်ပေါ်ကြကုန်၏။ ၆ ပါးသောစိတ်တို့သည်၊ ကာမ, မဟဂ္ဂတ, အပွမာဏ, ပညတ်ဖြစ်သော အလုံးစုံအာရုံ ၆ ပါးကို အာရုံပြုရှိ ဖြစ်ပေါ်ကြကုန်၏။

---

(၃) ပညတ် ဓမ္မာရုံကို အာရုံပြုရှိ ဖြစ်ပေါ် လာသော စိတ် ၂၁ ပါးဖြစ်သည်။ ၂၁ ပါးမှာ-

ရူပစိတ်	....	၁၅ ပါး၊
အရူပအာကာသာနဉ္ဇာယတနစိတ်		၃ ပါး၊
အာကိဉ္ဇညာယတနစိတ်	....	၃ ပါး၊
	ပေါင်း	၂၁ ပါးဖြစ်သည်။

(၄) နိဗ္ဗာန် ဓမ္မာရုံကို အာရုံပြုရှိ ဖြစ်ပေါ် လာသော စိတ် ၈ ပါးဖြစ်သည်။ ၈ ပါးမှာ လောကုတ္တရာစိတ် ၈ ပါးဖြစ်သည်။

ဤကား၊ အမြဲကေန်အာရုံပြုသော ၄ ပျိုး, ၄ ဌာနတည်း။

အဓိပ္ပာယ် (၆၅) (၅) ကာမ အာရုံ ၆ ပါး၊ မဟဂ္ဂတ ဓမ္မာရုံ ပညတ် ဓမ္မာရုံတို့ကို အာရုံပြုရှိလည်းကောင်း, မပြုပဲလည်းကောင်း ဖြစ်ပေါ်နိုင်သော စိတ်တို့သည် ၂၀ ရှိကုန်၏။

တတိယအကြိမ်

၎င်း ၂၀ တို့မှာ-

အာကုသိုလ်စိတ် ၁၂
မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄
မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄
ပေါင်း ၂၀ ဖြစ်သည်။

(၆) ကာမအာရုံ ၆ ပါး၊ မဟဂ္ဂတဓမ္မာရုံ, ပညတ်ဓမ္မာရုံ အောက်မဂ် ၃, အောက်ဖိုလ် ၃ ဟူသော အပ္ပမာဏဓမ္မာရုံတို့ကို အာရုံပြု၍ လည်းကောင်း၊ မပြုပဲလည်းကောင်း ဖြစ်ပေါ်နိုင်သော စိတ်တို့သည် ၅ ပါးရှိကုန်၏။ ၎င်း ၅ ပါးတို့မှာ-

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄
အာဘိညာဏ်ရူပကုသိုလ်စိတ် ၁
ပေါင်း ၅ ပါးဖြစ်သည်။

(၇) ကာမအာရုံ ၆ ပါး၊ မဟဂ္ဂတဓမ္မာရုံ, ပညတ်ဓမ္မာရုံ, အပ္ပမာဏဓမ္မာရုံတို့ကို အာရုံပြု၍ လည်းကောင်း၊ မပြုပဲ လည်းကောင်း ဖြစ်ပေါ်နိုင်သော စိတ်တို့သည် ၆ ပါးရှိကုန်၏။ ၎င်း ၆ ပါးတို့မှာ-

မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄
အာဘိညာဏ်ရူပကြိယာစိတ် ၁
မနောဒ္ဓါတုဝဇ္ဇန်းစိတ် ၁
ပေါင်း ၆ ပါးဖြစ်သည်။

ဤကား မမြဲသော အနေကန်အာရုံပြုသော ၃ မျိုးတည်း။ ပေါင်း ၇ မျိုးရှိလေသည်။

အာဝုံဖြာ—အကျဉ်းချုပ်ဇယား

စိတ်		ကာလ	အာဝုံ
အကုသိုလ်စိတ် ၁၂		ကာလ ၃ ပါး ကာလ ၃ ပါး ကာလဝိမုတ်	ကာမအာဝုံ ၆ ပါး မဟဂ္ဂတ ဓမ္မာဝုံ ပညတ်ဓမ္မာဝုံ
စက္ခုဝိညာဏ်စိတ်	၂	ပစ္စုပ္ပန်ကာလ	ကာမရူပါဝုံ
သောတဝိညာဏ်	၂	ပစ္စုပ္ပန်ကာလ	ကာမသဒ္ဒါဝုံ
ဃာနဝိညာဏ်	၂	ပစ္စုပ္ပန်ကာလ	ကာမဂန္ဓာဝုံ
ဇိဝှါဝိညာဏ်စိတ်	၂	ပစ္စုပ္ပန်ကာလ	ကာမရသာဝုံ
ကာယဝိညာဏ်	၂	ပစ္စုပ္ပန်ကာလ	ကာမ ဖေါဋ္ဌဗ္ဗာဝုံ
ပဉ္စဒ္ဝါရာဝဇ္ဇန်း	၁	ပစ္စုပ္ပန်ကာလ	ကာမ အာဝုံငါးပါး
သမ္ပဋိစ္ဆန်း	၂	ပစ္စုပ္ပန်ကာလ	ကာမ အာဝုံငါးပါး
သန္တီရဏ	၃	ကာလ ၃ ပါး	ကာမအာဝုံ ၆ ပါး
မနောဒ္ဝါရာဝဇ္ဇန်း	၁	ကာလ ၃ ပါး	ကာမအာဝုံ ၆ ပါး
		ကာလ ၃ ပါး	မဟဂ္ဂတ ဓမ္မာဝုံ
		ကာလ ၃ ပါး	အပ္ပမာဏ ဓမ္မာဝုံ
		ကာလဝိမုတ်	နိဗ္ဗာန်ပညတ်ဓမ္မာဝုံ
ဟသိတုပ္ပါဒ်စိတ်	၁	ကာလ ၃ ပါး	ကာမအာဝုံ ၆ ပါး
ကုသိုလ်ဉာဏ		ကာလ ၃ ပါး	ကာမအာဝုံ ၆ ပါး
ဝိပ္ပယုတ်စိတ်	၄	ကာလ ၃ ပါး	မဟဂ္ဂတဓမ္မာဝုံ
		ကာလဝိမုတ်	ပညတ်ဓမ္မာဝုံ

စိတ်	ကာလ	အာရုံ
ကုသိုလ်ဉာဏ သမ္မယုတ်စိတ် ၄	ကာလ ၃ ပါး	ကာမအာရုံ ၆ ပါး
	ကာလ ၃ ပါး	မဟဂ္ဂတ ဓမ္မာရုံ
	ကာလ ၃ ပါး	အပ္ပမာဏဓမ္မာရုံ
	ကာလ ဝိမုတ်	နိဗ္ဗာန်ပညတ် ဓမ္မာရုံ
မဟာဝိပါက်စိတ် ၈	ကာလ ၃ ပါး	ကာမအာရုံ ၆ ပါး
ကြိယာဉာဏ ဝိပ္ပယုတ် (၄)	ကာလ ၃ ပါး	ကာမအာရုံ ၆ ပါး
	ကာလ ၃ ပါး	မဟဂ္ဂတ ဓမ္မာရုံ
	ကာလ ဝိမုတ်	ပညတ် ဓမ္မာရုံ
ကြိယာဉာဏ သမ္မယုတ်	ကာလ ၃ ပါး	ကာမအာရုံ ၆ ပါး
	ကာလ ၃ ပါး	မဟဂ္ဂတ ဓမ္မာရုံ
	ကာလ ၃ ပါး	အပ္ပမာဏ အပြည့် ဓမ္မာရုံ
	ကာလ ဝိမုတ်	နိဗ္ဗာန်ပညတ် ဓမ္မာရုံ
ရူပစိတ် (၁၅)	ကာလ ဝိမုတ်	ပညတ်ဓမ္မာရုံ
အာကာသာနဉ္စာယတန ၃	ကာလ ဝိမုတ်	ပညတ်ဓမ္မာရုံ
အာကာသာနဉ္စာယတန ၃	ကာလ ဝိမုတ်	ပညတ်ဓမ္မာရုံ
ဝိညာဉဉ္စာယတန ၃	အတိတ်ကာလ	မဟဂ္ဂတဓမ္မာရုံ
နေဝသညာနာသညာ ၃	အတိတ်ကာလ	မဟဂ္ဂတဓမ္မာရုံ
လောကုတ္တရာစိတ် (၈)	ကာလ ဝိမုတ်	နိဗ္ဗာန်ဓမ္မာရုံ

အာရမ္မဏသင်္ဂဟပြီးပြီ။

◇◇

တတိယအကြိမ်

ဝတ္ထုသင်္ဂဟ

မူလစာကိုယ် (၆၆) ဝတ္ထုသင်္ဂဟ၌ ဝတ္ထုတို့သည် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုဟူ၍ ၆ ပါးရှိကုန်၏။

အဓိပ္ပာယ် (၆၆) ဝတ္ထု ဆိုသည်မှာ တည်ရာ ဝတ္ထု ဖြစ်သည်။ မြေကြီးသည် မြေပေါ်ရှိ အရာဝတ္ထု အားလုံးတို့၏ မှီရာ၊ တည်ရာဖြစ်သကဲ့သို့၊ ထို့အတူ စိတ်စေဘသိက် သဘာဝတို့၏ မှီရာ, တည်ရာ, ဖြစ်သောကြောင့် ပသာဒနှင့် ဟဒယရုပ်တို့သည် ဝတ္ထုမည်ကုန်၏။

ထိုဝတ္ထု ၆ ပါးတို့မှာ

၁။ စက္ခုဝတ္ထု (စက္ခုပသာဒရုပ်ခေါ် မျက်စိ အကြည်ဓာတ်)။

၂။ သောတဝတ္ထု (သောတ ပသာဒခေါ် နားအကြည်ဓာတ်)။

၃။ ဃာနဝတ္ထု (ဃာနပသာဒခေါ် နှာခေါင်း အကြည်ဓာတ်)။

၄။ ဇိဝှါဝတ္ထု (ဇိဝှါပသာဒခေါ် လျှာအကြည်ဓာတ်)။

၅။ ကာယဝတ္ထု (ကာယ ပသာဒခေါ် ကိုယ် အကြည်ဓာတ်)။

၆။ ဟဒယဝတ္ထု (သားမြတ်နှစ်ရုတို့၏ အလယ်၌ရှိသောသွေးဓာတ်)။

(အောက်စိတ်ပိုင်း စိတ်ပြစ်ပေါ်ပုံအခန်း၌ပြခဲ့ပြီ)။

တတိယအကြိမ်

စိတ်စေတသိက်သဘာဝ ၅၃ ပါးတို့သည်၊ ဥပ္ပါဒအဖြစ်သို့ ရောက်သောအခါ၊ ဤဝတ္ထု ၆ မျိုးကို အမှီပြု၍ ရောက်ကြကုန်၏။ထိုကြောင့် ဤပတ္ထု ၆ မျိုးသည်၊ အာရုံသံ နာမ်တရား စု ဂ၉ ပါး၊ ဝါစိတ် ဂ၉ ပါး၊ အကျယ် ၁၂၁ ပါးဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းတပါး ဖြစ်ပေသည်။ အပြင် အာရုံအကြောင်းတပါး၊ အတွင်းဝတ္ထုအကြောင်းတပါး၊ ဤ ၂ပါးကြောင့် စိတ် ဂ၉ ပါးတို့သည် ဖြစ်ပေါ်လာကြောင်း အောက်စိတ်ပိုင်းဌ်ပြခဲ့ပြီ။

ဥပ္ပါဒအဖြစ်သို့ရောက်သော အာရုံသိနာမ်တရား ဂ၉ ပါး ဝါစိတ် ဂ၉ ပါး၊ အကျယ် ၁၂၁ ပါးတို့သည် ဝတ္ထု ၆ပါး ကိုမှီတွယ်၍ ဖြစ်ကြကုန်၏ ဆိုသော စကားသည် များသော အားဖြင့် ဆိုသောစကား ဖြစ်ပေ၏။ ဥဘယ်ကြောင့် ဆိုသော်၊ ဝတ္ထုရုပ် ၆ ပါးမရှိသော အရူပဘုံဌ်ဖြစ်သောအခါ၊ ဝတ္ထုကို မမှီပဲဖြစ်ပေါ်ကြသောကြောင့်တည်း။

ဝတ္ထုရုပ် ၆ ပါးတို့သည်၊ ကာမဘုံဌ်သာ အပြည့်အစုံရှိကြကုန်၏။ ရူပဘုံဌ် ဃာန၊ ဇိဝှါ၊ ကာယဝတ္ထု ၃ ပါးမရှိ၊ စက္ခု၊ သောတ, ဟဒယ ဝတ္ထု ၃ ပါးသာရှိကုန်၏။

အရူပဘုံဌ်ကား၊ ဝတ္ထုရုပ် ၆ ပါးလုံး မရှိကြကုန်။

ထို့ကြောင့် အရူပ ဗြဟ္မာများ သန္ဓာန်ဌ် ဖြစ်သော စိတ်တို့သည် ဝတ္ထုရုပ် ၆ ပါးကို မမှီမတွယ်ပဲ အာရုံကြောင့်သာ ဖြစ်ပေါ်ကြကုန်သည်မှတ်။

* * *

တတိယဆက်ကြိမ်

၁။ စာကိုယ် ထိုဝတ္ထုရှင် ဖ ပါးတို့သည် ကာမတုံဠ် ဖ ပါးလုံး
(၆၇) ဖြစ်ကြကုန်၏။
(၆၈) ရူပဘုံဠ် ဃာန, ဇိဝှါ, ကာယဝတ္ထု ၃ ပါးမရ(စက္ခု,
သောတ, ဟဒယ)သာ ရကုန်၏။
(၆၉) အရူပဘုံဠ်ကား ဝတ္ထု ဖ ပါးအားလုံးမဖြစ်ကုန်။
(၇၀) ထို ဝတ္ထုရှင် ဖ ပါးတို့တွင် စက္ခုဝိညာဏ် ဒွေးသည်
စက္ခုဝတ္ထု။
သောတဝိညာဏ်ဒွေးသည် သောတဝတ္ထု။
ဃာနဝိညာဏ်ဒွေးသည် ဃာနဝတ္ထု။
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝတ္ထု။
ကာယဝိညာဏ် ဒွေးသည် ကာယဝတ္ထုဠ် မှီ၍
ဖြစ်ကုန်၏။
၇၁ ပဋ္ဌဒ္ဓါဂုဝဇ္ဇန်း, သမ္မဋိဆန်း ဒွေးဟု ဆိုအပ်သော
မနောဓာတ် ၃ ခုသည် ဟဒယဝတ္ထုကို မှီ၍သာဖြစ်၏။
(သာဖြင့် ဇကန်းကိုပြု၏)။
၇၂ ကြွင်းကျန်သော မနောဝိညာဏဓာတ် ၈၊ သော
ဃန်္ဓာရုံစိတ် ၃၊ မဟာဝိပါက် ၈၊ ဒေါသမူဒွန်း,
သောဘာပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပစိတ် ၁၅၊
ပေါင်း ၃၀ သော စိတ်တို့သည် ဟဒယဝတ္ထုကို မှီ၍
သာလျှင် ဖြစ်ကြကုန်၏။
[၇၀, ၇၁, ၇၂ စကားရပ် ၃ ခု ပါဝင်သော ၃ ခုပါး
သော ဝိုင်္ဂတို့သည် ရုပ်ရှိသော ကမ္မဇကို နှိုးသော
ဖြစ်သောကြောင့်ဆိုင့် ဝတ္ထုရှင်ကိုဒေမြှုပ်ကြသည်။]
၇၃ ကြွင်းကျန်ကုန်သော လောကီ ကုသိုလ် ၁၂၊
အကုသိုလ် ၁၀၊ ကြိယာ ၁၃၊ သောကုဇ္ဇာတ ၇၊
ပေါင်း ၄၂ ပါးကုန်သော စိတ်တို့သည် ဟဒယဝတ္ထု၊

ကိုမှီ၍ လည်းကောင်း၊ မမှီပဲ လည်းကောင်း ဖြစ်ကုန်၏။

(၇၄) အရူပဝိပါက် ၄ ခုတို့သည် ဟာဒယဝတ္ထုကိုအမြဲတမ်း မမှီပဲသာလျှင် ဖြစ်ကုန်၏။

ဝတ္ထုရုပ် ၆ ပါးကို ထိုက်သည်အား လျော်စွာ မှီတဲ့၍ ဖြစ်ပေါ်လာသော အာရုံသိနာမ်တရား ၈၉ ပါး၊ ဝါစိတ် ၈၉ ပါး၊ အကျယ် ၁၂၁ ပါးတို့မှာ အောက်ပါအတိုင်းဖြစ်၏။

အကုသိုလ်စိတ်

အကုသိုလ်စိတ်ဟူ ခေါ်ဝေါ်ရမည့်နာမ်သဘာဝအုပ်စုသည် ဟဒယ ဝတ္ထုကို မှီတွယ်၍ အကုသိုလ်စိတ် ၁၂ ပါး ဖြစ်ပေါ်လာသည်။ (ကာမရူပဘုံ အတွက်)။ ။အကုသိုလ်စိတ် ဟူ ခေါ်ဝေါ်ရမည့် နာမ်သဘာဝ အုပ်စုသည်၊ ဝတ္ထုရုပ်ကို မမှီမတွဲပဲ၊ အကုသိုလ်စိတ် ၁၂ ပါးဖြစ်ပေါ်လာသည် (အရူပဘုံအတွက်)။

အဟိတ်စိတ် ၁၈ တွင်

စက္ခု ဝိညာဏ်စိတ်ဟူ ခေါ်ဝေါ်ရမည့် နာမ် သဘာဝ အုပ်စုသည်၊ စက္ခုဝတ္ထု မျက်စိအကြည်ဓာတ်ကို မှီတွယ်၍စက္ခု ဝိညာဏ်စိတ်၊ ဝါ မြင်သိစိတ် ဖြစ်ပေါ်လာသည်။

သောတဝိညာဏ်စိတ် ဟူ ခေါ်ဝေါ်ရမည့် နာမ် သဘာဝ အုပ်စုသည်၊ သောတဝတ္ထု နားအကြည်ဓာတ်ကို မှီတွယ်၍ သောတဝိညာဏ်စိတ်၊ ဝါ ကြားသိစိတ် ဖြစ်ပေါ်လာသည်။

ဃာန ဝိညာဏ်စိတ် ဟူ ခေါ်ဝေါ်ရမည့် နာမ် သဘာဝ အုပ်စုသည်၊ ဃာနဝတ္ထုနှာခေါင်းအကြည်ဓာတ်ကို မှီတွယ်၍၊ ဃာနဝိညာဏ်စိတ်၊ ဝါ နံသိစိတ်ဖြစ်ပေါ်လာသည်။

ဇိဝှါ ဝိညာဏ်စိတ်ဟု ခေါ်ဝေါ်ရမည့် နာမ် သဘာဝ အုပ်စုသည်၊ ဇိဝှါဝတ္ထု လျှာ အကြည်ဓာတ်ကို မှီတွယ်၍ ဇိဝှါ ဝိညာဏ်စိတ်၊ ဝါ အရသာသိစိတ် ဖြစ်ပေါ် လာသည်။

ကာယ ဝိညာဏ်စိတ် ဟု ခေါ်ဝေါ်ရမည့် နာမ်သဘာဝ အုပ်စုသည်၊ ကာယဝတ္ထု ကိုယ် အကြည်ဓာတ်ကို မှီတွယ်၍ ကာယဝိညာဏ်စိတ်၊ ဝါ ဓတ္တထိသိ စိတ်ဖြစ်ပေါ်လာသည်။

ပဉ္စဒ္ဒါရာဝဇ္ဇန်း သမ္ပဋိစ္ဆန်းဒွေးဟု ခေါ်ဝေါ်ရမည့် နာမ် သဘာဝ အုပ်စုသည်၊ ဟဒယဝတ္ထုကို အမြဲမှီတွယ်၍ ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်၊ သမ္ပဋိစ္ဆန်းစိတ်ဟု ဖြစ်ပေါ်လာသည်။

ထိုဒွေတူ သန္တီရက စိတ်တို့သည် သည်း၊ ဟဒယ ဝတ္ထုကို အမြဲမှီတွယ်၍ ဖြစ်ပေါ်လာကြကုန်၏။

မနောဒ္ဓါရာဝဇ္ဇန်းစိတ်သည်ကား၊ကာမရူပဘုံတို့၌၊ ဟဒယ ဝတ္ထုရုပ်ကိုမှီတွဲ၍၊မနောဒ္ဓါရာဝဇ္ဇန်းစိတ်ဟုဖြစ်ပေါ်လာသည်။ အရူပဘုံ၌ ဟဒယဝတ္ထုရုပ်ကိုမမှီပဲ၊ မနောဒ္ဓါရာဝဇ္ဇန်းစိတ်ဟု ဖြစ်ပေါ်လာသည်။

ဟသိတုပ္ပါဒ် စိတ်သည်လည်း၊ မနောဒ္ဓါရာဝဇ္ဇန်း ကဲ့သို့ ဟဒယကို မှီတွယ်၍လည်းကောင်း၊ မမှီတွယ်ပဲလည်းကောင်း ဖြစ်ပေါ်လာသည်။

ကာမစိတ် ၂၄

မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာစိတ် ၈ ပါးတို့သည် ကာမရူပဘုံတို့၌ ဟဒယဝတ္ထုကို မှီတွယ်၍ ဖြစ်ပေါ်လာကြ

ကုန်၏၊ အရူပဘုံ၌ ဟာဒယဝတ္ထု၌ကို မမှီတွယ်ပဲ ဖြစ်ပေါ်လာကြကုန်၏။

မဟာဝိပါက်စိတ် ၈ ပါးသည်ကား ဟဒယဝတ္ထု၌ကို အမြဲတမ်း မှီတွယ်၍ ဖြစ်ပေါ်လာသည်။

မဟဂ္ဂုတ်စိတ်

ရူပါဝစရစိတ် ၁၅ ပါးသည် ဟဒယဝတ္ထုရုပ်ကို အမြဲတမ်း မှီတွယ်၍ ဖြစ်ပေါ်လာသည်။

အရူပ ကုသိုလ်စိတ်နှင့် အရူပကြိယာစိတ်တို့သည် ကာမရူပဘုံတို့၌ ဖြစ်သောအခါ ဟဒယဝတ္ထု၌ကို မှီတွယ်၍ ဖြစ်ပေါ်လာကြကုန်၏။ အရူပလေးဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထု၌ကိုမမှီတွယ်ပဲ ဖြစ်ပေါ်လာကြကုန်၏။

အရူပဝိပါက်စိတ် ၄ ခုသည်ကား ဟဒယ ဝတ္ထု၌ကို မမှီတွယ်ပဲ ဖြစ်ပေါ်လာကုန်၏။

◈◈

လောကုတ္တရာစိတ် ၈ ပါးတွင်

သောတာပတ္တိမဂ်စိတ်သည်၊ ဟဒယ ဝတ္ထု၌ကို အမြဲတမ်း မှီတွယ်၍ ဖြစ်ပေါ်လာသည်။ ကြွင်းသော လောကုတ္တရာစိတ် ၇ ပါးတို့သည် ကာမရူပဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထု၌ကို မှီတွယ်၍ ဖြစ်ပေါ်လာကုန်၏။ အရူပလေးဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထု၌ကို မမှီတွယ်ပဲ ဖြစ်ပေါ်လာကြကုန်၏။

ဤကား ဝတ္ထု ၆ ပါးကိုမှီတွယ်၍ ပေါ်လာသောအာရုံသိနာမ်ကရား၏ စိတ်အုပ်မည် အမျိုးမျိုးရကာ ဖြစ်ပေါ်လာပုံတည်း။

မူလစောကိုယ် (၇၅) ကာမဘုံ၌ ဝိညာဏခေတ် ၇ ပါးတို့သည်၊ ဝတ္ထု ၆ ပါးတို့ကိုမှီ၍ ဖြစ်ကုန်၏။ ရူပဘုံ၌စက္ခု, သောတ, မန, မနောဝိညာဏ်ခေတ် ၄ ပါးတို့သည် စက္ခု, သောတ, ဟဒယ, ဝတ္ထုသုံးပါးတို့ကိုမှီ၍ ဖြစ်ကုန်၏။ အရူပလေးဘုံ၌ အရူပ ဝိပါက်စိတ် ဟူသော မနောဝိညာဏခေတ်သည်၊ ဝတ္ထုရုပ်ကို မမှီပဲ ဖြစ်နေပါ၏။

အဓိပ္ပာယ် (၇၅) ဝိညာဏခေတ် ၇ ပါးဟူသည်-

၁။ စက္ခုဝိညာဏခေတ်
၂။ သောတ ဝိညာဏခေတ်
၃။ ဃာန ဝိညာဏခေတ်
၄။ ဇိဝှါဝိညာဏခေတ်
၅။ ကာယဝိညာဏခေတ်
၆။ မနောခေတ်
၇။ မနောဝိညာဏခေတ်ဟူ၍ ၇ ပါးဖြစ်ပါသည်။

} ဝိညာဏက္ခန္ဓာ

နာမ်သဘော ၅၃ ပါးတို့၏ ဥပါဒအဖြစ်သို့ ရောက်သော အာရုံသိနာမ်တရား ၈၉၊ ၀၊ စိတ် ၈၉ တို့၏ အာရုံသိပုံ ၃ မျိုး ရှိလေသည်။ ၎င်း ၃ မျိုးမှာ-

၁။ ပဋ္ဌဝိညာဏခေတ် (အာရုံကိုထင်ရှား:သိ—သိသည်)။
၂။ မနောခေတ် (အာရုံကို သိကာမျှသိသည်။)။
၃။ မနောဝိညာဏခေတ် (အာရုံ အထူး:သိ-သိသည်)။

ဤသို့ ခေတ်အား:ဖြင့် စိတ် ၈၉ သိပုံသည် ၃ မျိုး: ကဲ့ပြား:လေသည်။

တတိယအခြေခံ

ဝတ္ထုသင်္ဂဟ၌ ဝတ္ထုရုပ် ၆ ပါး မှီမှီ အာကျဉ်းချုပ်မှာ

ဝတ္ထုရုပ်ကို မှီတွယ်၍သာ ဖြစ်ပေါ်လာသော စိတ်ပေါင်း ၄၃ ပါး။

ဒေါသမူစိတ်	၂	
အဟိတ်စိတ်	၁၇	(မနော ဒွါရာဝဇ္ဇန်း မပါ)။
မဟာဝိပါက်စိတ်	၈	
ရူပစိတ်	၁၅	
သောတာပတ္တိမဂ်စိတ်	၁	
ပေါင်း	၄၃	

ဝတ္ထုရုပ်ကို မှီတွယ်၍ လည်းကောင်း၊ မမှီတွယ်ပဲ လည်းကောင်း ဖြစ်ပေါ်လာနိုင်သော စိတ်ပေါင်း ၄၂ ပါး။

လောဘမူစိတ်	၈	
မောဟမူစိတ်	၂	
မနောဒွါရာဝဇ္ဇန်းစိတ်	၁	
မဟာကုသိုလ်စိတ်	၈	
မဟာကြိယာစိတ်	၈	
အရူပ ကုသိုလ်စိတ်	၄	
အရူပကြိယာစိတ်	၄	
လောကုတ္တရာစိတ်	၂	(သောတာပတ္တိမဂ်စိတ်ကြဉ်)။
ပေါင်း	၄၂	

တတိယအကြိမ်

ဝတ္ထုရုပ်ကို အလျှင်း မမှီတွယ်ပဲ ဖြစ်ပေါ် လာသော စိတ်မှာ—

အရှုပဝိပါက်စိတ် ၄ ပါးဖြစ်သည်။
ဤသို့ ဝတ္ထုမှီစိတ် ၄၃
ဝတ္ထုမှီမမှီစိတ် ၄၂
ဝတ္ထုမမှီစိတ် ၄
ပေါင်း ၈၉ ပါးဖြစ်သည်။

အဘိဓမ္မာဉာဏ် ရင့်လိုသူများ စေတသိက် ၅၂ ပါး သက်သက်ကိုဝတ္ထုဖြင့် ဝေဖန်လိုသော်—

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးသည် ဝတ္ထုရုပ် ၆ ပါးလုံးကိုမှီ၍လည်းကောင်း၊ မမှီပဲလည်းကောင်းဖြစ်ကုန်၏။

ဒေါစတုတ် စေတသိက် ၄ ပါးတို့သည်၊ ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်ကုန်၏။

ကြွင်းစေတသိက် ၄၁ ပါးတို့သည် ဟဒယဝတ္ထုကိုမှီ၍ လည်းကောင်း၊ မမှီပဲလည်းကောင်း ဖြစ်ကုန်၏။
ထို့ကြောင့်—

* ရုံခါမှီ၊ ဆဝတ္ထုက၊ ဒွန်ဒွစ်ဝတည်း၊ ဟဒယစွဲ၊ မှီမြဲလေးဖြာ၊ ရုံခါမှီလစ်၊ ခြောက်ဆယ့်တစ်၊ စိစစ်ဒီပညာ။

ဟု ကျွန်ုပ်တို့၏ ကျေးဇူးရှင့် ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံမဆရာတော်ကြီး ရေးသားတော် မူခဲ့လေသည်။

ပကိဏ်းပိုင်းအကျဉ်းချုပ်မှတ်ဖွယ်

၁။ အာရုံကိုသိတတ်သောစိတ် သဘာဝ ၁။

တတိယစာကြွင်း

၂။ အာရုံကို အထူးသိတတ်သော စေတသိက် သဘာဝ ၅၂။

၃။ ၎င်း ၅၃ ပါးတို့၏ ဥပဒါဒစိတ္တ၊ ဝါစိတ္တုပ္ပါဒ် ၈၉ အကျယ် ၁၂၁။

နံပါတ် ၁ နှင့် ၂ မှာ သဘာဝ သက်သက် ဖြစ်သည်။ နံပါတ် ၃ မှာ၊ သဘာဝတို့၏ ဥပဒါဒဖြစ်သောစိတ် ၈၉၊ ဝါ အကျယ် ၁၂၁ ပါးကို ပြသည်။ ပကိဏ်းပိုင်း၌ နံပါတ် ၃ ကိုသာ သင်္ဂဟ ၆ မျိုးဖြင့် ဝေဖန်ပြသည်ဟု တထစ်ချ မှတ်သားထားပါ။

အမှာ။ ။အထက်ပါ မူ ၃ ချက်ကို သဘောကျ နားလည်အောင် မှတ်သားပြီးသောအခါ၊ သင်္ဂဟ ၆ မျိုးဖြင့် ဝေဖန်ရမည်။

(၁) **ဝေဒနာသင်္ဂဟ** ဝေဒနာ ၅ မျိုးတို့ဖြင့်၊ စိတ္တုပ္ပါဒ် ၈၉၊ အကျယ် ၁၂၁ တို့ကို ထို စိတ္တုပ္ပါဒ် ဖြစ်ပေါ်ခိုက် ခံစားပုံအားဖြင့် ဝေဖန်၍ပြသော အပိုင်းဖြစ်သည်။

(၂) **ဟေတုသင်္ဂဟ** ဟိတ် ၆ မျိုးတို့ဖြင့်၊ စိတ္တုပ္ပါဒ် ၈၉၊ အကျယ် ၁၂၁ ပါးတို့ကို ထိုစိတ္တုပ္ပါဒ် ဖြစ်ပေါ်ခိုက်၊ ယှဉ်-မယှဉ်အားဖြင့် ဝေဖန်၍ပြသောအပိုင်းဖြစ်သည်။

(၃) **ကိစ္စသင်္ဂဟ** ဥပဒါဒ ဖြစ်သောစိတ်၊ ဝါစိတ္တုပ္ပါဒ် ၈၉၊ အကျယ် ၁၂၁ ပါးတို့၏ လုပ်ငန်း (ကိစ္စ) ၁၄ မျိုးကို ဝေဖန်၍ပြသော အပိုင်းဖြစ်သည်။

(၄) ဒွါရသင်္ဂဟ ထို စိတ္တုပ္ပါဒ် ၈၉၊ အကျယ် ၁၂၁ ပါးတို့၏ ထွက်ရာ,အပြင်အာရုံ ၆ ပါးတို့၏ဝင်ရာ ဒွါရ ၆မျိုးတို့ဖြင့်ဝေဖန်ပိုင်းခြားရှိပြသောအပိုင်းဖြစ်သည်။

(၅) အာရမ္မဏသင်္ဂဟ အာရုံ ၆ ပါးကို အာရုံပြု၍၊ ဝါ အစွဲပြု၍ ဖြစ်ပေါ်လာသော စိတ္တုပ္ပါဒ် ၈၉၊ ဝါ အကျယ် ၁၂၁ ပါးတို့ကို သူ့အာရုံနှင့်သူ,အာရုံတို့ဖြင့် ခွဲခြားဝေဖန်၍ ပြသောအပိုင်းဖြစ်သည်။

(၆) ဝတ္ထုသင်္ဂဟ ဝတ္ထုရုပ် ၆ ပါးတို့၌၊ ဝါ တို့ကိုမှီတွယ်၍ ဖြစ်ပေါ် လာသော စိတ္တုပ္ပါဒ် ၈၉၊ ဝါ အကျယ် ၁၂၁ ပါးတို့ကို ဝတ္ထုတို့ဖြင့် ဝေဖန်၍ပြသောအပိုင်းဖြစ်သည်။

ဤသင်္ဂဟ ၆ မျိုးတွင် ဒွါရသင်္ဂဟ၊ အာရမ္မဏသင်္ဂဟ၊ ဝတ္ထုသင်္ဂဟ ၃ ပါးကား၊စိတ်,စေတသိက်သဘာဝ ၅၃ ပါးတို့၏ ဥပ္ပါဒစိတ္တ၊ ဝါ စိတ္တုပ္ပါဒ် အဖြစ် ရောက်အောင် ပြုလုပ်ပေးကြသော ဒွါရအာရုံ ဝတ္ထု အကြောင်းတရား များကို ပြသော သင်္ဂဟများဖြစ်ကြကုန်၏။

ကိစ္စသင်္ဂဟကား၊ ထိုဝတ္ထု, အာရုံအကြောင်းတရားများကြောင့်ဖြစ်ပေါ်လာသော စိတ္တပ္ပါဒ်တို့၏အလုပ်ကိစ္စ လုပ်ငန်းများကို ပြသော သင်္ဂဟဖြစ်သည်။

ဝေဒနာသင်္ဂဟနှင့် ဟေတုသင်္ဂဟ ၂ ပါးကား၊ဥပ္ပါဒစိတ္တ၊ ဝါ စိတ္တုပ္ပါဒ် ၈၉ ဖြစ်ပေါ်လာသောမခ။ ခီစားပုံအားဖြင့် လည်းကောင်း,ဟေတုအကြောင်းတရားများ ယှဉ်-မယှဉ်အားဖြင့် လည်းကောင်း ပြသော သင်္ဂဟများဖြစ်ပေသည်။

ဤသို့သင်္ဃာ ၆ မျိုးတို့ဖြင့် ရောမွှေမ်းရှု ပြသော ပကိဏ်းပိုင်းကို ပြဆိုရခြင်းမှာ၊ အထက် ဝိထီပိုင်း၌ ဥပါဒစိတ္တ၊ ဝါစိတ္တုပ္ပါဒ် ဂဒ္ဓတို့၏ ဖြစ်စဉ် ဝိထီကိုပြသော်အဓါ၊ ဝါစိတ္တုပ္ပါဒ် ဖြစ်စဉ် ဝိထီသို့ရောက်သောအဓါ၊ နားလည်စေရန် အခြံအရံတရားတို့ကို ရှေးဦးက တင်ကြို၍ ပြထားခြင်း ဖြစ်သည်။ အထက် ဝိထီပိုင်း၌ စိတ္တုပ္ပါဒ်ဖြစ်စဉ် ဝိထီတို့သည် ထင်ရှား ဖြစ်လတ္တံ့။

ပကိဏ်းပိုင်း ပြီး၏။

တတိယအကြိမ်

ဝိထိပိုင်း

ဝိထိဟူသည်၊ လမ်းခရီးအစဉ် ဖြစ်သည်။ လမ်းခရီးအစဉ်တို့၏ သဘောမှာ မြို့ရွာကို ကျော်လွန်၍သွားရန်မဖြစ်၊ မကျော်လွန်ပဲ အစဉ်အတိုင်းသွားရ၏။ ထို့အတူ စိတ်တို့၏ဖြစ်စဉ်သည် ဖြစ်သင့် ဖြစ်ထိုက်သော "စိတ္တနိယာမ" အားလျော်စွာ စိတ်အစဉ်ကို ကျော်လွန်၍မဖြစ်၊ မကျော်လွန်ပဲ အစဉ်အတိုင်းဖြစ်ရ၏။ ထို့ကြောင့် စိတ်တို့၏ဖြစ်စဉ်သည်၊ ဝိထိ (လမ်းခရီး) နှင့် တူသောကြောင့်၊ ဝိထိဟု ခေါ်ဆိုရလေသည်။ ၎င်းဝိထိ ခေါ် စိတ်အစဉ်တို့၏ "စိတ္တနိယာမ" အားလျော်စွာ ဖြစ်ပုံကို ပြသော အပိုင်းအခန်းဖြစ်၍၊ "ပဝတ္တိသင်္ဂဟ" ဟု ဤဝိထိပိုင်းကို ရှင်အနုရုဒ္ဓါထေရ် ပြဆိုပေသည်။

အမှာ။ ။စိတ်ဟုသုံးစွဲထားသမျှကို၊ စိတ္တုပ္ပါဒ် ၈၉၊ ၀၊ ၁၂၁ ဟု မှတ်ပါ။

ဤဝိထိပိုင်း၌ ရှေးဦးစွာ သိထားရမည့် အခြေခံ အုတ်မြစ် ၃၆ တို့ကို သိသင့်၏။

၎င်းတို့မှာ—

၁။ ဝတ္ထု ၆ ပါး။ ၄။ ဝိညာဏ် ၆ ပါး။
၂။ ဒွါရ ၆ ပါး။ ၅။ ဝိထိ ၆ ပါး။
၃။ အာရုံ ၆ ပါး။ ၆။ ဝိသယပ္ပဝတ္တိ ၆ ပါး။

ထိုကွင် ဝတ္ထု ၆ ပါး, ဒွါရ ၆ ပါး, အာရုံ ၆ ပါးတို့၏ အဓိပ္ပာယ်နှင့် သရုပ်များကို၊ အောက်ပကိဏ်းပိုင်း၌ ပြထိုခဲ့ပြီး ဖြစ်၍ သိပြီ ဖြစ်သဖြင့် မပြတော့ပေ။

(၄) ဝိညာဏ် ၆ ပါးမှာ-

၁။ စက္ခုဝိညာဏ် (အဟိတ်စိတ်၌ပါသော စက္ခုဝိညာဏ်စိတ်)။
၂။ သောတဝိညာဏ် (-သောတဝိညာဏ်စိတ်)။
၃။ ဃာနဝိညာဏ် (-ဃာနဝိညာဏ်စိတ်)။
၄။ ဇိဝှါဝိညာဏ် (-ဇိဝှါဝိညာဏ်စိတ်)။
၅။ ကာယဝိညာဏ် (-ကာယဝိညာဏ်စိတ်)။
၆။ မနောဝိညာဏ်(-ကြွင်းသောစိတ် ၇၉ ပါး)။

(၅) ဝီထိ ၆ ပါးမှာ-

၁။ စက္ခုဒ္ဓါရဝီထိ၊ သို့မဟုတ် စက္ခုဝိညာဏဝီထိ။
၂။ သောတဒ္ဓါရဝီထိ ။ သောတဝိညာဏဝီထိ။
၃။ ဃာနဒ္ဓါရဝီထိ ။ ဃာနဝိညာဏဝီထိ။
၄။ ဇိဝှါဒ္ဓါရဝီထိ ။ ဇိဝှါဝိညာဏဝီထိ။
၅။ ကာယဒ္ဓါရဝီထိ ။ ကာယဝိညာဏဝီထိ။
၆။ မနောဒ္ဓါရဝီထိ ။ မနောဝိညာဏဝီထိ။

(၆) ဝိသယပွဝတ္တိ ၆ ပါးမှာ-

၁။ အတိမဟန္တာရုံ
၂။ မဟန္တာရုံ
၃။ ပရိတ္တာရုံ
၄။ အတိပရိတ္တာရုံ
} ပဉ္စဒ္ဓါရဝိသယပွဝတ္တိ ၄ ပါး။

၅။ ဝိဘူတာရုံ
၆။ အဝိဘူတာရုံ
} မနောဒ္ဓါရ- ဝိသယပွဝတ္တိ ၂ ပါး။

ရင်းပိသယပွဝတ္တိ ၆ မျိုးတို့၏ အဓိပွာယ် နောက်၌ ထင်ရှားလတ္တံ့

တတိယအကြိမ်

အမှာ။ ။ဤအခြေခံသရုပ်ကို ကျက်မှတ်ထားပါ။ သို့မှသာ နား လည်မည်။

အထက်ပါဆက္က ၆ မျိုး(၆×၆) ၃၆ မျိုးတို့တွင် ဝိညာဏ် ၆ ပါးသည် အောက်စိတ်ပိုင်း အဟိတ်စိတ်၌ ပြခဲ့သော စက္ခု ဝိညာဏ်စိတ် စသည်ပင်ဖြစ်၏။

ဝိထိ ၆ ပါးအဓိပ္ပာယ်

၁။ စက္ခုဒ္ဒါရဝိထိဟူသည် မျက်စိတံခါးပေါက်မှ ဖြစ်သော စိတ်အာဂုံကို ခေါ်သည်။ ၎င်းကိုပင် တမျိုးအားဖြင့် စက္ခု စိညာဏ်စိတ်နှင့် တစပ်တည်း ဖြစ်ပေါ်သောကြောင့် စက္ခု ဝိညာဏဝိထိဟု ခေါ်ရသည်။

၂။ သောတဒ္ဒါရဝိထိဟူသည် နားတံခါးပေါက်မှ ဖြစ် သော စိတ်အစဉ်ကို ခေါ်သည်။ ၎င်းကိုပင် တမျိုးအားဖြင့် သောတဝိညာဏ်စိတ်နှင့် တစပ်တည်း ဖြစ်ပေါ်ကြသောကြောင့် သောတဝိညာဏဝိထိဟု ခေါ်ရသည်။

၃။ ဃာနဒ္ဒါရဝိထိ ဟူသည် နှာခေါင်း တံခါးပေါက်မှ ဖြစ်သော စိတ်အစဉ်ကိုခေါ်သည်။ ၎င်းကိုပင် တမျိုးအားဖြင့် ဃာနဝိညာဏ်စိတ်နှင့် တစပ်တည်း ဖြစ်ပေါ်ကြသောကြောင့် ဃာနဝိညာဏဝိထိဟု ခေါ်ရသည်။

၄။ ဇိဝှါဒ္ဒါရဝိထိ ဟူသည် လျှာတံခါးပေါက်မှဖြစ်သော စိတ်အစဉ်ကို ခေါ်သည်။ ၎င်းကိုပင် တမျိုးအားဖြင့် ဇိဝှါ ဝိညာဏ်စိတ်နှင့် တစပ်တည်း ဖြစ်ပေါ်ကြသော ကြောင့် ဇိဝှါ ဝိညာဏဝိထိဟု ခေါ်ရသည်။

၅။ ကာယဒ္ဓါရ ဝီထိဟူသည် ကိုယ်တံခါးပေါက်မှ ဖြစ်သော စိတ်အစဉ်ကို ခေါ်သည်။ တနည်း ကာယဝိညာဏ်စိတ်နှင့် တစပ်တည်း ဖြစ်ပေါ်လာသောကြောင့် ၎င်းစိတ်အစဉ်ကို ကာယဝိညာဏ ဝီထိဟုခေါ်သည်။

၆။ မနောဒ္ဓါရဝီထိဟူသည် ဘဝင်စိတ်တံခါးပေါက်မှဖြစ်ပေါ်သော စိတ်အစဉ်ကိုခေါ်သည်။ တနည်း မနောဝိညာဏ်ခေါ် စိတ်တို့၏ ဖြစ်စဉ်ဖြစ်သောကြောင့် မနောဝိညာဏဝီထိဟု ခေါ်ရပြန်သည်။

ဝိသယပ္ပဝတ္တိ၏ အဓိပ္ပာယ်

ဝိသယ=အာရုံ။ ပဝတ္တိ= ဖြစ်ခြင်း။

ဝိသယပ္ပဝတ္တိ- အာရုံတို့၏ဖြစ်ပုံ။

အာရုံတို့၏ဖြစ်ပုံသည် မူအားဖြင့် ၂မျိုးရှိသည်။ (၁) အာရုံ ၆ ပါးတို့၏ ဒ္ဓါရ ၆ ပါးတို့၌ဖြစ်ပုံ၊ (၂) အာရုံ ၆ ပါးတို့၌ စိတ်တို့၏ဖြစ်ပုံအားဖြင့် ၂ မျိုးရှိသည်။ ထိုတွင် ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိမှာ (၁) အမျိုးအစား ဖြစ်သည်။ ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိမှာ (၂) အမျိုးအစားဖြစ်သည်။

ဤနေရာ၌ ဝီထိစိတ်ဆိုသည်မှာ ၈၀ ရှိသည်။

ဝီထိမုတ်စိတ်ဆိုသည်မှာ ၉ ပါးရှိသည်။ (၎င်း ၉ ပါးမှာ ဝီထိမုတ်စိတ် ဧကန်ကိုသာ ပြဆိုသည်။ ဖြစ်ထိုက်သော ဝီထိမုတ်စိတ်မှာ ၁၉ ပါးရှိသည်။ အထက်၌ ထင်ရှားလတ္တံ့)။

ဝီထိစိတ် ၈၀ တို့သည်၊ အာရုံ ၆ ပါးတို့၏ ဒ္ဓါရ ၆ ပါးတို့၌ တိုက်ဆိုင်မိသောအခါ ဖြစ်ပေါ်လာသော၊ ဝါ ဖြစ်ပေါ်နိုင်သော စိတ်များဟု ဆိုလိုရင်းဖြစ်သည်။

ဝိထိမုတ်စိတ် ၁၉ ပါး၊ ဝါ ဝိထိမုတ်အစစ် ၉ ပါးတို့မှာ အာရုံများ၏ ဒွါရတို့၌ တိုက်ဆိုင်မိသဖြင့် မဖြစ်ပေါ်နိုင်။ ဒွါရ ၆ ဖျားမှလွတ်၍ အာရုံများကိုစွဲ၍ ဖြစ်ပေါ်လာသော စိတ်များ ဟု ဆိုလိုရင်းဖြစ်ပေသည်။

ထိုသို့မူအားဖြင့် ဖြစ်သော ဝိသယပွဲဝတို့ ၂ မျိုးတို့တွင် (၁) နံပါတ် ဝိထိစိတ်တို့၏ ဝိသယပွဲဝတို့သည်၊ ပဥ္စဒွါရ မနောဒွါရအားဖြင့် ၂ မျိုးရှိသည်။ ထိုတွင် ပဥ္စဒွါရ၌ အာရုံတို့၏ဖြစ်ပုံသည်၊ ဒွါရနှင့်အာရုံတို့၏ အနိုးအငေး ဒိဂရီ အလိုက် ၄ မျိုးရှိသည်။ မနောဒွါရ၌ကား အာရုံတို့၏ ထင်ရှား မထင်ရှားအားဖြင့်၊ ၂ မျိုးပေါင်း ဝိသယပွဲဝတို့ ၆ မျိုးဖြစ်သည်။ ၎င်း ၆ မျိုးတို့၏ သရုပ်ကို ဇာထက်၌ပြခဲ့ပြီ။ အဓိပ္ပာယ်မှာ-

၁။ အတိမဟန္တာရုံ ဟူသည်၊ အနိုးကပ်ဆုံးဖြစ်၍ အလွန်ထင်ရှားသော အာရုံဖြစ်သည်။

၂။ မဟန္တာရုံဟူသည်၊ နိုးကပ်၍ ထင်ရှားသော အာရုံဖြစ်သည်။

၃။ ပရိတ္တာရုံဟူသည်၊ ဝေး၍ မထင်ရှား၊ အားနည်းသော အာရုံဖြစ်သည်။

၄။ အတိပရိတ္တာရုံဟူသည်၊ အလွန်ဝေး၍ ဘာမျှမထင်ရှား (အဓိပ္ပာယ်ပေါ်လွင်ထင်ရှားအောင်၊ ခေတ်စကားနှင့် အနိုးဆုံး ပြန်ဆိုထားသည်)။

၅။ စိဘူတာရုံဟူသည်၊ မနောဒ္ဓါရ၌ ထင်ရှား ပေါ်လွင်လာသော အာရုံ။

၆။ အစိဘူတာရုံဟူသည်၊ မနောဒ္ဓါရ၌ မထင်ရှားမပေါ်လွင်သောအာရုံ။

အတီမဟာန္တာရုံ၊ မဟန္တာရုံဖြစ်ခြင်း အကြောင်းများ

၁။ ဒုါဂုဇခေါ်, ဝတ္ထုဇခေါ် ပဿာဒအကြည်ဓာတ်နှင့် အာရုံတို့၏ နိုးကပ်ခြင်း။

၂။ ပဿာဒ အကြည်ဓာတ်တို့၏ ကျန်းမာ သန့်ရှင်း၍အား ကောင်းခြင်း။

၃။ အာဝဇ္ဇလာက အလင်းဓာတ်အား ကောင်းခြင်း (စက္ခု အတွက်)။

အာကာသ ဟင်းလင်း အပေါက် အဆင်း အား ကောင်းခြင်း (သောတအတွက်)။

ဝါတ- ဓလ (လေအောက်ဖြစ်ခြင်း) အားကောင်း ခြင်း (ဃာနအတွက်)။

အာဇပါ၊ အစို အစွတ် ဓာတ် အားကောင်းခြင်း (ဇိဝှါအတွက်)။

ပထဝီ၊ မာမှု ပျော့မှု၊ တေဇော၊ ပူမှု, အေးမှု၊ ဝါယော၊ လှုပ်ရှားမှု ဓာတ် ၃ ပါး၏ အားကောင်းခြင်း

၄။ အာရုံတို့၏ ကြီးမားထင်ရှား ပီသခြင်း စသည်မျှား ဖြစ်၏။

တတိယ အကြိမ်

ပရိတ္တာဝုံ၊ အတိပရိတ္တာဝုံဖြစ်ခြင်း အကြောင်းမျာ်းမှာ

၁။ ပသာဒ အကြည်ဓာတ်နှင့် အာဝုံတို့၏ ဝေးခြင်း, အလွန်ဝေးခြင်း။

၂။ ပသာဒ အကြည်ဓာတ်တို့၏ အားနည်းခြင်း, အလွန်အားနည်းခြင်း။

၃။ အလောက စသော အကြောင်းတို့၏ အားနည်းခြင်း-

၄။ အာဝုံတို့၏ သေးငယ်ခြင်း, မှုန်မှား, မထင်ရှား, မပီသခြင်းစသည်မျာ်း ဖြစ်၏။

အမှာစကား။ ။ပဲ့ဆွဲရတို့ဉာဏ်အာဝုံတို့၏ ဖြစ်ပုံဝိသယပွဝတ္ထို ၄ မျိုးကို၏ ဖြစ်ကြောင်းမျာ်းမှာ ပကတိ အကြောင်းမှတပါး၊ ကန်ခိုး၊ အဘိညာဏ် စသည်တို့ဖြင့်လည်း အတိမဟန္တ စသည် ဖြစ်နိုင်သည်ဟု အထူး မှတ်သားပါ၊ ဖြစ်လေ။(ဒိဗ္ဗစက္ခု အဘိညာဏ်, ဒိဗ္ဗသောတ အဘိညာဏ်တို့၌ အတိမဟန္တဖြစ်သည်သာ)။

ဝိထိ အမျိုးအစား

ဝိထိအခြေခံမျာ်းကို ပြုပြီး၍၊ ဝိထိအမျိုးအစားကို ပြဦးမည်။

ဝိထိသည် ပဉ္စဒ္ဒါရဝိထိ မနောဒ္ဒါရဝိထိ ဟူ၍ အခြေခံအားဖြင့် ၂ မျိုးရှိရာ၊ ပဉ္စဒ္ဒါရဝိထိ ၅ မျိုး၌၊ ဝိသယပွဝတ္ထို အကဲ့သ[illegible] ၄ မျိုး ဟူ၍ ကာမဝိထိပေါင်း ၁၄ မျိုးရှိသည်။ မနောဒ္ဒါရစျာနဝိထိ၊ မဂ္ဂဝိထိတို့ကား ဒေါက်မှုပြဆိုမည်။ ဤဒွါရဝိထိ ၁၄ တို့ကို ရှေးဦးစွာ ပြပေအံ့။

ပဉ္ဇဒ္ဒါရဝီထိ ၇၅ မျိုးမှာ—

(၁) စက္ခုဒ္ဒါရဉ်အတိမဟန္တာရုံဝီထိ ၁ မျိုး
မဟန္တာရုံဝီထိ ၂ မျိုး
ပရိတ္တာရုံဝီထိ ၆ မျိုး } ၁၅ မျိုး။
အတိပရိတ္တာရုံဝီထိ ၆ မျိုး

ထိုအတူ သောတဒ္ဒါရဉ် .... ၁၅ မျိုး၊
ဃာနဒ္ဒါရဉ် .... ၁၅ မျိုး၊
ဇိဝှါဒ္ဒါရဉ် .... ၁၅ မျိုး၊
ကာယဒ္ဒါရဉ် .... ၁၅ မျိုး၊
ပေါင်း၊ ပဉ္ဇဒ္ဒါရဝီထိပေါင်း .... ၇၅ မျိုး ဖြစ်သည်။

မနောဒ္ဒါရဝီထိ ၉ မျိုးမှာ—

(၂) ဝိဘူတာရုံပီထိ ၆
အဝိဘူတာရုံဝီထိ .... ၃ } ပေါင်း ၉ ပါး။

အမှာ။ ။ဤသိလွယ်သော ကာမဝီထိအမျိုးအစားကိုသာ မှတ်ထားနှင့်ဦး။ ခက်ခဲသော ဈာနဝီထိ, မဂ္ဂဝီထိ အမျိုး အစားများကို နောက်၌သိရလတ္တံ့။

ဝီထိအခြေခံ

ဝီထိခေါ် စိတ်အစဉ်ဖြစ်ပေါ်ရန် အခြေခံဖြစ်သော ဝတ္ထုစသော ရုပ်ဘရားများတို့၏ ဆက်စပ်ဖြစ်ပေါ်ပုံမှာ အောက်ပါနမူနာအတိုင်းဖြစ်သည်။

တတိယအကြိမ်

ပဉ္ဇဒ္ဓါရာဝဇ္ဇန်း စသော စက္ခုဒ္ဓါရဝီထိ စိတ် အစဉ်တခုကို နမူနာအဖြစ်ပြပေအံ့။

၁။ ပဉ္ဇဒ္ဓါရာဝဇ္ဇန်းဖြစ်မည့် နာမ်သဘာဝတို့သည်၊ ဟဒယ ဝတ္ထုကိုမှီ၍၊ စက္ခုဒ္ဓါရ၌ ရူပါရုံကို အာရုံပြုလျက်၊ ပဉ္ဇဒ္ဓါရာ ဝဇ္ဇန်းစိတ္တုပ္ပါဒ်ဟု ဖြစ်ပေါ် လာသည်။ ထိုနောက်

၂။ စက္ခုဝိညာဏ်ဖြစ်မည့် နာမ်သဘာဝ တို့သည်၊ စက္ခု ဝတ္ထုကိုမှီ၍၊ စက္ခုဒ္ဓါရ၌ ရူပါရုံကို အာရုံ ပြုလျက်၊ စက္ခု ဝိညာဏ် စိတ္တုပ္ပါဒ်ဟု ဖြစ် ပေါ် လာ သည်။ ထိုနောက်

၃။ သမ္ပဋိစ္ဆန်း ဖြစ်မည့် နာမ်သဘာဝတို့သည် ဟဒယ ဝတ္ထုကိုမှီ၍ စက္ခုဒ္ဓါရ၌ ရူပါရုံကို အာရုံပြုလျက်။သမ္ပဋိစ္ဆန်းစိတ္တုပ္ပါဒ်ဟု ဖြစ်ပေါ်လာသည်။ ထိုနောက်

၄။ သန္တီရဏဖြစ်မည့် နာမ်သဘာဝတို့သည်၊ ဟဒယဝတ္ထုကိုမှီ၍ စက္ခုဒ္ဓါရ၌ ရူပါရုံကို အာရုံပြုလျက်။သန္တီရဏ စိတ္တုပ္ပါဒ်ဟု ဖြစ်ပေါ်လာသည်။ ထိုနောက်

၅။ ဝုဋ္ဌောကိစ္စဖြစ်မည့်နာမ်သဘာဝတို့သည်၊ ဟဒယဝတ္ထုကိုမှီ၍၊ စက္ခုဒ္ဓါရ၌၊ ရူပါရုံကို အာရုံပြုလျက်၊ ပုဋ္ဌော စိတ္တုပ္ပါဒ်ဟု ၂ ကြိမ် ဖြစ်ပေါ်လာသည်။

၆။ ဇောကိစ္စဖြစ်မည့် နာမ်သဘာဝတို့သည်၊ ဟဒယဝတ္ထုကိုမှီ၍၊ စက္ခုဒ္ဓါရ၌၊ရူပါရုံကို နှစ်သက်သမှု အာရုံပြုလျက်။လောဘဇောစိတ္တုပ္ပါဒ်ဟု ဖြစ်ပေါ်လာသည်။

ထိုဇောသည်၊ ၃ ကြိမ်ဖြစ်ပေါ်လာ၏။ထိုသို့ အရှိန်အဝါ ပြင်း၍ သတ္တိ ထက်မြက်သောကြောင့်ပင် ဇောဟု ခေါ်လေသည်။

၃။ တဒါရုံကိစ္စ ဖြစ်မည့် နာမ်သဘာဝတို့သည် ဟဒယ ဝတ္ထုကိုမှီ၍၊ စက္ခုဒ္ဒါရဋ္ဌ ရူပါရုံကို အာရုံပြုလျက် တဒါရုံစိတ္တပ္ပါဒ်ဟု ၂ ကြိမ် ဖြစ်ပေါ်လာ၏။

ဤသို့ ဝတ္ထု, ဒ္ဒါရ, အာရုံ,တို့သည် ဆက်စပ်ဖြစ်ပေါ် ကြသည်။

သောတ ဒ္ဒါရ ဒီထိစိတ် အစဉ်တို့၌လည်း၊ ဤအတူ သိပါ၀ေ့လ။

ဆက္က ၆ မျိုး အကျဉ်းမှာ

ဝတ္ထုဒ္ဒါရဖဿာရုံ ၃ ပါးတို့သည်ကား၊ အကြောင်း တရားမျိုး။

ဒီထိ(စိတ်အစဉ်)သည်ကား၊အကြောင်းကြောင့် ဖြစ် ပေါ်လာသော အကျိုးတရားမျိုး။

စိသယပ္ပတ္တိကား၊ ဒ္ဒါရနှင့် အာရုံတို့မှီဖြစ်ပုံ, အတိုင်း အပေါင်းမျိုး။

ဝိညာဏ် ၆ မျိုးမှာ ဘာရုံဘိပုံ ၆ မျိုး၊ ဤသို့ အကျဉ်း တင်ပါ။

ဒီထိဖြစ်ပုံ

ဒီထိနှင့်စဉ်လျဉ်းသော အခြေခံ အဓိပ္ပာယ်မျှားကို ပြပြီး၍ ဒီထိဖြစ်ပေါ်လာပုံကို ရှင်း၍ပြဦးမည်။

တတိယအကြိမ်

မူလစာကိုယ် စိတ္တိကွဏ တချက်လွန်ကုန်သော၊ စိတ္တကွဏများစွာ
(၁၀) လွန်ကုန်သော၊ ဌီသို့ရောက်သည်သာလျှင် ဖြစ်ကုန်သော အာရုံငါးပါးတို့သည်၊ငါးဒွါရတို့၌ ထင်ခြင်းသို့ရောက်ကုန်၏၊ထို့ကြောင့်၊ စိတ္တကွဏတချက်လွန်သော ရူပါရုံသည် စက္ခုပသာဒ အကြည်ဓာတ်အားထင်ခြင်းသို့ အကယ်၍ရောက်အုံ။ (၀၊ ရောက်သည်ဟု ဆိုကြပါစို့။)
(၁၁) ထိုသို့ ထင်ခြင်းသို့ရောက်ခြင်းကြောင့်၊နှစ်ကြိမ် ဘာင်လှုပ်သည်ရှိသော်၊ ဘဝင်အလျင်ကိုဖြတ်၍ ထိုရူပါရုံကိုပင် ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဖြစ်၍ချုပ်၏။
(၁၂) ထိုနောက်၊ ထိုပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ထိုရူပါရုံကိုသာလျှင် မြင်တတ်သောစက္ခုဝိညာဏ်စိတ်သည်လည်းကောင်း၊ လက်ခံ သိမ်းပိုက် တတ်သော သမ္ပဋိစ္ဆန်းစိတ်သည် လည်းကောင်း၊ စူးစမ်းတတ်သော သန္တီရဏစိတ်သည် လည်းကောင်း၊ ပိုင်းခြားသတ်မှတ်တတ်သော ပုဋ္ဌာစိတ်သည်လည်းကောင်း အစဉ်အတိုင်းဖြစ်ကြ၍ ချုပ်ကြကုန်၏။
(၁၃) ထိုနောက် တခုယုတ်(ရော့)သုံးဆယ်သော ကာမဇောတို့တွင်၊တစုံတခုသော ဇောသည် အကြောင်းကိုရ၍ များသောအားဖြင့် ၇ ကြိမ်စောဏ်။ (၁၊) ၇ ကြိမ် ဆက်ခါဖြစ်၍ ချုပ်၏။
(၁၄) ဇောသို့ အစဉ်လိုက်ကုန်သော တဒါရုံ ဝိပါက်စိတ်တို့သည်လည်း ၂ ကြိမ်ထိုက်သည့်အားလျော်စွာ ဖြစ်ကြကုန်၏။ထိုနောက် ဘဝင်စိတ်များ ကျဘော့သည်။
(၁၅) ဤမျှအတိုင်းအရှည်ဖြင့်ဝီထိစိတ္တုပ္ပါဒ် ၁၄၊ဘဝင်စလန ၂၊ အတီတဘဝင်စိတ် ၁၊ ပေါင်း စိတ္တကွဏ ၁၇

ချက် ပြည့်ကုန်၏။ ထိုနောက် ရှုပါရုံသည် စိတ္တက္ခဏာ ၁၇ ချက်ပြည့်သဖြင့်ချုပ်၏၊ ဤရုပါရုံမျိုးသည်အတိ မဟန္တရုပါရုံမည်၏။

အဝိပ္ပဝယ် ၁၀-၁၅ နံပါတ် ၁၀ မှ ၁၅ ထိ စကားရပ်များဖြင့် အတိမဟန္တ ရုပါမကို အကြောင်းပြု၍ဖြစ်ပေါ် သော စက္ခုဒ္ဒါရဝီထိစိတ်အစဉ်ကို ပြပေသည်။

လိုရင်းအချုပ်

အတိမဟန္တာရုံ၊ စက္ခုဒ္ဒါရဝီထိဖြစ်စဉ်မှာ—

(ရှေ့)ဘဝင် (အတီတသဝင်၊ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊စက္ခုစိညာဏ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ ဝုဋ္ဌေဗ၊ ဇော ၇ ကြိမ်၊တဒါရုံ ၂ ကြိမ်) (နောက်) ဘဝင်။

အမှာ။ ။ဤစိတ်အစဉ် နာမည်များကို ကျက်မှတ်ထားပါ။နောက်၌ အတိုကောက် ရေးသားထားလိမ့်မည်။

အထက်ပါအတိုင်း ဝီထိစိတ် ၁၄ မျိုး၊ဘဝင်္ဂစလန ၂ မျိုး၊ အတီတဘဝင် ၁ မျိုး၊ ပေါင်းစိတ်ကွက ၁၇ ချက်၊ အတီတ ဘဝင်စိတ်၏ ဥပါဒ်မှဖြစ်သော ရုပါရုံသည်၊ စိတ္တက္ခဏ ၁၇ ချက်ခန့်လောက် အသက်ရှည်သဖြင့်၊ ဒုတိယ တဒါရုံစိတ်၏ ဘင်ခဏမှာ ချုပ်သွားလေသည်။

အကျယ်အဝန်းဖြင့် ရှင်းလင်းချက်

သက်ရှိ သတ္တဝါတို့ သန္တာန်၌ နာမ်တရားတို့၏ ဖြစ်ပေါ်ခြင်းသည် ၂ မျိုးရှိသည်။

တတိယအကြိမ်

၁။ မူလပဉ်ကိုဘဝင်စိတ်ခေါ် နာမ်တရားဖြစ်စဉ် (၀၊) ဝီထိမုတ်စိတ်ဖြစ်စဉ်။

၂။ အာရုံသစ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဝီထိစိတ် ဖြစ်စဉ်ဟူ၍ ၂ မျိုး။

ထိုဖြစ်စဉ် ၂ မျိုးကို မူအားဖြင့် မှတ်ထားပါ။

သတ္တဝါတို့သန္တာန်၌ အမြဲမပြတ် ဖြစ်ပေါ်နေသော ဘဝင်စိတ်အစဉ်သည် အာရုံသစ်နှင့် မတိုက်ဆိုင် မကြုံကြိုက်မီ၊ ၎င်းဘဝင်စိတ်မျှားသာ အမြဲမပြတ် ဖြစ်ပေါ်နေရလေသည်။ သူတို့သာ ပြတ်သွားပါက၊ ရုပ်ဓန္ဓာ ကိုယ်ကြီးသည် အသုံးမကျပဲ သေသည်ဟု ခေါ်ဝေါ်ကြရတော့သည်။ ထို့ကြောင့်၊ လောကကြီးက ၎င်းဘဝင်စိတ်ကိုပင် အသက်ဟုလည်းကောင်း၊ ဝိညာဏ်ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။ ဝီထိ, ဝီထိဟု ခေါ်နေသော စိတ်အစဉ်မှာကား၊ အမြဲဖြစ်နေသည်မဟုတ်၊ အာရုံနှင့် တွေ့ကြုံမှ ပေါ်လာသော နောက်ဖြစ် စိတ်အစဉ်ဖြစ်လေသည်။

၁။ မူလဘဝင်စိတ်သည်ကား၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, ၃ ပါးကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။

၂။ ဝီထိစိတ်အစဉ်သည်ကား၊ အာရုံသစ် ၆ ပါးကို အာရုံပြု၍ ဖြစ်ခဲပါ၏။

ထိုကြောင့် ဝီထိစိတ်၏ အာရုံနှင့်မှီရာဝတ္ထု ရုပ်ဘရားတို့၏ အသက်အတိုင်းအရှည်ကို မျှော်ဦးစွာ သိသင့်လေသည်။

အာရုံ, ဝတ္ထုရုပ် တရား တို့၏ အသက်မှာ စိတ္တက္ခဏ ၁၇ ချက်၊ ခဏငယ် ၅၁ ချက် (၀၊) နာမ်သက် ၁၇ ချက်

ခန့်လောက်ရှိသည်။ နာမ်သက်မှာ စိတ္တက္ခဏ ၁ ချက်၊ ခဏငယ် ၃ ချက်ဖြစ်သည်။ ခဏငယ် ၃ ချက်ဟူသည်၊ ဖြစ်,တည်,ပျက်, ၃ ခုဖြစ်သည်။

''စိတ္တက္ခဏတစ်ချက်လွန်ကုန်သောဘာရုံငါးပါး''

အဓိပ္ပာယ်မှာ၊ သတ္တဝါတို့သန္တာန်ဝယ် မူလဘဝင် စိတ်အစဉ်ဖြစ်နေရာမှ အာရုံသစ် ရူပါရုံကို ဒွါရုံပြု၍၊ ဝါ အဆင်းကို မျက်စိဖြင့်မြင်၍၊ စက္ခုဒွါရဝီထိစိတ် ဖြစ်ရာဘဝ့်မည့် အခါ၊ ရူပါရုံသည် စက္ခုပသာဒအား မထင်မီ ကျော်လွန်၍၊ မူလဘဝင်စိတ် တကြိမ်ဖြစ်သွားလေ၏။ ထိုရူပါရုံသည် မူလဘဝင်စိတ်တကြိမ် အလွန်ခံရသော အာရုံဖြစ်လေ၏။

လွန်သည်-ဆိုသည်မှာ၊ ရူပါရုံနှင့် စက္ခုပသာဒတို့ ပြိုင်ဆိုင်မိသည့်အခါ၊ ဝီထိဇောတ်ဖြစ်ဖို့ရာ ဓမ္မတာဖြစ်၍၊ ဝီထိစိတ်မဖြစ်သေးနိုင်ပဲ၊ မူလဘဝင်စိတ် တကြိမ်ဖြစ်, ချုပ်၍ အလွန်ခံလိုက်ရသဖြင့်၊ လွန်သည်ဟု သုံးစွဲရလေသည်။

ရူပါရုံသည် ဌီသို့ရောက်၍ အားရှိသဖြင့် စက္ခုပသာဒအား ထင်လာမြင်လာသော အခါမှာလည်း ဝီထိစိတ် မဖြစ်သေးပဲ ဖြစ်နေကျ မူလ ဘဝင်စိတ်သည် ပြတ်ရတော့မည်ဖြစ်၍ မူလဘဝင်စိတ်သည် တုန်လှုပ်သောအားဖြင့် ၂ ကြိမ် ဖြစ်သေး၏။ ၎င်းဘဝင်စိတ် ၂ ကြိမ်ကိုကား ရူပါရုံသည် စက္ခုပသာဒအား ထင်လာ မြင်လာပြီဖြစ်၍ ဓကျော်လွန်သွားသော ဘဝင်စိတ်ဟု မခေါ်ရဘဲ၌ပဲ၊ ထိုလှုပ်သဖြင့် ဖြစ်သောကြောင့် စလနဘဝင်ဟု ခေါ်ရသည်။ ထိုဘဝင်စိတ်သည် တကြိမ်သာမဟုတ် ၂ ကြိမ်ဖြစ်လေသည်။

ဆိုလိုရင်းမှာ ရူပါရုံနှင့် စက္ခုပသာဒ အကြောင်းတရားတို့ ပေါင်းဆုံစုဝေးမိသောအခါ၊ ဝိထိစိတ်ဖြစ်ရမည်မှာ မေ့မတာ ဖြစ်၏။ သို့ရာတွင် ရူပါရုံဖြစ်စ အားနည်းနေခိုက် ဖြစ်နေ၍၊ မူလ ဘဝင် အလျင်က အရှိန်အဟုန်ကြီးမားသဖြင့် (ဖြတ်ကန်) ဘဝင်စိတ် တချက်ဖြစ်, ချုပ်သွား၏၊ ရူပါရုံ အားကောင်း လာ၍၊ ရူပါရုံဆိုင်ရာ ဝိထိစိတ်ဖြစ်ပေါ်ရန် အခွင့် ရောက်လာ ပါသော်လည်း၊ အဟုန်အရှိန် ကြီးမားသော မူလ ဘဝင်စိတ် အမျှင်မပြတ်နိုင်ပဲ ပြတ်သွားရန် လှုပ်သောအားဖြင့် ၂ ကြိမ် ဖြစ်သေးသည်ဟူလို။

ဖြစ်စဉ်ဘခုမှ၊ ဖြစ်စဉ်တခုသို့ ပြောင်းလဲမှုသည် လွယ်ကူ လှသည်မဟုတ်၊ ယတိပြတ် မဖြတ်နိုင်ပဲ အမျှင် တန်းသော အားဖြင့် ဘဝင် ၂ ကြိမ် ဖြစ်ရသည်မှတ်။ ဥပမာ-အရှိန် ပြင်းစွာ ပြေးလာသူ တယောက်သည် ပန်းကိုင် ရောက်၍ ရပ်လိုက်ပါသော်လည်း မရပ်နိုင်သေးပဲ၊ ၂ လှမ်း၊ ၃ လှမ်း ကျော်လွန်သွားသကဲ့သို့၊ ထိုအတူ မူလဘဝင် ဖြစ်မြဲဖြစ်နေရာမှ ဝိထိစိတ်ဖြစ်စဉ်သို့ကူးရန် အကြောင်းအာရုံ တွေ့ပါသော်လည်း ရုတ်တရက် မကူးနိုင်ပဲ မူလ ဘဝင်ဖြစ်စဉ် ၂ ကြိမ် ဖြစ်ရသည် ဟုမှတ်။

"စိတ္တကွဏများစွာလွန်ကုန်သောအာရုံပါပါ"

ဆိုသည်မှာ၊ မဟန္တာရုံ ပိထိတို့၌ အာရုံ အားသေးသော ကြောင့်၊ အတီဘဝင် ၂ ကြိမ်၊ ၃ ကြိမ် လွန်လေသည်။ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ တို့၌၊ အာရုံ အလွန် အားသေး

သောကြောင့်၊ အတိတ ဘဝင် ၄ ကြိမ်မှ၊ ၉ ကြိမ်အထိ၊ ၁၀ ကြိမ်မှ ၁၅ ကြိမ်အထိ လွန်သွားခံရလေသည်။ ဝိထိဇယား တို့ဌ ထင်ရှားလတ္တံ့။

ဤကား စာစကားမျှားဖြင့် အဓိပ္ပာယ်မလွတ်စေပဲ ပေါလွှင် အောင် ရေးသားခြင်းသာဖြစ်၏။ အရပ်သုံး စကားမျှားဖြင့် ပြဆိုရသော်၊ အသက်ခေါ် ဘဝင်စိတ်ဖြစ်စဉ်သည် ထူးထူးလည် လည် အာရုံသစ်မျှားကို၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, တို့ဖြင့် မတွေ့ဆုံမီ သဝိညာဏက သက်ရှိသန္တာန်ဝယ် အမြဲဖြစ်နေ၏။ မျက်စိတမှိတ်-လက်ဖျစ်တတွက်မှာ ကုဋေတသိန်းလောက် အ ရှိန်အဟုန်ဖြင့် မြစ်ရေမျှား တရဟောစီးနေသလို တရဟော ဖြစ်နေပေသည်။ (၎င်းကို အောက်၌ ပိထိမုတ်စိတ် ဖြစ်စဉ်ဟု ပြခဲ့ပြီ)။

၎င်းဝိထိမုတ် မူလဘဝင်ဖြစ်စဉ်မှ ထူးထူးလည်လည် အာရုံ သစ်မျှားကို မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနောခြောက်မျိုး တို့ဖြင့် မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ ငတ်ထိခြင်း၊ တွေးတောခြင်းမျှား ဖြစ်ပေါ်လာသောအခါ အာရုံမျှားကို အထူးသိတတ်သော ဝိထိစိတ္တုပ္ပါဒ်အစဉ် ဖြစ်ပေါ်ရတော့မည်၊ ထိုအခါ ထိုဝိထိစိတ္တုပ္ပါဒ် ရုတ်တရက် မပေါ်သေးပဲ မူလ ဘဝင်အစဉ်၏ အရှိန်အဟုန် ကြီးမားသောကြောင့် မူလဘဝင် စိတ် ၃ ကြိမ်ဖြစ်ရသေးသည်။ထိုမူလဘဝင်စိတ် ၃ ကြိမ်အနက်၊ ပထမဘဝင်စိတ်ကို ရူပါရုံအဆင်းဓာတ်နှင့် ဧကဒုပသာဒမျက်စိ အကြည်ဓာတ်တို့ မထိခိုက်မီ၊ ဝါမထင်လာမီ ကျော်လွန်သွား သောကြောင့် အတိတဘဝင်စိတ်ဟု နာမည်ပေး၍၊ ဒုတိယ,

တဘိယဘဝင်စိတ် ၂ ပါးကိုကား၊ မူလဘဝင်စိတ်အစဉ်ပြတ်ရန် လှုပ်ရှား လာကြသောကြောင့်၊ စလနဘဝင်ဟု နာမည်ပေး လေသည်။ နောက် နောက်သော မဟန္တာရုံစသော ဝီထိတို့၌ လည်း ဤအတူပင်။ အာရုံအားသေး, အလွန် အားသေးသော ကြောင့်သာ အတီတဘဝင် အကြိမ်များစွာလွန်၍ ဖြစ်ရသည် သာ ထူးခြားသည်။

ရူပါရုံသည် စက္ခုပသာဒ အကြည်ခာတ်အား ထင်ခြင်းသို့ ရောက်၏ ဆိုရာ၌ အဘယ်ရူပါရုံသည် ရောက်သနည်း။ အမြင် ခံရူပါရုံ ရုပ်တုံးရုပ်ခဲ၌ ရုပ်တို့သည် တဖွားဖွား ဖြစ်ပေါ်၍ အသက် ၁၇ ချက်ပြည့်လျှင် ချုပ်ကြကုန်၏။ နောက်ထပ်၍ လည်း မပြတ်မလပ် ဖြစ်နေကြသည်။ ထို ရူပါရုံများအနက် အဘယ်ရူပါရုံသည် မျက်စိအား ထင်လာသနည်း။ ၀၊ မျက်စိ၏ အမြင်ခံဖြစ်သနည်းဆိုသော် ဖြစ်ပေါ်စ ရူပါရုံရုပ်သည် အား နည်းသည်ဖြစ်၍ စက္ခုပသာဒအား ထင်ခြင်းသို့ မရောက်နိုင်။ ၀၊ မျက်စိ၏ အမြင်ခံမဖြစ်နိုင်။ ဌိသို့ရောက်သော ရူပါရုံများ သာ ၀၊ တည်နေသော ရူပါရုံများသာ အားရှိသဖြင့် စက္ခု ပသာဒအား ထင်ခြင်းသို့ ရောက်ကုန်၏။ ၀၊ မျက်စိ၏ အမြင်ခံ ဖြစ်နိုင်ကြကုန်၏။ ထို့ကြောင့် "ဌိသို့ ရောက်သည်သာလျှင် ဖြစ် ကုန်သော အာရုံငါးပါးတို့သည်" ဟု မူလစာကိုယ်၌ ဆိုဆား ပေသည်။

ဤမျှသော စကားတို့ဖြင့်၊ ခတိမဟန္တာရုံ စက္ခုဒ္ဓါရဝီထိဖြစ် ရာ၌ ရှေ့ပိုင်း မူလဘဝင်စိတ်များကို ပြဆိုခြင်းတည်း။ ဤမှ စ၍ ဝီထိစိတ်များ၏အကြောင်းကို ပြဆိုပေအုံ။

ဒီထိအကြောင်း

ဤ ပြဆိုခဲ့ပြီးဖြသော ဝီထိမုဝ်ဘဝင်စိတ်တို့သည် အာရုံသစ် ရှုပါရုံကို အာရုံမပြုကြ၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးအနက် တပါးပါးကို အာရုံပြုသည်ကိုလည်းသတ်ရှိပါစေ။ ထိုနောက်မှ ရှုပါရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော ပဉ္စဒ္ဒါရာ ဝဇ္ဇန်းစိတ်၊ ထိုရှုပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်၊ ထို ရှုပါရုံကို လက်ခံ သိမ်းပိုက်ထားတတ်သော သမ္ပဋိစ္ဆန်းစိတ်၊ ထို ရှုပါရုံကို စူးစမ်း ဆင်ခြင် တတ်သော သန္တီရဏစိတ်၊ ထို ရှုပါရုံကို ပိုင်းခြားသတ်မှတ်တတ်သော ဝုဋ္ဌောစိတ်၊ ဤစိတ်တို့သည် အစဉ် အတိုင်းဖြစ်၍ ချုပ်ကြကုန်၏။

ထိုနောက် ထို ရှုပါရုံကို ဇဝန်နှစ်သက်တတ်သော ၎လောဘ ဇော ၇ ပါးတွင် တပါးပါးသည် ဇောကိုစဖြင့် ၇ ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောက် ထို ရှုပါရုံကို ဇဝန်နှစ်သက်တတ်သော ၎လောဘ ဇော ၇ ပါးတွင် တပါးပါးသည် ဇောကိုစဖြင့် ၇ ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောက် ထိုဇော၏အာရုံကို အာရုံပြုတတ်သော စိတ် ၁၁ ပါးတွင် တပါးပါးသည် တဒါရုံကိုစဖြင့် ၂ ကြိမ်ဖြစ်၍ ချုပ်၏။

(ဤ၌ တဒါရုံ ၂ ကြိမ်ဖြစ်ခြင်းသည်ငြားသည်၊ ဇော ၇ ကြိမ် ဖြစ်ချုပ်ပြီး ကတည်းက ဝီထိစိတ်ဖြစ်စဉ်ပြတ်၍ မူလဘဝင်စိတ် အစဉ်ပြောင်းလဲရတော့မည် ဖြစ်သော်ငြားသည်း မပြောင်းလဲနိုင် သေးပဲ ဝီထိစိတ်အစဉ်၏နောက်သို့ အရှိန်အဟုန်ဖြင့် ပါသွား ကာ မူလဘဝင်စိတ် အမျိုးအစား ဖြစ်သော စိတ်သည်ပင် ဘဝင်နာမည်နှင့်မဖြစ်ပဲ ဝီထိစိတ်အမျိုးအစား တဒါရုံ နာမည် ဖြင့် အာရုံကို ထပ်သိကိစ္စဖြင့် ဖြစ်ပေါ်သည်ဟုမှတ်။ ဖြစ်စဉ်တခု

မှ ဖြစ်စဉ်တခုသို့ အကူးအပြောင်းမှာ ယတိပြတ် မဖြစ်နိုင်ပဲ အမျှင်တန်းသောသဘောပင် ဖြစ်သည်)။

ထိုနောက် မူလဘဝင်စိတ်မျှား ဖြစ်တော့သည်။

ဤမျှသော စကားအစဉ်တို့ဖြင့် "ရူပါရုံ အဆင်းဓာတ်ကို မျက်စိဖြင့်မြင်၍ လိုချင်စိတ်ဖြစ်ပေါ်သည်" ဟူသော လောကဝေါဟာရအဓိပ္ပါယ်ဖြစ်သွားလေပြီ။ သို့ရာတွင် ဖြူ, နီ, ပြာ, ဝါ, စသည့် ကဲ့ပြားခြားနားအောင် မြင်သည်မဟုတ်၊ အမြင်သာမန်နှင့် လိုချင်မှုသာမန်မျှသာ ဖြစ်သေးသည်၊

အမှန်မှာ ထိုစက္ခုဒွါရဝီထိဖြစ်ပြီးနောက်[*]မနောဒွါရဝီထိ ၇ ခုဖြစ်ပြီးမှ၊ ဖြူ, နီ, ပြာ, ဝါ, စသော အဆင်းကို သိလေသည်။

ပဏမ စက္ခုဒွါရ မူလဝီထိဖြစ်၍၊

ဒုတိယ ထိုဝီထိ၏ နောက်လိုက် မနောဒွါရဝီထိ ဖြစ်သည်။

တတိယ ရူပါရုံအပေါင်းကို သိသော မနောဒွါရဝီထိဖြစ်၍၊

စတုတ္ထ အဆင်းသဏ္ဌာန်ကို သိသော မနောဒွါရဝီထိဖြစ်လေသည်။

ထိုလေးဝီထိပြည့်စုံမှ ရူပါရုံ၌၊ အဖြူ, အနီ, အပြာ, အဝါ စသည် ကုန်စင်အောင်သိလေသည်။

---

* အာရုံမျာလျှင် များသည့်အားလျာက် မနောဒွါရဝီထိများကုန်၏။ ၎င်းမနောဒွါရဝီထိများကိုပဉ္စဒွါရဝီထိ၏ နောက်လိုက်သော ဝီထိများ ဖြစ်သောကြောင့် "တဒနုဝတ္တကမနောဒွါရဝီထိ" ဟုခေါ်ကြကုန်၏။

သောတဒ္ဓါရဝီထိ စသည်တို့၌လည်း ထိုက်သည့်အားလျော်စွာ စက္ခုဒ္ဓါရဝီထိကဲ့သို့ လေးဝီထိဖြစ်မှ ပြည့်စုံစွာ သိလေသည်။

မန္ဒာယုက, အမန္ဒာယုက, မဏ္ဍိမာယုက ၃ ပါး အဓိပ္ပာယ်

ဝီထိစိတ်အစဉ်နာမ်တရား၏ ဖြစ်ပုံကိုကား ပြပြီး၍ ဝီထိစိတ်အစဉ် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သော ရူပါရုံနှင့် စက္ခုပသာဒ ရုပ်တရားများကို ရှင်း၍ပြဦးအုံ။ ဗဟိဒ္ဓ ရူပါရုံမှာ အတီဟဘဝင်စိတ်၏ ဥပါဒ်နှင့်အတူပြိုင်၍ဥပါဒ်သော ပစ္စုပ္ပန် ရူပါရုံသာဖြစ်၏။ ရှုပ်ဖွယ်မရှိလှပေ။ မြင်တတ်သူ၏ သန္တာန်၌ ရှိသော စက္ခုပသာဒ မျက်စိ အကြည်ဓာတ် ရုပ်တို့သည်ကား၊ ရုပ်သက် ၁၇ ချက်အတိုင်းအရှည်အားဖြင့်၊ ဖြစ်, ချုပ်, ဖြစ်, ချုပ်နှင့် တဖွားဖွားများစွာ ဖြစ်လျက် ရှိနေသည်။ ထိုကြောင့်ပင် စက္ခုပသာဒ အကြည်ဓာတ်ရုပ်သည် မွေးစကတည်းက ပါလာသည့်အတိုင်း ယခု အသက်ကြီးသည့်တိုင်အောင် ဖြစ်, ချုပ်, သဘောမထင်ရှားပဲတခုတည်းကဲ့သို့ပင်ထင်မြင်နေကြလေသည်။

ထိုသို့ တဖွားဖွားဖြစ်နေသော ပသာဒများအနက် အဘယ်ပသာဒကိုမှီ၍ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာရ သနည်း?။ စက္ခုပသာဒတိုင်းကို မှီ၍ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်နိုင်ပါသလား?။ ဤကဲ့သို့ အမေးများကို ဖြေရှင်းသော အားဖြင့် မန္ဒာယုက, အမန္ဒာယုက, မဏ္ဍိမာယုက, ဖြစ်သောပသာဒများကို ခွဲခြား၍ပြပေအုံ။

အောက်ပါ ဝီထိပုံစံများကို သေချာစွာကြည့်ရှု၍၊ မန္ဒာယုက, အမန္ဒာယုက, မဏ္ဍိမာယုက-ပသာဒများကို ခွဲခြားဝေဖန်ပုံကို နားလည်အောင်လေ့ကျင့်ပါလေ။

တတိယအကြိမ်

စက္ခုဒ္ဒါရ အတိမဟန္တာရုံဝီထိကိုချ၍ ပသာဒများကို ခွဲခြား၍ပြသော ဝီထိပုံစံ

အတိမဟန္တာရုံ ဝီထိဖြစ်ပုံ

ရူပါရုံ စ၍ဖြစ် → ---------- → ရူပါရုံ ချုပ်

ကံ, ကမ္မ, ဂတိနိမိတ် ↓ ... ရူပါရုံကို အာရုံပြုသည်။ ↓ ...

ဘဝင်,ဘ,ဘ,ဘ,(အ,နှ,ဒ,ပ,စ,သံ,တီ,ဝု,ဇော,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဟ,တ,)ဘဝင်,ဘ....

မှီရာပသာဒ ၄၉ အဓိကထား၍ ပြသော ဝီထိပုံ

ဘဝင်, ဘ,ဘ,ဘ,ဘ,ဘ,ဘ,ဘ,ဘ,ဘ,ဘ,ဘ,ဘ, အ,နှ,ဒ,ပ,စ,သံ,တီ,ဝုဇော, စသည်

မန္ဒာယုကပသာဒ(၃၇) | အမန္ဒာယုက (၁၁)

မဇ္ဈိမယုကာ ပသာဒ(၁)



အတိုကောက်သင်္ကေတများအတွက်အဓိပ္ပာယ်

ဘ=ဘဝင်	(မူလဘဝင်)	သံ=သမ္ပဋိစ္ဆန်း	(လက်ခံသိမ်းပိုက်သောစိတ်)
အ=အတီဘဘဝင်	(လွန်သောဘဝင်)	တီ=သန္တီရဏ	(စူးစမ်းသောစိတ်)
နဲ=ဘဝင်္ဂစလန	(လှုပ်သောဘဝင်)	ဝု=ဝုဋ္ဌော	(သတ်မှတ်သောစိတ်)
ဒ=ဘဝင်္ဂုပစ္ဆေဒ	(ပြတ်သောဘဝင်)	ဇ=ဇော	(အဟုန်ပြင်းသောစိတ်)
ပ=ပဥ္ဇဒ္ဓါရာဝဇ္ဇန်း	(ဆင်ခြင်သောစိတ်)	ဟ=ဟဒါရုံ	(ဇောနောက်လိုက် ထပ်သိသောစိတ်)
စ=စက္ခုဝိညာဏ်စိတ်	(မျက်စိဖြင့်သိသောစိတ်)		

အကျယ်—ရှင်းလင်းချက်

ဥပမာ

ထ,ခြင်ငှာ၊ရပ်,ခြင်ငှာ မစွမ်းသောကဇေးဖြစ်စေ၊ အဘိုးကြီးဖြစ်စေ တစုံတယောက်သည် ထလို,ရပ်လိုသည်ရှိသော် ဘောင်ပေ့ဖြစ်စေ၊ ကြိုးတန်းဖြစ်စေ တခုခုကို ကိုင်၍, တည်ရာ တခုခုမှာ တည်လျက်သာ ထခြင်း,ရပ်ခြင်းကို ပြုလုပ်ရာ၏။ ဤအတူ ဝီထိစိတ်အစဉ်တခု ဖြစ်ပေါ်သည်ရှိသော် အာရုံတခုခုကို အာရုံပြု၍,ဝတ္ထုရုပ် တခုခုမှာ တည်လျက်သာ ဝီထိစိတ်အစဉ် တခုခု ဖြစ်ပေါ်နိုင်လေသည်။

ဤ၌ ထခြင်း, ရပ်ခြင်းငှာ မစုမ်းသော ကလေး, အဘိုးကြီး နှင့် ဓိထိစိတ်အစဉ်တူသည်။

တောင်ဝှေးကြိုးတန်းနှင့် အာရုံတူကြသည်။

ရပ်တည်ရာဝတ္ထုနှင့် ဝတ္ထု ၆ ပါးတူကြသည်။

ဤသို့ ဝိထိစိတ် အစဉ်သည် ဝတ္ထု ၆ ပါးပေါ်မှာ တည် လျက် အာရုံ ၆ ပါးကို အာရုံပြု၍ ပေါ်လာရသဖြင့် ဘယ် ဝတ္ထု, ဘယ်အာရုံကို အကြောင်းပြု၍ ပေါ်လာရသနည်းဟု အသေးစိတ်သိရှိရန် အထက်ပါဝိထိပုံစံကို ရှင်းလင်းပြပေအံ့။

စက္ခုဒွါရ အတိမဟန္တာရုံ ဝိထိဌ် အတိတ ဘဝင်စိတ်၏ ဥပါဒ်နှင့်အတူပြိုင်၍ ဖြစ်ပေါ်လာသော ရူပါရုံကို အာရုံပြု၍ အတိတ ဘဝင်စိတ်၏ ဥပါဒ် ခဏဌိဖြစ်သော စက္ခုပသာဒ ကိုသာ ဝဇ္ဇန်ရာ မှီရာ ပြုလျက် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ် ရသည်မှတ်။ စက္ခုဝိညာဏ်စိတ်မှတပါး အခြားသော စိတ်တို့ မှာကား၊ ရှေးရှေးမသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုမျှားကိုသာမှီလျက် ဖြစ်ပေါ်ကြကုန်၏။ဝိထိစိတ် ဖြစ်စဉ်၌ ရှေ့ပိုင်းမှပါဝင်နေသော အတိတဘဝင်စသော ဝိထိမူတ်စိတ် ၃ ပါးသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးအနက် တပါး ပါးကို အာရုံပြု၍ဖြစ်ပေါ်၏။ ရူပါရုံကို အာရုံပြုသည်ဟုတ်၊ ပဋ္ဌဒွါဝင်္ဂန်း စသော ဝိထိစိတ်များသော ရူပါရုံကို အာရုံပြုကြ ကုန်၏။

အထက်ပါဝိထိပုံစံ၌ စက္ခုစိညာဏ်စိတ်တပါး အခြား သောဝိထိစိတ်တို့၏ မှီရာ ဟဒယဝတ္ထုကို စီစစ်ဖွယ် မရှိပေ။ ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာ

မှီ၍ဖြစ်ပေါ်ရသည်။ စက္ခုဝိညာဏ်စိတ်၏ မှီရာ စက္ခု ဝတ္ထု မှာသာစီစစ်ဖွယ်ရှိ၍ ၎င်းဝတ္ထုကို စီစစ်ရန် စက္ခုပသာဒမျှားကို ရေတွက်ဖို့ လိုလေသည်။ စက္ခုဝိညာဏ်စိတ်သည် အာဘယ် အချိန်ကဖြစ်သော စက္ခုပသာဒကိုမှီ၍ဖြစ်ပေါ်ပါသလဲ။ ဤသို့ စဉ်းစားရာ စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်ခြင်းတိုင်အောင် ရုပ်သက် ၁၇ ချက်ပြည့်၍ ချုပ်မည့် စက္ခုပသာဒရုပ်မျှားကိုသာရွေးချယ်၍ စီစစ်ရလိမ့်မည်။ စက္ခုဝိညာဏ်စိတ် ဖြစ်ပြီးနောက် (စက္ခုဝိညာဏ်ဥပါဒ်ဆဲခဏမှာပင်)ဖြစ်သောစိတ်များ၏ ဥပါဒ်တိုင်းဥ်ဖြစ်ပေါ်သော စက္ခုပသာဒမျှားနှင့်စက္ခုဝိညာဏ်စိတ်မဖြစ်ပေါ်မီ ရှေ့ပိုင်းမှ ဖြစ်ပေါ်နှင့်သော အသက် ၁၇ ချက်ပြည့်၍ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်ခြင်းကို မမှီပဲ ချုပ်နှင့်သော စက္ခုပသာဒမျှားကို ရွေးချယ်စီစစ်ရန်မလိုပေ။

ထို့ကြောင့် စက္ခုဝိညာဏ်စိတ် မဖြစ်ပေါ်မီ ရှေ့ပိုင်းမှ ဖြစ်သော စိတ်များအနက် ပဉ္စဒ္ဒါရာ ဝဇ္ဇန်း စိတ်မှ နောက်ပြန် ရေတွက်သော် ၁၃ ချက်မြောက်သော မူလ ဘဝင်စိတ်၏ ဘင်ခဏဖြစ်သော စက္ခုပသာဒမှစ၍ ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်၏ ဘင်ခဏတိုင်အောင် ခဏတိုင်း၊ ခဏတိုင်းတို့၌ဖြစ်သော စက္ခုပသာဒရုပ်ပေါင်း ၄၉ ပါးတို့၌သော ဝါ တို့တွင် အာဘယ်စက္ခုပသာဒရုပ်မှာမှီ၍ ဖြစ်ပေါ်သနည်းဟု စီစစ်ဖွယ်ရှိသည်။ ထိုသို့ စီစစ်ဖွယ်ရှိသော စက္ခုပသာဒရုပ် ၄၉ ပါး အနက် အကြောင်း ရုပါပုံရုပ်နှင့် အသက်တူသော စက္ခုပသာဒရုပ်သည်တပါးသာ ဖြစ်၏။ ၎င်းမှာ အတိတဘဝင်စိတ်၏ဥပါဒ်နှင့် အတူ ဥပါဒ်သော စက္ခုပသာဒရုပ် ဖြစ်သည်။ ၎င်းကို

မဇ္ဈိမာယုက ပသာဒဟု ခေါ်သည်။ အကြောင်းရှုပါရုံလောက် အသက်မရှည်။ အကြောင်းရှုပါရုံမချုပ်မီ ချုပ်နှင့်သော စက္ခုပသာဒရုပ် ပေါင်းမှာ ၃၇ ရှိသည်။ ၎င်းတို့မှာ ၁၃ ကြိမ်မြောက် မူလဘဝင်စိတ်၏ ဘင်ခဏဉ်ဖြစ်သော စက္ခုပသာဒမှစ၍ အတီဘဝင်၏ ရှေးဘဝင်တချက်၏ ဘင်ခဏဉ် ဖြစ်သော စက္ခုပသာဒအထိ ပသာဒပေါင်း ၃၇ ပင်ဖြစ်သည်။ ၎င်းကို မန္ဒာယုက ပသာဒဟု ခေါ်သည်။

အကြောင်း ရှုပါရုံထက် အသက်ရှည်သော စက္ခုပသာဒ ပေါင်းမှာ ၁၁ ဖြစ်သည်။ ၎င်းတို့မှာ အတီတဘဝင်၏ ဌီခဏဉ် ဖြစ်သော စက္ခုပသာဒမှစ၍ ပဉ္စဒ္ဒါရာဝဇ္ဇန်း၏ ဘင် ခဏဉ် ဖြစ်သော စက္ခုပသာဒရုပ်တိုင်အောင် စက္ခုပသာဒ ပေါင်း ၁၁ ပင်ဖြစ်သည်။ ၎င်းကို အမန္ဒာယုကပသာဒ ဟု ခေါ်သည်။

(ပုံစံဇယားကို ကြည့်ပါ။ ဤအရာကား လွယ်ကူလှသည် မဟုတ်၍ ဆရာနှင့် လေ့လာသင်ကြားမှ ရှင်းလင်း နားလည် လွယ်ပေမည်။)

ဤမျှဖြင့် စက္ခုဒ္ဒါရ အတိမဟန္တာရုံ ဝိထိ၏ အဓိပ္ပာယ် သဘာဝပြည့်စုံလောက်ပြီ။ နောက် မဟန္တာရုံပရိတ္တာရုံ၊ အတိပရိတ္တာရုံတို့၌ ဤအတူ သိပါလေ၊ ဝိထိများကိုသာ ပြဆိုပေအုံ။

မန္ဒာယုကပသာဒ-ဆိုသည်မှာ ဆွဲကိုင်ရာရှုပါရုံလောက်အသက် မရှည် ရှုပါရုံအောက်အသက်တိုသော ပသာဒများဖြစ်သည်။

အမန္ဒာယုကပသာဒ-ဆိုသည်မှာ ဆွဲကိုင်ရာရှုပါရုံထက် အသက် ရှည်သော ပသာဒများဖြစ်သည်။

မဇ္ဈိမာယုကပသာဒ-ဆိုသည်မှာ ဆွဲကိုင်ရာ ရှုပါရုံနှင့် အသက် တူသော ပသာဒဖြစ်သည်။

တတိယအကြိမ်

မဟန္တာရုံ ၂ ဝိထိကျမ်ိုး

ရူပါရုံဖြစ်.....ရူပါရုံချုပ်

(၁)....ဘဝင် (အတိီ,အတိီ,နဒ,ပ,စ,သံ,တိီ,ဝု,ဇော,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဘဝင်) ဘဝင်

ရူပါရုံဖြစ်.....ချုပ်

(၂)....ဘဝင် (အတိီ,အတိီ,အတိီ,နဒ,ပ,စ,သံ,တိီ,ဝု,ဇော,ဇ,ဇံ,ဇံ,ဇ,ဇ,ဇ,) ဘဝင်

အတိမန္တဲ့ရုံလောက် ရူပါရုံအာ၊ကြီးသဖြင့် မြန်မြန်မထင်နိုင်ပဲ မူလဘဝင် ၂ ချက် ၃ ချက် လွန်သွားလေသည်။ မူလဘဝင် အလွန်မျှင်သောကြောင့် တဒါရုံကျအောင် အသက်မရှည်တော့ပဲ၊ ဇော ဟုတ်သာ ဝီထိစိတ်ဖြစ်၍ နောက်မူလဘဝင်ဟာချင်မှာ၊ ရူပါရုံသည် ချုပ်ရလေသည်။ ဒုတိယဝီထိဌ် သတ္တမဇော်တွင် ချုပ်ရလေသည်။ ထိုကြောင့် ၎င်း ဟန္တာရုံဝီထိ ၂ မျိုးကို ဇောအဆုံးရှိသော ကြောင့်၊ ဇဝနဝါရဟု သင်္ကြိုဟ်ဆရာ မိန့်ဆိုလေသည်။

ပရိတ္တာရုံ ၆ ဝိထိကျမ်ိုး

ရှေ့ ကံ,ကမ္မ,ဂတိ ရူပါရုံကိုအာရုံပြုသည် နောက်

(၁) ဘဝင်(အတိီ,အ,အ,အ,နဒ,ပ,စ,သံ,တိီ,ဝု,ဝု,ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,) ဘဝင်

ရူပါရုံစဖြစ် .... ရူပါရုံချုပ်

ရှေ့ ကံ,ကမ္မ,ဂတိ ရူပါရုံကိုအာရုံပြုသည်။ နောက်

(၂) ဘဝင်(အတီ,အ,အ,အ,အ,နှ,ဒ,|ပ,စ,သံ,တီ,ဝု,ဝု,ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,) ဘဝင်
ရူပါရုံစဖြစ်..... .... ရူပါရုံချုပ်။

ရှေ့ ကံ,ကမ္မ,ဂတိ ရူပါရုံကိုအာရုံပြုသည်။ နောက်

(၃) ဘဝင်(အတီ,အ,အ,အ,အ,အ,နှ,ဒ,|ပ,စ,သံ,တီ,ဝု,ဝု,ဘဝင်,ဘဝင်,ဘဝင်,) ဘဝင်
ရူပါရုံစဖြစ်..... .... ရူပါရုံချုပ်။

ရှေ့ ကံ,ကမ္မ,ဂတိ ရူပါရုံ နောက်

(၄) ဘဝင်(အတီ,အ,အ,အ,အ,အ,အ,နှ,ဒ,|ပ,စ,သံ,တီ,ဝု,ဝု,ဘဝင်,ဘဝင်,) ဘဝင်
ရူပါရုံစဖြစ်..... ..... ရူပါရုံချုပ်။

ရှေ့ ကံ,ကမ္မ,ဂတိ ရူပါရုံ နောက်

(၅) ဘဝင်,(အတီ,အ,အ,အ,အ,အ,အ,အ,နှ,ဒ|ပ,စ,သံ,တီ,ဝု,ဝု,ဘဝင်,) ဘဝင်,
ရူပါရုံစဖြစ်..... .... ရူပါရုံချုပ်။

ရှေ့ ကံ,ကမ္မ,ဂတိ ရူပါရုံ နောက်

(၆) ဘဝင်(အတီ,အ,အ,အ,အ,အ,အ,အ,အ,နှ,ဒ | ပ, စ, သံ, တီ, ဝု,ဝု,) ဘဝင်,
ရူပါရုံစဖြစ်..... .... ရူပါရုံချုပ်။

ဂုင်းပရိတ္တာရုံ-ဝီထိသည် မဟန္တာရုံလောက် ရူပါရုံအားမကြီးသဖြင့် စက္ခုပသာဒအား မထင်ပဲ မူလဘဝင်စိတ် အလွန်များသည်မှာ ၆ ချက်အထိပင် လွန်သွားသဖြင့် ရူပါရုံသည် ဇောကျအောင်ပင် အသက်မရှည်တော့ပဲ၊ ဝုဋ္ဌောတွင်သာ ဝီထိစိတ်ဖြစ်၍၊ နောက်ဆုံးဝီထိ၌ ဒုတိယ ဝုဋ္ဌောစိတ်မှာ ရူပါရုံချုပ်ရလေသည်။ ထိုကြောင့် ဂုင်းပရိတ္တာရုံဝီထိ ၆ မျိုးကို ဝုဋ္ဌောအဆုံးရှိသောကြောင့်၊ ဝေါဋ္ဌဗ္ဗနဝါရ ဟု သင်္ဂြိုဟ်ဆရာ မိန့်ဆိုလေသည်။

အတိပရိတ္တံာရုံ စက္ခုဒ္ဓါရဝီထိ ၆ မျိုးကျပုံ

ရှေ့ ကံ,ကမ္မ,ဂတိ ၃ ပါး ကံ,ကမ္မ,ဂတိ ၁ ပါး နောက်
(၁)ဘဝင်(အတီ,အ,အ,အ,အ,အ,အ,အ,အ,အ,နန,|ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,)ဘဝင်
ရူပါရုံစဖြစ်.....ရူပါရုံချုပ်

ရှေ့ ကံ,ကမ္မ,ဂတိ ၃ ပါး ကံ,ကမ္မ,ဂတိ ၃ ပါး နောက်
(၂)ဘဝင်-(အတီ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,နန,|ဘဝင်,ဘဝင်,ဘဝင်,ဘဝင်,)ဘဝင်-
ရူပါရုံစဖြစ်.....ရူပါရုံချုပ်

ရှေ့ ကံ,ကမ္မ,ဂတိ, ၃ ပါး ကံ,ကမ္မ,ဂတံ ၃ ပါး နောက်
(၃)ဘဝင်-(အတီ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,နန,|ဘဝင်,ဘဝင်,ဘဝင်,) ဘဝင်
ရူပါရုံစဖြစ်.....ရူပါရုံချုပ်

ရှေ့ ကံ,ကမ္မ,ဂတိ ၃ ပါး ကံ,ကမ္မ,ဂတိ ၃ ပါး နောက်

(၄)-ဘဝင် (အတိ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,နှ,နှ, ဘဝင်, ဘဝင်,)ဘဝင်

ရူပါရုံစဖြစ်..... .....ရူပါရုံချုပ်

ကံ,ကမ္မ,ဂတိ ၃ ပါး ကံ,ကမ္မ,ဂတိ ၃ ပါး

(၅)-ဘဝင်(အတိ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,နှ,နှ, ဘဝင်) ဘဝင်

ရူပါရုံစဖြစ်..... ....ရူပါရုံချုပ်

ရှေ့ ကံ,ကမ္မ,ဂတိ ၃ ပါး ကံ,ကမ္မ,ဂတိ ၃ ပါး နောက်

(၆)-ဘဝင် (အတိ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,အ,နှ,နှ,) ဘဝင်

ရူပါရုံစဖြစ်.....ရူပါရုံချုပ်။

ရှင်းလင်းဖော်ပြချက်

အတိပရိတ္တာရုံ ၆ ပိထိသည် အလွန်ဝေး၍ ဘာမျှမထင်ရှားသော အလွန်အားနည်းသော ရူပါရုံဖြစ်သောကြောင့်။ ရူပါရုံသည် ဖြစ်ပေါ်ပါသော်လည်း စက္ခုပသာဒအား မထင်နိုင်ပဲ၊ ထိုအချိန်၌ လွန်သွားသော ဘဝင်စိတ်တို့သည် ၁၀ မှ ၁၅ အထိ ဖြစ်ပေါ်ကာ ဘဝင်အစဉ်ပြတ် မဖယောင်ယောင် (စက္ခုပသာဒအား ထင်လာ မြင်လာမှုမရှိသဖြင့်) ဘဝင်မပြတ်တော့ပဲ လှုပ်ရုံ

မျှသာဖြစ်၍ နောက်ဘဝင်များဆက်လက်ဖြစ်ပေါ်ရသေသည်။ ထို့ကြောင့်ဝီထိစိတ်ဖြစ်ပေါ်လာတော့မလိုလိုနှင့် မပေါ်တော့ပဲ အချည်းနှီးဖြစ်ကာ ဘဝင်များသာဖြစ်ရသောကြောင့် **မောဃ ဝါရဟု** သင်္ဂြိုဟ်ဆရာဆိုလေသည်။

ဤဆိုအပ်ခဲ့ပြီးသော စကားတို့ဖြင့် စက္ခုဒ္ဒါရဝီထိ ၁၅ မျိုး ပြီးစီးသွားပြီ။

သောတဒ္ဒါရဝီထိ ၁၅,ဃာနဒ္ဒါရဝီထိ ၁၅,ဇိဝှါဒ္ဒါရဝီထိ ၁၅,ကာယဒ္ဒါရဝီထိ ၁၅,ပေါင်း ပဉ္စဒ္ဒါရဝီထိ(၆၀)တို့ကို စက္ခုဒ္ဒါရ ၁၅ ဝီထိနည်းတူ သိမှတ်ကြပါလေ။

ဤပြဆိုခဲ့ပြီးသော ဝီထိတို့၌ ဝီထိစိတ် အမည် အားဖြင့် ၇ ပါး၊ စိတ္တုပ္ပါဒ်အားဖြင့် ၁၄ ပါးရှိကုန်၏။ ၎င်းဝီထိစိတ် အကျယ်မှာ ကာမစိတ် ၆၄ ပါး ဖြစ်ကုန်၏။ ထို့ကြောင့် ဝီထိပိုင်းနံပါတ် ၂၀ ဂါထာကို ရှင်အနုရုဒ္ဓါဆရာဆိုတော်မူ၏။

အတိုမဟန္တာရုံစသော ဝိသယပွဝတ္တိ ၄မျိုးတို့၏အဓိပ္ပာယ်ကို ကျမ်းဂန်လာအတိုင်း ပေါ်လွင် တင်ရှားစေရန် တတ်နိုင် သလောက် ရှင်းလင်းပြဆိုပြီး၍ လောကဝေါဟာရ အရပ်သုံး စကားတို့ဖြင့် လိုရင်းချုပ်၍ ပြဦးအုံ။

အတိမဟန္တာရုံဝိထိ ဆိုသည်မှာ လူတိုင်း လူတိုင်း နေ့စဉ် တွေ့ကြုံခံစားနေရသော အလွန်ထင်ရှား ပီသသော အာရုံ ငါးပါးကို မြင်,ကြားနံ,သိ, တွေ့ထိမှုတို့ဖြင့် ဖြစ်နေသော စိတ်စဉ် စိတ်ဘန်းပင် ဖြစ်သည်။ (မျက်စိဖြင့် မမြင်ရ၍သာ, မြင်ရမည် ဆိုလျှင် ကြိုးဘန်း ကြိမ်ဘန်းသဖွယ် နာမ် အစဉ် အတန်းကို မြင်ရမေမည်။)

မဟန္တာရုံဝိထိ ဆိုသည်မှာ လူတို့ငှါးလူတို့ငှါး နေ့စဉ် တွေ့ကြုံခံစားနေရသော ထင်ရှားပီသသော အာရုံငါးပါးကို မြင်, ကြား, နံ, သိ, တွေ့ထိမှုတို့ဖြင့် ဖြစ်ဒုနဒသာ စိတ်အစဉ်စိတ်တန်းပင် ဖြစ်သည်။

ထိုင်း ၂ ပါး၏ကွာခြားမှုမှာ၊ အာရုံငါးပါးကို သေချာစွာ နောက်လိုက်ထပ်၍ ခံစားမှုနှင့် အာရုံငါးပါးကို ခံစားကာမျှ ကွာခြားလေသည်။ နောက်ဥပမာဌာ ထင်ရှားလတ္တံ့။

ပရိတ္တာရုံဝိထိ ဆိုသည်မှာ အာရုံငါးပါးကို မခံစားနိုင်ပဲ မြင်ကာမျှ, ကြားကာမျှ, နံကာမျှ, သာယာကာမျှ, တွေ့ထိကာမျှ, ဖြစ်သော စိတ်အစဉ်ဟန်းပင် ဖြစ်သည်။ မြင်ပြီးလျှင် လိုချင်မှု, စိတ်ဆိုးမှု, မဖြစ်နိုင်ပဲ မြင်ကာမျှ စသည်ဖြင့် ဆုံးသွားသော အခါမျှားဌာဖြစ်သော စိတ်မျိုးဟု ဆိုလိုသည်

ဥဒါဟရဏ်

ဥပမာ-မီးရထား ခုတ်မောင်း ဦးသွားစဉ် လမ်းဘေးရှိသစ်ပင် တောတောင် ကျောက်ခဲမျိုးကို မျက်စိဖြင့် မြင်ပါသော်လည်း အလွန်မြန်နေသောကြောင့် ထင်ရှား ပီသအောင် မမြင်ရသော အခါ လိုချင်စိတ်၊ စိတ်ဆိုးစိတ်၊ သို့မဟုတ် ကောင်းသောစိတ် များမဖြစ်နိုင်ပဲ မြင်ကာမျှဖြင် အဆုံးသတ်ရလေသည်။

အတိပရိတ္တာရုံဝိထိ ဆိုသည်မှာ အာရုံငါးပါးကို မြင်, ကြား နံ, သိ, တွေ့ထိခြင်း ဖြစ်တော့မလိုလိုနှင့် အားနည်းသော အာရုံဖြစ်ခြင်းကြောင့် မြင်ကာမျှ, ကြားကာမျှ, နံကာမျှ, သာယာကာမျှ, တွေ့ထိကာမျှ ကိုပင် ၄ ဖြစ်ပဲ မူလ ဘဝင်စိတ်သာ ဆက်လက်ဖြစ်ပေါ်ရသော စိတ်အာဝဇ္ဇ် အကန်းပင် ဖြစ်သည်။

ဥပမာ-အလွန်ဝေး၍ ပေးငယ်သော အဆင်းအာရုံသည် မျက်စိ၏မြင်ကွင်း ဘုရောက်ပါသော်လည်း မမြင်ရပဲ ဘဝင်စိတ်သာ ဖြစ်သွားခြင်းမျိုးပင် ဖြစ်ပေသည်။ မနောဒွါရဓော်ဝိထိစိတ်အစဉ်လည်း မဖြစ်ပေ။ ထို့ကြောင့် မျက်စိ စသော ဒွါရငါးမျိုးဌ ဖြစ်မယောင်ယောင် အကြောင်းဖြစ်၍ ပဉ္စဒွါရဝိထိဟူ၍ပင် ခေါ်ဝေါ်ရလေသည်။ ဤအတိပရိတ္တာရုံ ဝိထိစိတ်မှာ မွေးခါစ ကလေးများဌ အလွန် အားနည်းသော ကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် မွေးခါစကလေးများသည် ဘာကိုမျှ မသိတတ်ပေ။ ဘဝင်စိတ် များသာ အဖြစ်များလေသည်။

အထက်ပါ ပြဆိုခဲ့ပြီးသော ဝိသယပဝတ္တိ အာရုံ ဖြစ်ပုံ ၄ မျိုးကို ဥပမာဖြင့် ထင်ရှားအောင် ပြဦးမည်။

ကျွန်းသားတိုင် ၄ တိုင်ကို နှံနီးကပ်ဆုံးနေရာမှာ တတိုင်, နီးကပ်သော နေရာမှာ တတိုင်, ဝေးသော နေရာမှာ တတိုင်, အဝေးဆုံးနေရာမှာ တတိုင်ဟူ၍ စဉ်တန်းလျက် နေရာ ၄ မျိုးမှာ စိုက်ထားပါ။ ထိုနေရာ ၄ မျိုးဌ စိုက်ထားသော တိုင် ၄ တိုင်ကိုကြည့်သော်အခါ အမြင် ၄ မျိုးဖြင့် မြင်လိမ့်မည်။

ပထမတိုင်ကို ကြည့်သောအခါ တိုင်ဟူ၍ လည်းကောင်း, ကျွန်းတိုင်ဟူ၍လည်းကောင်း သိမြင်လိမ့်မည်။ အဝေးဌ အမျက် အကွက် စသည် ရှိ မရှိကိုလည်းကောင်း သိမြင်လိမ့်မည်။

ဒုတိယတိုင်ကို ကြည့်သောအခါ တိုင်ဟူ၍ လည်းကောင်း, ကျွန်းတိုင်ဟူ၍လည်းကောင်း သိမြင်လိမ့်မည်။ အဝေးဌ အမျက် စသည် ရှိ မရှိကို ပထမတိုင်ထက်ဝေး၍ မသိမြင်နိုင်ပေ။

တတိယတိုင်ကို ကြည့်သောအခါ တိုင်ဟူ၍သာ သိမြင်လိမ့်မည်။ ကျွန်းတိုင်ဟူ၍ လည်းခေါင်း, အခေါင်းအကွက် စသည့် ရှိမရှိကိုလည်းကောင်း ဝေးသဖြင့် မသိမြင်နိုင်တော့ပေ။

စတုတ္ထဘိုင်ကိုကြည့်သောအခါ တိုင်လေလော၊လူလေလော ဟု မကွဲမပြားး မသိမြင်တော့ပေ၊ အလွန်ဝေးနေပြီ။ မြင်စရာ အာရုံထင်ရှားရှိ၍သာ မြင်သယောင်ယောင် စကားသုံးရသည်။ မြင်စိတ်ပင်မဖြစ်တော့၍ မမြင်တော့ပေ။

ဤဥပမာ၌ ပထမတိုင်နှင့် အတိမဟန္တာရုံ
ဒုတိယတိုင်နှင့် မဟန္တာရုံ
တတိယတိုင်နှင့်ပရိတ္တာရုံ
စတုတ္ထဘိုင်နှင့် အတိပရိတ္တာရုံ တို့သည် တူကြသည်။

ပထမတိုင်ကို တိုင်ဟူ၍ သိမြင်ခြင်းနှင့် စက္ခုဝိညာဏ်စိတ် သိမြင်မှု တူသည်၊ ကျွန်းတိုင်ဟူ၍ သိမြင်ခြင်းနှင့် ဇောစိတ်တို့၏ အာရုံကို ခံစားသိမှု၊ သဒ္ဒး, အကွက် စသည်သိခြင်းနှင့် တဒါရုံ စိတ်တို့၏ နောက်ထပ် ခံစားမှု တူကြသည်။

ဒုတိယတိုင်ကို တိုင်ဟူ၍ သိမြင်ခြင်းနှင့် စက္ခုဝိညာဏ်စိတ် သိမြင်မှု၊ ကျွန်းတိုင်ဟူ၍သိမြင်ခြင်းနှင့် ဇောစိတ်တို့၏ အာရုံကို ခံစားသိမှု၊ အခေါင်း, အကွက် စသည့် မသိမမြင်ခြင်းနှင့် တဒါရုံစိတ်ဖြစ်မှု တူကြသည်။

တတိယတိုင်ကို တိုင်ဟူ၍သာသိမြင်ခြင်းနှင့် စက္ခုဝိညာဏ် စိတ် သိမြင်မှုမှ၊ ဝုဋ္ဌဗဝိတ် တိုင်ခေါင်သာ ဖြစ်မှု တူကြသည်။ ကျွန်းတိုင်ဟူ၍လည်းကောင်း, အကွက် အမျိုး စသည်ကို လည်းကောင်း မသိမြင်ခြင်းနှင့်

ဇောစိတ် တဒါရုံစိတ်မဖြစ်ပေါ်ခြင်းတို့သည် တူကြကုန်၏။

စတုတ္ထတိုင်ကို တိုင်လေလော, လူလေလော စသည် ဘာမျှ မသိမမြင်ခြင်းနှင့် ပဉ္စဒ္ဓါရာဝဇ္ဇန်း စက္ခုဝိညာဏ် စသော ဝီထိစိတ်များမဖြစ်ပေါ်ပဲ မူလဘဝင်စိတ်များသာ ဖြစ်ပေါ်ရခြင်းတို့ တူကြကုန်၏။

ဝိသယပွဲဝတ္တိ ၄ မျိုးအားဖြင့် ဖြစ်ပေါ်လာသော ပဉ္စဒ္ဓါရ ဝီထိ၊ ဝါအာရုံငါးပါး ကာမဂုဏ်တရားတို့ကြောင့် ဖြစ်ပေါ်လာသော စိတ်အစဉ် ဖြစ်ပုံကို ကျမှုးဂန်လာ ဥပမာတို့ဖြင့် ပြဦးအုံ။

ဝီထိဥပမာ ကြံညွှစ်သမား၊ တံခါးစောင့်လူ၊ ပင့်ကူသရက်၊ ပုံမပျက်၊ မိန့်မြွက်အဌကထာ၊ ဟူသော ဝိသုဒ္ဓာရုံလက်ခွာနှင့် အညီ ကြံညွှစ်သမား ဥပမာ၊ တံခါးစောင့် ဥပမာ၊ ပင့်ကူ ဥပမာ၊ သရက်ဥပမာတို့ဖြင့် အဌသာလိနီ အဌကထာမှာ ပြဆိုထားပေသည်။

သရက်ဥပမာ ထိုတွင် **စိတ်**ဖြစ်စဉ်နှင့် ကိုက်ညီ လှသော သရက်ဥပမာကို ပြဆိုပေအုံ။

ပင်လုံးညွှတ် အသီး သီးနေသော သရက်ပင်ရင်း၌ လူတယောက်သည် ခေါင်းမြီးခြုံကာ အိပ်ပျော်နေ၏။ ထိုအခါ သရက်သီးမှည့် တလုံးသည် အညွှာမှ ကြွ၍ အိပ်နေသူ၏ နားရွက်ကုပ္ပတ်လျက် "ထင်" ဟု မြည်လျက် ကျလာ၏။ ထိုလူသည် ထိုကြွကျသံဖြင့် နိုး၍ ခေါင်းမြီးခြုံကို ဖွင့်၍ကြည့်၏။ ထိုနောက် သရက်သီးကိုကောက်ယူ၍ နှိပ်နယ်လျက် မှည့်သည် ကိုသိ၍ နမ်းကာ စားသောက်လေ၏။

တတိယအကြိမ်

ဤဥပမာ၌ သရက်ပင်ရင်း၌ အိပ်ပျော်နေသကဲ့သို့၊ မူလ ဘဝင်စိတ်၏ ဖြစ်နေခြင်းသည် တူ၏။ သရက်သီးမှည့်ကြောက်၍ အိုင်နေသူ၏နား၌ "ထင်"ဟု မြည်လျက် ကျလာခြင်းကဲ့သို့ အာရုံများ၏ ပသာဒ၌ ထိခိုက်ခြင်းသည် တူ၏။ ထိုကြောက်သံကြောင့် နိုးလာခြင်းကဲ့သို့၊ ထိုအာရုံများ၏ ပသာဒ၌ ထိခိုက်ခြင်းကြောင့်၊ မူလ ဘဝင်စိတ်ဖြစ်စဉ် (အိပ်ပျော်ခြင်း)မှ ပဉ္စဒ္ဒါရာဝဇ္ဇန်း ဝိထိစိတ်ဖြစ်ပေါ်လာခြင်းသည် တူ၏။ ခေါင်းမြီးချုံကိုဖွင့်၍ ကြည့်ခြင်းကဲ့သို့၊ စက္ခုဝိညာဏ်စိတ်၏ မြင်ခြင်းကိစ္စကိုပြီးစေခြင်းသည် တူ၏။ သရက်သီးကို ကောက်ယူခြင်းကဲ့သို့ အာရုံကို လက်ခံကတ်သော သမ္ပဋိစ္ဆန်းစိတ်ဖြစ်ခြင်းသည် တူ၏၊ နှိပ်နယ်ခြင်းကဲ့သို့ အာရုံကိုစူးစမ်းတတ်သော သန္တီရဏစိတ်ဖြစ်ခြင်းသည် တူ၏။ နမ်းကြည့်သကဲ့သို့ အာရုံကို ပိုင်းခြားသတ်မှတ် တတ်သော ဝုဋ္ဌေါစိတ် ဖြစ်ခြင်းသည် တူ၏။ စားသောက်ခြင်းကဲ့သို့ ဇောစိတ်များ ဖြစ်ပေါ်ခြင်း သည် တူကြသည်။ ။ဤ ဥပမာဖြင့် ဆိုလိုရင်းမှာ၊ အာရုံ၏ အရသာကို ခံစားတတ်သော ဇောစိတ်များသာ လိုရင်းပမာန ဖြစ်၏။ ပဉ္စဒ္ဒါရာဝဇ္ဇန်း စသော ရှေးရှေးသော ဝိထိစိတ်များသည်၊ အာရုံ၏အရသာကို ခံစားသော ဇောစိတ်များ၏ အဖြည့်ခံများသာဖြစ်သည်။လိုရင်းပမာန မဟုတ်ကြကုန်ဟူလို။ အမှာ။ ။ကြီးသွစ်သမား, တံခါးဖောင့်, ပင့်ကူ ဥပမာ များ ကို ကျယ်အံ့စိုးမျိ့ မပြုနေတော့ပြီ။ အလိုရှိမူ၊ အဋ္ဌသာလိနီ အစဉ်ကထာမှ ယူကြပါကုန်။

ပဉ္စဒ္ဒါရဝိထိအဓိပ္ပာယ် ဤတွင်ပြီး၏။



တတိယအကြိမ်

ပဥ္စဒ္ဒါရနှင့် ဤ ပဥ္စဒ္ဒါရ ဝီထိ-စိတ်တို့ဖြင့်၊ အဆင်းကို လောကပညတ် မြင်၏၊ အသံကိုကြား၏။ အနံ့ကိုနံ၏။ အရသာကို သာယာ၏။ အတွေ့ အထိကို တွေ့ထိ၏ ဟူ၍သာ သိသေးသည်။ လောကဝေါဟာရ တကယ် အမြင်အကြားသိအားဖြင့်၊ အသိကြီး သိခြင်းသို့ မဆိုက်ရောက်သေးပေ။

ထိုအသိမျှဖြင့် လိုချင်စိတ်, စိတ်ဆိုးစိတ်, ကောင်းသောစိတ်များဖြစ်ရလေသည်။ ၎င်းလိုချင်စိတ် စသည်တို့မှာလည်း တကယ် လိုချင်စိတ် အကောင်အထည်ပေါ်လာသော စိတ်မျိုးမဟုတ်သေးပေ။

ထို ပဥ္စဒ္ဒါရ ဝီထိစိတ်များဖြစ်ပြီးနောက်၊ နောက်လိုက်၍ သိသော မနောဒ္ဒါရ ဝီထိစိတ်တို့သည် ဖြစ်သောအခါမှသာ နို, ဝါ, ပြာ, စသော အဆင်းနှင့် အသံအမျိုးမျိုး, အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး, အတွေ့ အမျိုးမျိုးတို့ကို သိလေသည်။ ဤအသိမျိုးရောက်မှ၊ လောက ဝေါဟာရ တကယ်အအမြင်အကြားသိအားဖြင့် အသိကြီးသိကာ၊ တကယ်လောဘ, ဒေါသ, ကုသိုလ် စသည်ဖြစ်ပေါ်ရလေသည်။

ပဥ္စဒ္ဒါရ ဝီထိစိတ် ဖြစ်တိုင်း၊ ဖြစ်တိုင်း၊ နောက်လိုက်၍ သိသော မနောဒ္ဒါရဝီထိစိတ်ဖြစ်ရသည်သာ အနည်းဆုံး ၃ ဝီထိကျမှ စုံအောင်သိလေသည်။ ၎င်းဝီထိများကို တဒနုဝတ္တကမနောဒ္ဒါရ ဝီထိ ဟုခေါ်ရလေသည်။ ၎င်း ဝီထိများသည်၊ မနောဒ္ဒါရဝီထိ၌ ထင်ရှားလတ္တံ့။



မူလစောကိုယ် (၂၁) မနောဒ္ဓါရ၌ ထင်ရှားသော အာရုံသည် ရှေးရှု ထင်ခြင်းသို့ အကယ်၍ရောက်အံ့၊ ထိုသို့ ထင်ခြင်းသို့ ရောက်ခြင်းကြောင့် ဘဝင်္ဂစလန, မနောဒ္ဓါရဝဇ္ဇန်း, ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်တို့သည် ဖြစ်ကုန်၏။ ထိုနောက် ဘဝင်္ဂကျရလေသည်။

မနောဒ္ဓါရဝီထိ

အဓိပ္ပာယ် (၂၁) ဤသဒ္ဒါဟ် မူလစောကိုယ် စကားမှာ မနောဒ္ဓါရ ကာမဇော ဝီထိကို ပြဆိုသော စကားဖြစ်သည်။ မနောဒ္ဓါရဝီထိသည် ကာမဇောဝါရ, အပ္ပနာဇောဝါရဟူ၍ ၂ မျိုးရှိသည်။ ထိုတွင် ကာမဇောစိတ္တုပ္ပါဒ်များ ဖြစ်သော ကာမဇောဝါရ၌ ဝိသယပ္ပဝတ္တိသည် ဝိဘူတာရုံ၊ အဝိဘူတာရုံအား ဖြင့် ၂ မျိုးရှိသည်။

ထိုတွင် ဝိဘူတာရုံသည်လည်း အသက် ၁၇ ချက်ရှိသော ဝိဘူတာရုံ၊ အသက် ၁၇ ချက် မပြည့်သော ဝိဘူတာရုံဟူ၍ ၂ မျိုးရှိပြန်လေသည်။ ထိုကြောင့် မနောဒ္ဓါရ ဝီထိသည် ကာမမနောဒ္ဓါရဝီထိ, အပ္ပနာမနောဒ္ဓါရဝီထိ ဟူ၍ (မူအား ဖြင့်) ၂ ပါးရှိသည်။

ထိုတွင် ဝိဘူတာရုံ ၆ ဝီထိမှာ-

(က) အသက် ၁၇ ချက်ရှိသော ရုပ်တရားကို အာရုံပြုသော ဝီထိ ၅ မျိုး။

(ခ) အသက် ၁၇ ချက်မရှိသော ရုပ်တရားကို အာရုံပြုသော ဝီထိ ၁ မျိုး၊ ပေါင်း ၆ မျိုး။

ဝိထိစိတ်ဖြစ်ပုံဇယား

(၁) ဝိဘူဘာရုံ ဝီထိ ၆ မျိုး

(က) အသက် ၁၇ ချက်ရှိသော ပစ္စုပ္ပန်ရုပ် ဗဟိဒ္ဓအာရုံ ဝီထိ ၅ မျိုးမှာ

(၁) ဘဝင် [အတီ, န, ဒ, မ, ဇော, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဒါ, ဒါ, ဘဝင်, ဘဝင်, ဘဝင်, ဘဝင်,] ဘဝင်....
(၂) ဘဝင် [အတီ, အ, န, ဒ, မ, ဇော, ဇ, ဇ, ဇ, ဇ, ဇ, ဒါ, ဒါ, ဘဝင်, ဘဝင်, ဘဝင်,] ဘဝင်....
(၃) ဘဝင် [အတီ, အ, အ, န, ဒ, မ, ဇော, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဒါ, ဒါ, ဘဝင်, ဘဝင်,] ဘဝင်....
(၄) ဘဝင် [အတီ, အ, အ, အ, န, ဒ, မ, ဇော, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဒါ, ဒါ, ဘဝင်,] ဘဝင်....
(၅) ဘဝင် [အတီ, အ, အ, အ, အ, န, ဒ, မ, ဇော, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဒါ, ဒါ,] ဘဝင်....
(၆) ဘဝင် [ဘဝင်္ဂစလန, ဒ, မ, ဇော, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဒါ, ဒါ,] ဘဝင်....(အသက်မပြည့်)

ရှင်းလင်းချက်

မနောဒွါရဝီထိဌ် ပစ္စုပ္ပန်တရား အာရုံ ၆ ပါးကို အာရုံပြုသော ဝီထိစိတ်အစဉ်ဌသာ အထက်ပါအတိုင်း အတီတဘဝင်စိတ်ဖြစ်နိုင်သည်။ အသက်မပြည့်သော ဝီထိဌ် ဘဝင်္ဂ စလနသာ ဖြစ်ရသည်။ ။

အဝိဘူတာရုံ ၃ ဝိထိမှာ-

(က) အသေးဆုံး ၁၇ ချက်ရှိနေသော ရုပ်တရားကို အာရုံပြုသော ဝိထိ ၂ မျိုး။

(ခ) အသက် ၁၇ ချက်မရှိနေသော ရုပ်တရားကို အာရုံပြုသော ဝိထိ ၁ မျိုး၊ ပေါင်း ၃ မျိုး။

အနှစ်ချုပ်။ ။အတိုင်းတာကြီးကျယ်ရာများ၏ အရှည်နှင်းမည်များမှာ ရှေးအတိုင်းဖြစ်၏။

"မ" ဝဏ္ဏသုတို့ကောက်ခံ၏ အမည်မှာ မနောဒွါရဝေဇ္ဇန်းစိတ် ဖြစ်သည်။

(၂) ဤပကိဏ္ဏကများ၏ အဘိဓေးဒွါ ဝိထိစိတ် ၁၇ ချက်၊ အပြင်ဒွါ မူလဘဝင်ယိုတ်များဟု ပြသည်။

(ခ) အသက် ၁၇ ချက်မရှိသော အတိတ် အနာဂတ် ရုပ် ၂၂၊ ဓမ္မ ရုံနှင့် စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်ကို အာရုံပြုသော ဝိထိ ၁ မျိုး၊ ၎င်းဝိထိမှာ နံပါတ် ၆ ဝိထိဖြစ်သည်။

စိတ်သည် ၁၇ ချက်ရှိသော ရုပ်တရားဆိုသည်မှာ ရုပ် ၂၀ ခုအနက် ဝိညတ်ရုပ် ၂ ခု၊ ပကိဏ္ဏကရုပ် ၄ ခုမှတပါး ပစ္စုပ္ပန် ရုပ် ၂၂ ခုဖြစ်သည်။

စိတ်သက် ၁၇ ချက် မရှိသော ရုပ်တရား ဆိုသည်မှာ ဝိညတ်ရုပ် ၂၊ ပကိဏ္ဏကရုပ် ၄၊ ပေါင်း ၆ ပါးဖြစ်သည်။ ၎င်းရုပ် ၆ ပါးနှင့် အတိတ် အနာဂတ်ဖြစ်သော အထက်ဖော်ပြခဲ့ပြီး ရုပ် ၂၂ စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့သည် စိတ္တက္ခဏတချက်သာ အသက်ရှိကြကုန်၏။

ဝိဘူတာရုံဝိထိပြီး၏။

တတိယအကြိမ်

အဝိဘူတာရုံဝိထိ ၃ မျိုး

(က) စိတ်သက် ၁၇ ချက်ရှိသော ပစ္စုပ္ပန်ရုပ် ဗာဝိသအာရုံဝိထိ ၂ မျိုးမှာ

(၁) ဘဝင် [အတီ,အ,အ,အ,အ,အ,န,ဒ,မ,ဇော,၈,၈,၈,၈,၈,၈,ဘဝင်,] ဘဝင်.....

(၂) ဘဝင်]အတီ,အ,အ,အ,အ,အ,အ, န,ဒ,မ, ဇော, ၈,၈,၈,၈,၈,၈,] ဘဝင်.....

(ခ) စိတ်သက် ၁၇ ချက်မရှိသောကာလ ၃ ပါးဖြစ်သော ရုပ်နှင့်

စိတ်စေတသိက် နိဗ္ဗာန်ပညတ် အာရုံဝိထိမှာ

(၃) ဘဝင် [ဘဝင်္ဂစလန,ဒ,မ,ဇော,၈,၈,၈,၈,၈,၈,] ဘဝင်

မနောဒွါရဝိထိမှာ မျှားစွာရှိလေသည်။ သို့ရာတွင် ဤ ဒုဝိထိကိုသာ မှတ်သား ထားပါ။ ၎င်း ၉ ဝိထိမှာ သုဒ္ဓမနောဒွါရဝိထိသာ ဖြစ်သည်။

တဒနုဝတ္တက မနောဒွါရဝိထိ

တဒနုဝတ္တကမနောဒွါရဝိထိ ဟူသည်၊ ပဉ္စဒွါရဝိထိတို့၏ နောက်လိုက်၍ သီသာသောဝိ ထိ ဖြစ်သည်။

ဂုင်းဝီထိသည်-

စက္ခုဒ္ဓါရာနုဝတ္တက မနောဒ္ဓါရဝီထိ
သောတဒ္ဓါရာနုဝတ္တက မနောဒ္ဓါရဝီထိ
ဃာနဒ္ဓါရာနုဝတက မနောဒ္ဓါရဝီထိ
ဇိဝှါဒ္ဓါရာနုဝတ္တက မမနာဒ္ဓါရဝီထိ
ကာယဒ္ဓါရာနုဝတက မနောဒ္ဓါရဝီထိ

၅ မျိုးရှိလေသည်။

ထို ၅ မျိုးတွင်၊ တဝီထိ တဝီထိ၌-

အတိတ်ကိုအာရုံပြု၍ဖြစ်သော ဝီထိ၊
အပေါင်းကိုအာရုံပြု၍ဖြစ်သော ဝီထိ၊
ဝတ္ထုကိုယူသော ဝီထိ၊
နာမည်က အာရုံပြုသော ဝီထိ

ဟူ၍ ၄ ပါးစီရှိသောကြောင့်၊ တဒနုဝတ္တက မနောဒ္ဓါရဝီထိ ပေါင်း ၂၀ ရှိသည်။

ဂုင်းဝီထိများ၏ ဝီထိစိတ်အစဉ်မှာ ပဉ္စဒ္ဓါရ၌ ပြခဲ့ပြီးသော ပဓာနဝီထိစိတ်များကဲ့သို့ နောက်လိုက် ဝီထိစိတ်များဖြစ်ပေါ်ရသည်။ မနောဒ္ဓါရဖြစ်၍ မနောဒ္ဓါရာဝဇ္ဇန်း စိတ်ကျရခြင်းနှင့် ပစ္စုပ္ပန်အာရုံ ရုပ်ဘရားများ မဟုတ်သောကြောင်း အတီတဘဝင်မကျရခြင်းသာ ထူးခြားကွဲပြားလေသည်။

ကာမ မနောဒ္ဓါရသက်သက်၌ ထင်လာနိုင်သော အာရုံများမှာ၊ ကာလ ၃ ပါးဖြစ်သော ကာမအာရုံ၊ ကာလဝိမုတ်ဖြစ်သော ပညတ်အာရုံများဖြစ်သည်။ ဂုင်းအာရုံ ၆ ပါးတို့သည် ထင်လာနိုင်သော အကြောင်းများမှာ အောက်ပါ အကြောင်းများဖြစ်သည်။

၁။ ဒိဋ္ဌ ကိုယ်တွေ့(ကိုယ်တိုင်)ခံစားဖူးသော အာရုံငါးပါး ကို အကြောင်းရသောအခါ ပြန်လှန် အောက်မေ့တွေး တောသောအားဖြင့် မနောဒွါရ၌ ထင်လာနိုင်သည်။

၂။ ဒိဋ္ဌသမ္မန္ဓ ကိုယ်တွေ့ ခံစားဖူးသောအာရုံနှင့် တူစွာ တပါးသော အာရုံများကို မှန်းဆလျက် မြင်ဖူး မကြားဖူးသော်လည်း မြင်ဖူးကြားဖူးသည် နည်းတူ ကြံစည် တွေးတောသော အားဖြင့် လည်းကောင်း မနောဒွါရ၌ ထင်လာတတ်သည်။

၃။ သုဘ ကိုယ်တွေ့မဟုတ် သူတပါးပြောသံကြား အာရုံ ငါးပါးကို အကြောင်းရသောအခါ ပြန်လှန် အောက် မေ့သောအား ဖြင့် လည်း ကောင်း ထင်လာတတ်သည်။

၄။ သုတသမ္မန္ဓ သူတပါးပြောသံ ကြားဖူးသည့် အာရုံ နှင့်ဘူစွာ တပါးသော အာရုံများကို မှန်းဆလျက် မကြားဖူးသော်လည်း ကြားဖူးသည့်နည်းတူ ကြံစည် တွေးတောသော အားဖြင့် လည်းကောင်း ထင်လာတတ်သည်။

၅။ သဒ္ဓါ သူတပါး ပြောစကားကို ယုံကြည်လွယ်သော အားဖြင့် လည်းကောင်း ထင်လာတတ်သည်။

၆။ အတ္တနော မတိ မိမိ၏ အလိုဆန္ဒ အတိုင်း ကြံစည် တွေးသောအားဖြင့်လည်းကောင်း ထင်လာတတ်သည်။

၇။ အာကာရပရိ, ဝိတက္က မြင်ရသော ဒြပ် အရိပ် အရောင်, အသံအရိပ်အရောင်ကို အစဲပြု၍ အခြင်း အရာကို ကြံစည် တွေးသော အားဖြင့် လည်းကောင်း ထင်လာတတ်သည်။

တတိယ အကြိမ်

၈။ ဒိဋ္ဌိနိဗ္ဗာနက္ခန္တိ ကိုယ်ပိုင်ဉာဏ်ဖြင့်လည်းကောင်း၊ မိရိုးဘလာအယူဝါဒဖြင့် လည်းကောင်း အဖန်ဖန် အထပ်ထပ်ဆင်ခြင်ပြီး၍ ဤသည်ကား အမှန်တည်းဟုသိန္ဒိဌာန်ချ သဘောကျသောအားဖြင့် လည်းကောင်း ထင်လာနိုင်သည်။

၉။ နာနာတမ္မဗလ ကံအမျိုးမျိုးတို့၏အစွမ်းကြောင့် လည်းကောင်း။

၁၀။ နာနာဣဒ္ဓိဗလ တန်ခိုးအမျိုးမျိုးတို့၏ အစွမ်းကြောင့် လည်းကောင်း။

၁၁။ ဓာတုကွောဘ သွေးလေ စသော ဓာတ်ချောက်ချားသဖြင့် လည်းကောင်း။ (ဆောင်းတွင်း အိပ်မက်ကံတောက်ကတက်ဖြစ်ခြင်း)။

၁၂။ ဒေဝတောပသံဟာရ နတ်များလှည့်ပတ် သွေးဆောင်၍ နန်ဆင်းပြခြင်းဖြင့် လည်းကောင်း။

၁၃။ အနုဗောဓ သစ္စာ ၄ ပါးကို ပိုင်နိုင်စွာ မသိသေးပဲ လျော်စွာသိသောကြောင့် လည်းကောင်း။

၁၄။ ပဋိဝေဓ သစ္စာ ၄ ပါးကို ပိုင်နိုင်စွာ သိသောကြောင့် လည်းကောင်း။

ဤအကြောင်းများကြောင့် မနောဒ္ဓါရဋ္ဌ ပြဆိုခဲ့ပြီးသော အာရုံ ၆ ပါးတို့သည် ထင်လာနိုင်ကြကုန်၏။

◈◈

ဇာတိယအကြိမ်

ကာမ မနောဒ္ဓါရဝီထိ—သရုပ်ခွဲ

မူလစာကိုယ် ဝီထိစိတ်တို့သည် ကိစ္စအားဖြင့် မနောဒ္ဓါရာဝဇ္ဇန်း
(၂၃) ဇော တဒါရုံ ဟူ၍ ၃ ပါးရှိကုန်၏။

အဓိပ္ပာယ် စိတ္တုပ္ပါဒ်အားဖြင့် မနောဒ္ဓါရာဝဇ္ဇန်း စိတ္တုပ္ပါဒ်
(၂၃) ၁၊ ဇောစိတ္တုပ္ပါဒ် ၇၊ တဒါရုံ စိတ္တုပ္ပါဒ် ၂၊
ပေါင်း ၁၀၊ အကျယ် အားဖြင့် ၄၁ ပါး။
၄၁ ပါးတို့မှာ—

ဒွေးပဉ္စဝိညာဏ် ၁၀ နှင့် မနောဓာတ် ၃ ခုမှတပါးသော ကာမစိတ် ၄၁ ပါး ဖြစ်သည်။

အထူးမှတ်သားရန်အချက်

ပဉ္စဒ္ဓါရ၌ အာရုံဖြစ်ပုံကို အတိမဟန္တ စသည်နာမည်ပေးသကဲ့သို့၊ ဤမနောဒ္ဓါရဝီထိ၌ နာမည်မပေးပဲ ဝိဘူတာရုံ,အဝိဘူတာရုံဟု အဘယ်ကြောင့် ပေးရပါသနည်းမေးသော်၊ အဖြေမှာ—

ပဉ္စဒ္ဓါရ၌ အာရုံထပ်မှု,အာရုံဖြစ်မှုများသည် စိတ်အစွမ်းကြောင့် မဟုတ်၊ (၀၊) လုလ္လဝိရိယစိုက်ထုတ်၍ ထင်လာသည်မဟုတ်။အာရုံ၏ အစွမ်းကြောင့်၊ (၀၊)ပတ်ဝန်းကျင် အာရုံများ၏ ရှေ့ရှုတည်မှု ကြောင့် ထင်လာ မြင်လာရသဖြင့် အတိမဟန္တ စသည် နာမည်ပေး ရလေသည်။

မနောဒ္ဓါရ၌ အာရုံ၏ထင်မှုမှာကား၊အာရုံ၏အစွမ်းမဟုတ်(၀၊) ပတ်ဝန်းကျင် အာရုံများ၏ ရှေ့ရှု တည်မှုကြောင့်မဟုတ်ပေ၊ စိတ်၏ အစွမ်းကြောင့်၊ (၀၊) လုလ္လဝိရိယ စိုက်ထုတ်နိုင်ပါမှ ထင်လာသော ကြောင့်၊ဝိဘူတ,အဝိဘူတ နာမည် ပေးရလေသည်။

မနောဒ္ဓါရကာမဇောဝါရ ပြီးပြီ။



တတိယအကြိမ်

အပွနာဇောဝါရ

ဝိဘူတာရုံ အဝိဘူတာရုံဝိသယပွဝတ္တိ ၂ မျိုးမဖြစ်ပေ။ ဝိဘူတာရုံ ဝိသယပွဝတ္တိ ၁ မျိုးသာ ရှိလေသည်။ အပွနာဇောအရာ၌ မထင်ရှားသော အာရုံဖြင့် အပွနာသို့ မရောက်နိုင်သောကြောင့် အဝိဘူတာရုံဟု မရှိတော့ပေ။

အပွနာဇောဝါရသည် မဟဂ္ဂတအပွနာဇောဝါရ, လောကုတ္တရာ အပွနာဇောဝါရအားဖြင့် ၂ မျိုးရှိ၏။ ထိုအပွနာဇောဝါရ ၂ မျိုးလုံး၌ အပွနာသို့ ရောက်ရန် ကြိုးပမ်း အားထုတ် ပြုလုပ်ရသော ဘဝမှာ ကာမဘဝ ကာမနယ်မှ ဖြစ်၍ အပွနာဇောဝါရ၏ ရှေ့ပိုင်း ဇောစိတ်များမှာ ကာမဇောများသာ ဖြစ်ရလေသည်။ ထိုတွင် အပွနာ ရောက်နိုင်သော တန်ခိုးပါဝါ ရှိသော ကာမဇောများမှာ ဉာဏ သမ္ပယုတ် ကာမဇော ၈ ခုဖြစ်၏။ ထိုကြောင့် ဉာဏသမ္ပယုတ်ကာမဇော ၈ ခုတို့တွင် တခုခုဖြစ်သည်ဟု သင်္ဂြိုဟ်ဆရာ ဆိုလေသည်။

အပွနာအကြောင်း

အပွနာဆိုသည်မှာ ဝိဘက္ကော အပွနာ ဗျပွနာ စသည် ပရိယာယ် စကားတူ ဖြစ်၍ စိတ် စေတသိက် တရားတို့ကို အာရုံ၌ ခိုင်မြဲစွာ တင်ထား တတ်သော သဘော တရား ဖြစ်သည်။ သို့ရာတွင် ဝိဘက် စေတသိက်သည် အာရုံ သာမန်တို့၌ စိတ် စေတသိက်များ ရောက်အောင် တင်ပေးတတ်သည်။ အပွနာ ကား၊ ကသိုဏ်း ပညတ် နိဗ္ဗာန် အာရုံယူးများပေါ်၌ အထူး ကျင့်သောအားဖြင့် စိတ် စေတသိက် နာမ်တရားများ ရောက်အောင် တင်ပေးတတ်သော အကြောင်းဖြစ်သည်။

ထိုအပွနာသည်ကား၊ (ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, စျာန်အင်္ဂါ ငါးပါးတို့၏ အပေါင်း ဖြစ်သော) စျာန်တရားနှင့် (သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ၈ ပါးတို့၏ အပေါင်း ဖြစ်သော) မဂ် (၎င်းမဂ်၏ အကျိုးဝိပါက) ဖိုလ်တို့၏အမည် ဖြစ်ပေသည်။ ၎င်းစျာန်, မဂ်, ဖိုလ် ဇော်တို့သည် နိဝရဏ စသော ကိလေသာတို့ကို ပယ်ဖျောက်တတ် ပျက်စီးစေတတ် သောကြောင့် အပွနာမည်၏ဟု ဗျုပ္ပတ်အားဖြင့် မှတ်ပါ။

ထို့ကြောင့် ထိုစျာန်, မဂ်, ဖိုလ်, ဇော စိတ္တုပ္ပါဒ်တို့သည် မိမိ,မိမိတို့၏ အာရုံတို့၌ စိတ်, စေတသိက် ယှဉ်တက်တရား များကို စွဲမြဲစွာ တင်ထားကြောင်း ဖြစ်သောကြောင့်၊ အပွနာ မည်သည်ဟု မှတ်ပါလေ။

၎င်းအပွနာဇော စိတ္တုပ္ပါဒ်တို့သည်——

မဟဂ္ဂုတ်ဇော (၁၈)

လောကုတ္တရာဇော (၈)အားဖြင့် အကျဉ်း ၂၆ ပါး

အကျယ်အားဖြင့် လောကုတ္တရာဇော(၄၀)ဖြစ်၍ ၅၈ ပါး ဖြစ်သည်။

၎င်းအပွနာဇော စိတ္တုပ္ပါဒ်များသည် အောက် ကာမစိတ် များကဲ့သို့ အာရုံနှင့်ပသာဒတို့ တွေ့ကြုံဆုံဆည်းကာမျှဖြင့် ဖြစ် ပေါ် ဥပါဒ်လာနိုင်သည်မဟုတ်။ ကျင့်ကြံအားထုတ်ကြိုးကုတ်ပါ မှ ဖြစ်ပေါ် ဥပါဒ်လာသော့ ဘာဝနာမယတရားများ ဖြစ်သည်း သို့ဖြစ်၍ ယခုကာလ လူရှင်ရဟန်းတို့သည် ထိုအပွနာခေါ် ရူပ အရူပ လောကုတ္တရာစိတ်များကို လက်တွေ့ ကိုယ်တွေ့ သိလို ပါမူ၊ သမထသမ္မဋ္ဌာန်း၊, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို အားထုတ်

မူလစာကိုယ် အပွနာဇောဝါရဉ် ဝိဘူတာရုံ အဝိဘူတာရုံ အကွဲ
(၂၄) အပြား မရှိပေ။ ထို့အတူ တဒါရုံလည်း မဖြစ်ပေ၊
မူလစာကိုယ် ချဲ့ရှိပြဦးအုံ့။ ထိုအပွနာဇောဝါရဉ် ဉာဏသမ္ပယုတ်
(၂၅) ကာမာဝစရ ဇော ၈ ခုတို့တွင် တပါးပါးသော
ဇောသည် ပရိကံ ဥပစာ, အနုလုံ, ဂေါတြဘူနာမည်
ဖြင့် လေးကြိမ်လည်းကောင်း၊ သုံးကြိမ်သာလျှင် လည်းကောင်း
အစဉ်အတိုင်း ဖြစ်၍ချုပ်၏။ ၎င်းတို့၏ အခြားမဲ့ဉ်သာလျှင် ဖြစ်ထိုက်
သည်အားလျော်စွာ လေးကြိမ်မြောက်၊ ငါးကြိမ်မြောက်၌ ၂၆ ပါး
သော မဟဂ္ဂုတ်လောကုတ္တရာဇောတို့တွင် တစုံတခုသောဇောသည်
သမထဝိပဿနာအားလျော်စွာ အပွနာစိတ်အစဉ်သို့သက်ရောက်၏။
ထိုနောက် အပွနာဇောအဆုံး၌ ဘဝင်ကျသည်သာဖြစ်၏။

ကျင့်ကြံကြပါကုန်။ သို့မှသာ အပွနာစိတ်များ၏ အရသာကို
ကိုယ်တွေ့ လက်တွေ့ ခံစား၍ သဘာဝကို ပိုင်ပိုင်ကြီး သိကြရ
လိမ့်မည်။

အဓိပွာယ် အပွနာဇော စိတ္တုပွါဒ်များ ဖြစ်သော ဝီထိ၌
(၂၄) မနောဒ္ဓါရ ဆိုင်ရာ ဝိသယပွဝတ္တိ ၂ မျိုးဖြစ်
သော ဝိဘူတာရုံ အဝိဘူတာရုံတို့သည် မဖြစ်
ကုန်။ ဝိဘူတာရုံ ဝိသယပွဝတ္တိဝမျိုးသာ ဖြစ်လေသည်။အောက်
ကာမဇောဝီထိတို့၌၊ ဇောနောက် တဒါရုံ စိတ် ကျ သ ကဲ့ သို့
ဤသို့ အပွနာဇောဝီထိတို့၌ ဇောနောက် တဒါရုံ မကျပေ။

လိုရင်းအချုပ်မှာ ထင်ရှားပေါ်လွင်သော [*] ဝိဘူတာရုံ
ဝိသယပွဝတ္တိဖြင့်သာ၊ မနောဒ္ဓါရ အပွနာဝီထိတို့၌ ဝီထိစိတ်
များဖြစ်၍၊ ထိုဝီထိစိတ်တို့၌ ဘယ်အခါမှ တဒါရုံမကျဟူလို။

[*ဝိဘူတာရုံ ဝိသယပွဝတ္တိ=ထင်ရှားစွာ အာရုံတို့၏ ဖြစ်ခြင်း]

အဓိပ္ပာယ် စျာန် တရား မဂ်ဘုန်းမျိုးကို ရလို သော (၂၅) ယောဂီ ပုဂ္ဂိုလ်သည်၊ ရှေးဦးစွာ သီလ ဝိသုဒ္ဓိ-သီလစင်ကြယ်ရမည်။ **ရဟန်း**ဖြစ်က ၂၂၇ ပါး သော သိက္ခာပုဒ်၊ လူဖြစ်က ငါးပါး, ရှစ်ပါး, ဆယ်ပါး သီလ မျိုး စင်ကြယ်ရမည်။

သမထ ကမ္မဋ္ဌာန်း ၄၀ အနက် [*] **အပ္ပနာစျာန်** ပေါက် **ရောက်နိုင်**သော ကမ္မဋ္ဌာန်း ၃၀ တို့တွင်၊ တပါးပါးကို အား ထုတ်ရာ၏။ ပေါက်ရောက်လျှင် မဟဂ္ဂုတ် **အပ္ပနာ**စော ၁၈ပါး ဖြစ်ခဲ့ပေါ်လာလေသည်။

အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာယာဉ် ၃ ပါးဖြင့် ရုပ်, နာမ်, သန္တာန်တို့ကို ကပ်၍ အထူးရှု ဆင်ခြင်ခြင်းဖြင့် အား ထုတ်ရာ၏။ ပေါက် ရောက် လျှင်၊ လောကုတ္တရာ **အပ္ပနာ**စော ၈ ပါး၊ အကျယ် ၄၀ ဖြစ်ပေါ်လာလေသည်။

စျာန်**အပ္ပနာ** ဖြစ်ပေါ်လာပုံ အစွမ်း

သမထ ကမ္မဋ္ဌာန်းကို စ၍ အား ထုတ်သော ယောဂီပုဂ္ဂိုလ် သည် ဆိတ်ငြိမ်ရာသို့ ကပ်၍ ကသိုဏ်း ဝန်းကို မျက်စိဖြင့် ထစိုက်စိုက် ရှုရာ၏။ ထိုသို့ရှုခြင်းသည် ကသိုဏ်း ရိကမ္မနိမိတ်ကို ပရိကမ္မဘာဝနာဖြင့် **အပ္ပနာ**ရောက်အောင် ပွားများ အား ထုတ် ခြင်းမည်၏။

[* **အပ္ပနာ** ပေါက် ရောက် နိုင်သော ကမ္မဋ္ဌာန်း ၃၀ မှာ ကသိုဏ်း ၁၀ ပါး။ အသုဘ ၁၀ ပါး။ ကာယဂတာသတိ အာနာပါနသတိ။ စတုဓာတု ဝဝတ္ထာန် ၄ ပါး။ ဗြဟ္မ ရပ္ပ ၄ ပါး ပေါင်း ၃၀ ဖြစ်သည်။]

ထိုနောက် ကသိုဏ်း ပရိကမ္မ နိမိတ်ကို မျက်စိဖြင့် မြင်သကဲ့သို့၊ မျက်စိမှိတ်ထားသော်လည်း၊ မနောဒ္ဓါရမှာ ထင်ရှား ပေါ်လွင်လာသောအခါ၊ ဥဂ္ဂဟနိမိတ်သို့ ရောက်လာပေပြီ။ ထိုအခါ ပွားများနေသော ဘာဝနာမှာ ပရိကမ္မဘာဝနာ ပင် ဖြစ်သေး၏။ သမာဓိမှာ ပရိကမ္မနိမိတ်ထက် တည်ကြည်လာလေပြီ။ ထိုနောက် ထိုဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာဖြင့် အဖန်ဖန်အထပ်ထပ် စီးဖြန်းလတ်သော် ဣန္ဒြေငါးပါး ရင့်လာသဖြင့်၊ နီဝရဏတရားများကင်းလျက်၊ ပွားများနေသော စိတ်အစဉ်၌ ဝိတက်စသော ဈာန်အင်္ဂါများ ထင်ရှား ပေါ်လာတော့သည်။ သို့ရာတွင် အပွနာသို့ကား မရောက်သေးပေ။ ၎င်းအာရုံသည် ပဋိဘာဂနိမိတ်နယ်ထဲသို့ ရောက်လာပေပြီ။ ပွားများနေသော စိတ်အစဉ်သည်လည်း၊ ရူပဈာန်လောက်နီးနီး တည်ကြည်လာပြီးဖြစ်၍၊ ရူပဈာန်၏ အနီးဆုံးဖြစ်၍၊ ဥပစာရဘာဝနာ (၁၂) ဥပစာရ သမာဓိဟု ခေါ်ရတော့သည်။ ထိုနောက် ထိုပဋိဘာဂ နိမိတ်ကိုပင် အာရုံပြုလျက်၊ အပွနာဈာန်စိတ် ဖြစ်ပေါ်လာတော့သည်။ ဈာန်ကို မရဖူး၍ အစ အားထုတ်သူ ဖြစ်သောကြောင့် ပထမဈာန်ဇော ဖြစ်ပေါ်ရပေမည်။ ဤပုဂ္ဂိုလ်သည် ပထမဈာန်ရသူဖြစ်သွားလေပြီ။

ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန် တို့ကိုလည်း - တဆင့်ထက်တဆင့် တက်လှမ်း သွားနိုင်သော့သည်။ ဤကား-အကျဉ်းမျှသာ။ အကျယ်ကို ကမ္မဋ္ဌာန်ပိုင်းမှာရှုပါ။

ဟတိယအကြိမ်

ဤကဲ့သို့ စျာန်အပ္ပနာ ဖြစ်ပေါ်လာပုံ အကျဉ်းကို သိပြီးမှ အပ္ပနာဇောမဖြစ်ပေါ်မီ ရှေ့.ပိုင်းကာမဇောနှင့် နောက်ပိုင်း အပ္ပနာဇော စိတ္တုပ္ပါဒ် အစဉ် ဖြစ်ပေါ်ပုံ အပ္ပနာဝီထိစိတ် အစဉ်ကို မူအားဖြင့် သိရပေလိမ့်မည်။ ထိုကြောင့် သင်္ဂြိဟ် ၂၅ နံပါတ်စကားကို ရှင်အနုရုဒ္ဓာဆရာဆိုပေသည်။

စျာန်အပ္ပနာဇော စိတ္တုပ္ပါဒ်ဖြစ်ပေါ်လာအောင် အား ထုတ်ရသော ပဋိလ်၏ နယ်ပယ်မှာ၊ ကာမဘုံ ကာမပဋိလ် ကာမစိတ်နယ်ပယ်မှ တက်ရမည်ဖြစ်၍။ ဒုပ္ပနာမရောက်မီ ရှေ့.အဖို့၌ ကာမဇောစိတ္တုပ္ပါဒ်ဖြစ်ရမည်။

ထိုကြောင့် ဉာဏသမ္မယုတ်ကာမဇော (၈) ခုတွင်၊ တခုခု သည်-ဟု ဆိုရလေသည်။ ၎င်းဉာဏသမ္မယုတ် (၈) ခု အနက် တိဟိတ်ပုထုဇဉ်နှင့် သေက္ခပဋိလ် (၇) ယောက်တို့၌ ကုသိုလ် ဉာဏသမ္မယုတ်ဇော (၄) ခုအနက် တခုခုသည် ဥပစာရ သမာဓိဇောအဖြစ်ဖြင့် ကျရောက်လေသည်။

၎င်းဥပစာရသမာဓိဇောသည် ဉာဏ်ထက်သော (တိက္ခ) ပဋိလ်မှာ ၃-ကြိမ်၊ ဉာဏ်နုံသော (မန္ဒ) ပဋိလ်မှာ ၄ ကြိမ် ဖြစ်သည်။ ထို ၄ ကြိမ်ကို နာမည်ဝိသေသအားဖြင့် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဟု ခေါ်ရလေသည်။ ထို ၃-ကြိမ် ၄ ကြိမ်သော ကာမဇောနောက်၌ ၄ ကြိမ်မြောက်, ငါးကြိမ် မြောက်မှာ အပ္ပနာစျာန်ဇောကျရသည်။ ဤ၌ အာဒိကမ္မိက (အစအဦးထုတ်သူ) ဖြစ်၍ ဝ ကြိမ်သာကျ၏။ စျာန်ဝင်စား သော ဝီထိများ၌ ဒု ကြိမ်များစွာ ကျနိုင်သည်။ ထိုနောက် ဘဝင်စိတ္တုပ္ပါဒ်ဖြစ်ပေါ်ရသည်။

(အမှာ) ပရိကမ္မ ကို ပ-ဟုလည်းကောင်း
ဥပစာရ ကို ဥ-ဟုလည်းကောင်း
အနုလောမ ကို အ-ဟုလည်းကောင်း
ဂေါတြဘူ ကို ဂေါ-ဟုလည်းကောင်း
အတိုကောက်အားဖြင့် ခေါ်ဝေါ်ခြင်းကိုမှတ်ပါ။

အခြားအတိုကောက်အမှတ်အသားမှာ အောက်ကာမဝီထိများအတိုင်းပင်။

အာဒိကမ္မိကဈာနဝီထိ[စ၍ အားထုတ်သူ၏ ဈာန်ဝီထိစိတ်အစဉ်]

(မန္ဒပုဂ္ဂိုလ်) ဘဝင်,နဒ,မ,ပ,ဥ,အ, ဂေါ, ဈာန်, ဘဝင်, ဘဝင်.....
(တိက္ခပုဂ္ဂိုလ်) ဘဝင်, နဒ,မ,ဥ,အ, ဂေါ, ဈာန်, ဘဝင်, ဘဝင်.....
ဤနမူနာဝီထိကို မှတ်သားပါဦး၊အပွဲနာဝီထိအမျိုးအစားကို ပြဦးအံ့။

အပ္ပနာဝီထိအမျိုးအစား

၁။ စျာနဝီထိ၊
၂။ မဂ္ဂဝီထိ၊
၃။ ဖလသမာပတ္တိဝီထိ၊
၄။ နိရောဓသမာပတ္တိဝီထိ၊
၅။ အဘိညာဝီထိဟူ၍ မူအားဖြင့် ၅ ပါးရှိသည်။

ထိုတွင် (၁) စျာနဝီထိသည် ၁-ပကာမစျာနဝီထိ၊
၂-ဒုတိယ စျာနဝီထိ၊
၃-တတိယ စျာနဝီထိ၊
၄-စတုတ္ထ စျာနဝီထိ၊
၅-ပဉ္စမ စျာနဝီထိ၊

ဟူ၍ ရူပစျာနဝီထိ ၅၊ အရူပစျာနဝီထိ ၄ ပါး ပေါင်း ၉ ပါးရှိသည်။ ၎င်း ၉ ပါးအနက် တပါးတပါး၌ ကုသိုလ်ဇောကျသော ဝီထိ, ကြိယာဇောကျသော ဝီထိဟူ၍ ၂ မျိုးနှင့် ခဲ့လိုက်သော် (၉×၂)=၁၈ ဝီထိဖြစ်သည်။ ၎င်း ၁၈ ဝီထိကို အာဒိကမ္မိကမ္မဂ္ဂိုလ်၊ ဆမာပဇ္ဇနပုဂ္ဂိုလ် ၂ ပါးနှင့် ခဲ့လိုက်ပြန်သော် (၁၈×၂)=၃၆ ဝီထိ ဖြစ်၏။ ၎င်း ၃၆ ဝီထိကို တိက္ခပုဂ္ဂိုလ်၊ မန္ဒပုဂ္ဂိုလ် ၂ ပါးနှင့် ခဲ့လိုက်ပြန်သော် စျာန်ဝီထိပေါင်း (၃၆×၂)=၇၂ ဝီထိဖြစ်လေသည်။

အချုပ်အားဖြင့်ဆိုသော်-

ပထမ စျာနဝီထိ ၈ ပါး (၁×၂×၂×၂=၈)
ဒုတိယ စျာနဝီထိ ၈ ပါး (၁×၂×၂×၂=၈)

တတိယစျာန်ဝီထိ ၈ ပါး (၁×၂×၂×၂=၈)
စတုတ္ထစျာန်ဝီထိ ၈ ပါး(၁×၂×၂×၂=၈)
ပဉ္စမစျာန်ဝီထိ ၄၀ ပါး(၅×၂×၂×၂=၄၀)
စျာန်ဝီထိ ပေါင်း ၇၂ ပါး

အကျဉ်းမှတ်ရန်ဝိသုဒ္ဓာရုံ လက်ာ

* စျာန်ကိုးခုကို၊ ကုကြီအာသံ၊ တိတ်မန်မြောက်ရွေး၊ ဒဋ္ဌးသတ္တရိ၊ စျာန်ဝီထိပြား၊ အ တပါး၌၊ တပါးရကောင်း၊ ပစ္စဝက်ပေါင်းမှာ၊ မျာ၊ ပြားစွာသည်၊ တရာ့ကိုးဆယ် နှစ်စွန်းတည်း။

ပစ္စဝေက္ခဏာဝီထိအမျိုးအစား

ပစ္စဝေက္ခဏာဝီထိ ဆိုသည် မိမိရပြီး စျာန်တရားကို ပြန်လှန် အောက်မေ့ ဆင်ခြင်တတ်သော စိတ္တုပ္ပါဒ် အစဉ်ကို ခေါ်သည်။

၎င်းပစ္စဝေက္ခဏာဝီထိသည်--

ပထမစျာန်ရပြီးသောအခါ ဆင်ခြင်သောဝီထိ ၄၀
ဒုတိယစျာန်ရပြီးသောအခါ ဆင်ခြင်သောဝီထိ ၃၂
တတိယစျာန်ရပြီးသောအခါ ဆင်ခြင်သောဝီထိ ၂၄
စတုတ္ထစျာန်ရပြီးသောအခါ ဆင်ခြင်သောဝီထိ ၁၆
ပဉ္စမစျာန်ရပြီးသောအခါ ဆင်ခြင်သောဝီထိ ၈၀
ပစ္စဝေက္ခဏာပေါင်း ၁၉၂

၎င်းပစ္စယဝေကွဏာဝိဆိပေါင်း ၁၉၂ ပါး၏ ဝိထိစိတ္တုပ္ပါဒ်ဖြစ်စဉ်မှာ–

(မန္ဒပုဂ္ဂိုလ်) ဘဝင်,နှ,ဒ,မ,ကာမဇော,၄,၄,၄,၄,ဘဝင်,ဘဝင်....

(တိက္ခပုဂ္ဂိုလ်) ဘဝင်,နှ,ဒ,မ,ကာမဇော,၄,၄,၄,ဘဝင်, ဘဝင်.....

မှတ်ရန်–ဤပစ္စယဝေကွဏာဝိထိမှာ စျာန်ကိုဆင်ခြင်၍သာစျာန်ဝိထိတင်ပါဝင်ရ၏။အမှန်မှာ စျာန်အပွနာ စိတ္တုပ္ပါဒ်ဘဝုမျှမပါဝင်ပေ။ ကာမစိတ်များသာဖြစ်ပေသည်။ ထို့ကြောင့် ကာမဇောဟု ဇောမှာ ကဲ့ပြုးအောင် ထည့်၍ ရေးသား ထားလိုက်ရသည်၊ ဉာဏ်နှုံသော မန္ဒပုဂ္ဂိုလ်မှာ ပစ္စယဝေကွဏာ ကာမဇော ၅ ကြိမ် ဉာဏ်ထက်သော တိက္ခပုဂ္ဂိုလ်မှာ ပစ္စယဝေကွဏာ ကာမဇော ၄ ကြိမ် ဖြစ်ရသည်။

သမာပဇ္ဇနဝိထိ

စျာန်ရပြီးသော စျာနလာဘီပုဂ္ဂိုလ်သာလျှင် မိမိရပြီးသောစျာန်ကို တဖန်ဝင်စားလိုသောအခါ သမာပဇ္ဇနဝသီ(ဝင်စားလိုက မြန်မြန်ဝင်စားနိုင်သော အလေ့အကျင့်)အဓိဋ္ဌာနဝသီ (ဘဝင်ကို လှုပ်မိုး၍ စျာန်စိတ္တုပ္ပါဒ်ဖြစ်ပေါ်စေသော အလေ့အကျင့်)ဝုဋ္ဌာနဝသီ (ဝင်စားနေသောစျာန်မှ ထလိုသောအခါ မြန်စွာထနိုင်သော အလေ့အကျင့်) ဝသီသုံးမျိုးတို့ဖြင့် ဝင်စားလေသည်။ထို အခါ၌ ဖြစ်သော စိတ္တုပ္ပါဒ်အစဉ်ကို သမာပဇ္ဇနဝိထိဟု ခေါ်ရလေသည်။

(မန္ဒ) ဘဝင်,နှ,ဒ,မ,ပ,ဥ,အ,ဂေါ,စျာန်,စျာန်,အကြိမ်များစွာ ဘဝင်,ဘဝင်....
(တိက္ခ) ဘဝင် နှ,ဒ,ပ,ဥ,အ,ဂေါ,စျာန်, အကြိမ်များစွာ ဘဝင်,ဘဝင်....

စျာန်အပွနာစိတ္တုပ္ပါဒ်အစဉ် ပေါ်လာရာ၌ အာရုံများမှာ

ဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဘဝင်စိတ်များနှင့် နောက်ဘဝင်စိတ်များမှာ ဘုံဝင်စိတ် တို့ထုံးစံ ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃ မျိုး ဒေနက် တမျိုးကိုအာရုံပြုလျက် ဖြစ်ပေါ်လာ၏။ မနောဒ္ဒါရဝဇ္ဇန်းပရိကံ ဥပစာ ဃနသုံ ဂေါတြဘူနှင့် အပွနာစျာန်ဇောများသည် ပညတ် ၂၅မျိုး အနက် တမျိုးမျိုး၏ ပဋိဘာဂ နိမိတ်ကို အာရုံပြုလျက် ဖြစ်ပေါ်လာကြကုန်၏။

ဘုံပုဂ္ဂိုလ်များ

၎င်းစျာန် အပွနာစိတ္တုပ္ပါဒ်များမှာ ကာမသုဂတိ ၇ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် ဖိုလ်ပုဂ္ဂိုလ် ၄ယောက်အပေါင်း ပုဂ္ဂိုလ် ၅ ယောက်တို့၏ သန္တာန်မှာ များစွာဖြစ်နိုင်၏။ ရူပဘုံ၌ကား ပြန်၍ ဝင်စားသောအခါများ၌ ဖြစ်နိုင်ပါသေး၏။ အရူပဘုံ၌ကား မဖြစ်ပေ။

နှုတ်တက်ကျက်ရန်ဝိသုဒ္ဓဂုဏ်လက်ဝဲများ။

* ပဌမဈာန်၊ အာဒိကမ်၏၊ ချရန်မဲ့နှာ၊ တိဟေတုကာမ၊ ဧသဒမနုဿင့်၊ ပဌမဈာန်၊ ခုနစ်တန်သာ၊ အာရုံမှာမူ၊ ဘဝင်ဟူသမျှ၊ သုံးဝအတိတ်၊ ကံနိမိတ်တည်း။ ကြွင်းဈာန်ခုနစ်၊ ဥပဓေဘောကြောင့်၊ ပဋ္ဌဝိသတိ၊ ပညတ္တိကို၊ ပြုဘိမြဖွာ၊ မိုရာမှတ်ရှု၊ ရှေးရှေ့ဥသည်၊ ဖွဲ့ဖွဲ့ဖြေဖယ်၊ စွဲမှီရုသည်၊ ဒွိဟလွတ်ကင်း ရှင်းလေသည်။

* လွတ်ကင်းဒွိဟ၊ ရှင်းရှင်းပဓေလဲ့၊ ကာမသုဂတိ၊ ဘူမိဋ္ဌသာ၊ ဖလာတိဈာန်၊ ငါးတန်တွက်စစ်၊ ပုဂ္ဂိုလ်ဖြစ်သည်၊ စိစစ်ဘေးသွင် လေတည်း။

မှတ်ချက်။ ။ဆရာက လက်ဘက်ကို ရှင်းပြသင့်၏။ အထက်မှာ လည်း ၎င်းလက်ဘအဓိပ္ပာယ် ပါတန်သလောက် ပါခဲ့ပြီ။

(၂) မဂ္ဂဝိထိ

မဂ္ဂဝိထိသည် ဧသဝတာပတ္တိ မဂ္ဂဝိထိ-သကဒါဂါမိမဂ္ဂဝိထိ-အနာဂါမိမဂ္ဂဝိထိ- အရဟာတ္တမဂ္ဂဝိထိ- ဟူ၍ အကျဉ်းအားဖြင့် ၄ ပါး။ အကျယ်အားဖြင့် ၁၂၀-ရှိသည်။

အကျယ်အားဖြင့်ဧသတာပတ္တိမဂ္ဂဝိထိ ၅-မျိုး

၁ ပထမဈာန် သောတာပတ္တိမဂ္ဂဝိထိ ၁
၂ ဒုတိယဈာန်သောတာပတ္တိမဂ္ဂဝိထိ ၁
၃ တတိယဈာန်သောတာပတ္တိမဂ္ဂဝိထိ ၁ ၃ မျိုး
၄ စတုတ္ထဈာန်သောတာပတ္တိမဂ္ဂဝိထိ ၁
၅ ပဉ္စမဈာန်သောတာပတ္တိ မဂ္ဂဝိထိ ၁

ထိုအတူ သကဒါဂါမိမဂ္ဂဝီထီ .....၅ မျိုး
အနာဂါမိမဂ္ဂဝီထီ.....၅ မျိုး
အရဟတ္တမဂ္ဂဝီထီ.....၅ မျိုး
ပေါင်း မဂ္ဂဝီထီ ၂၀

ရင်းမဂ္ဂဝီထီ ၂၀ သည် တိက္ခပုဂ္ဂိုလ်, မန္ဒပုဂ္ဂိုလ်တို့၌ ဖြစ်သဖြင့်(၂၀×၂) ၄၀ ဖြစ်၏။ ပါဒကစျာန်, သမ္မသိတစျာန်, ပုဂ္ဂလဇ္ဈာသယစျာန် ၃ ပါးဖြစ်၍ (၄၀×၃) ၁၂၀ ဖြစ်၏။

တနည်း—

သောတာပတ္တိ မဂ္ဂဝီထိပေါင်း ၃၀ }
သကဒါဂါမိ မဂ္ဂဝီထိပေါင်း ၃၀ } ၁၂၀
အနာဂါမိ မဂ္ဂဝီထိပေါင်း ၃၀ }
အရဟတ္တ မဂ္ဂဝီထိပေါင်း ၃၀ }

ထိုတွင် သောတာပတ္တိမဂ္ဂဝီထိ ၃၀ ကို ဂေါ်တြဘူနာမည်နှင့် ကျသောကြောင့် "ဂေါ"ဝါရဟု ခေါ်ကြ၏။ အထက်မက် ၃ပါး၏ ဝီထိပေါင်း ၉၀ ကို၊ ဝေါဒါန် နာမည်နှင့် ကျသောကြောင့် "ဝေါ"ဝါရဟု ခေါ်ကြ၏။

ထိုကြောင့် "ဂေါ"ဝါရ ၃၀ "ဝေါ"ဝါရ ၉၀ ပေါင်း ၁၂၀ ဖြစ်သည်။

တတိယအကြိမ်

မဂ္ဂဝိထိတခု၏ စိတ္တုပ္ပါဒ်ဖြစ်စဉ်

(မန္ဒ)....ဘဝင်,နှ,ဒ,မ,ပ,ဥ,အ,ဂေါ,မင်,ဖိုလ်,ဖိုလ်,ဘဝင်ဘဝင်....(သောတာပတ္တိမဂ္ဂ)
....ဘဝင်,နှ,ဒ,မ,ပ,ဥ,အ,ဂေါ,မင်,ဖိုလ်,ဖိုလ်,ဘဝင်,ဘဝင်....(အထက်မင် ၃-)
(တိက္ခ)....ဘဝင်,နှ,ဒ,မ,ဥ,အ,ဂေါ,မင်,ဖိုလ်,ဖိုလ်,ဘဝင်,ဘဝင်....(သောတာပတ္တိမဂ္ဂ)
....ဘဝင်,နှ,ဒ,မ,ဥ,အ,ဂေါ,မင်,ဖိုလ်,ဖိုလ်,ဖိုလ်,ဘဝင်,ဘဝင်....(အထက်မင် ၃)

ပထမစျာနမဂ္ဂ ဝိထိချပုံဟုဆိုသည်။ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ စျာနမဂ္ဂဝိထိများလည်း ဤအတူပင်။

မဂ္ဂပစ္စဝေက္ခဏာဝိထိ

မင်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိမှာ၊

၁- ရဖြိုးသောမင်ကို ဆင်ခြင်သော ဝိထိ (၁)
၂- ရဖြိုးသောဖိုလ်ကို ဆင်ခြင်သော ဝိထိ (၁)
၃- နိဗ္ဗာန်ကို ဆင်ခြင်သော ဝိထိ (၁)
၄- ပယ်ပြီးသောကိလေသာကို ဆင်ခြင်သော ဝိထိ (၁)
၅- မပယ်ရသေးသော ကိလေသာကိုဆင်ခြင်သောဝိထိ (၁)

ပေါင်း မူအား ဖြင့် (၅)မျိုး ရှိလေသည်။

ထိုကြောင့်--

သောတာပတ္တိမဂ္ဂပစ္စေက္ခဏာဝီထိ ၅-မျိုး
သကဒါဂါမိမဂ္ဂ ပစ္စေက္ခဏာဝီထိ ၅-မျိုး
အနာဂါမိ မဂ္ဂ ပစ္စေက္ခဏာဝီထိ ၅-မျိုး
အရဟတ္တ မဂ္ဂ ပစ္စေက္ခဏာ ဝီထိ ၄-မျိုး
ပေါင်း ၁၉-မျိုးရှိသည်။

(အရဟတ္တမဂ်မှာ- မပယ်ရသေးသော ကိလေသာကို ဆင်ခြင်သော ဝီထိမရှိ၍ ၄ ပါးသာ)

စျာန်အင်္ဂါမျှားနှင့် အကျယ်ရေတွက်သော်

ပထမစျာန်သောတာပတ္တိမဂ္ဂပစ္စေက္ခဏာဝီထိ ၅
ဒုတိယစျာန်သောတာပတ္တိမဂ္ဂပစ္စေက္ခဏာဝီထိ ၅
တတိယစျာန်သောတာပတ္တိမဂ္ဂပစ္စေက္ခဏာဝီထိ ၅ } ၂၅ ပါး
စတုတ္ထစျာန်သောတာပတ္တိပဂ္ဂပစ္စေက္ခဏာဝီထိ ၅
ပဉ္စမစျာန်သောတာပတ္တိမဂ္ဂပစ္စေက္ခဏာဝီထိ ၅

၎င်း ၂၅ ပါးကို တိက္ခ မန္ဒပဂ္ဂိုလ် ၂ ပါးနှင့် မြောက် (၂၅×၂) ၅၀ ဖြစ်၏။ ၎င်း ၅၀ ကို ပါဒက, သမ္မသိတ, ပဂ္ဂလဇ္ဈာသယ, ၃ ပါးနှင့်မြောက်(၅၀×၃) ၁၅၀ဖြစ်၏။

ထိုအတူ- သကဒါဂါမိမဂ္ဂ ပစ္စေက္ခဏာဝီထိ ၁၅၀
အနာဂါမိမဂ္ဂ ပစ္စေက္ခဏာဝီထိ ၁၅၀
အရဟတ္တမဂ္ဂ ပစ္စေက္ခဏာ ဝီထိ ၁၂၀
မဂ္ဂပစ္စ ေက္ခဏာဝီထိပေါင်း.... ၅၂၀

ဇာတ်ဝင်ခန်း

ငယ်လေးငိုင်ဝင်ခဲ့ နှစ်ယောက်ယောက်မှန်းသိသည်

"ညီငယ်ကိုနှစ်ယောက် ဘယ်သူတွေ ခေါ်ခဲ့သလဲ ပြောစမ်း"

"ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်ဒွတ်....."

ဇာတ်သိမ်းသီချင်း ဆိုကြသည်။ ဇာတ်သိမ်းသီချင်းဆိုနေစဉ် ဇာတ်ဝင်ခန်းမှ ဆက်လက်ဝင်ရောက်လာသော ဇာတ်ကောင်များသည် ဇာတ်ကြီးကို ကြည့်ရှုလျက် ရှိနေကြသည်။ ဇာတ်သိမ်းသီချင်းဆိုပြီးသောအခါ ဇာတ်ကောင်များ အားလုံး ဇာတ်ခုံပေါ်သို့ တက်ရောက်လာကြသည်။ ဇာတ်ခုံပေါ်တွင် ဇာတ်ကောင်များ အားလုံး ရောက်ရှိနေ

ပထမလက်ာအဖြေမှာ ဝီထိ အမျိုးအစားပြသော လက်ာ ဖြစ်၍ ပြခဲ့ပြီးပြီ။

ဒုတိယလက်အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်၏။

ပဌမစျာန် သောတာပတ္တိ မဂ္ဂ ဝီထိ ချရန် စိတ်များမှာ၊ မနောဒ္ဓါရာ ဝဇ္ဇန်း, တိဟိတ် ကာမ သောမနဿ ကုသိုလ် စိတ္တုပ္ပါဒ် ၂ ပါး, သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ် ဤစိတ် ငါးပါးတည်း၊ ၎င်း သောတာပတ္တိမဂ္ဂ ဝီထိ စိတ္တုပ္ပါဒ်များ၏ အာရုများမှာ ရှေ့ဘဝင် နောက်ဘဝင် စိတ်များသည် အတိတ်ဖြစ်သော ကံ,ကမ္မနိမိတ်, ဂတိနိမိတ် များကို အာရုံပြု၍ ဖြစ်ပေါ်၏။ မနောဒ္ဓါရာဝဇ္ဇန်း,ပရိကံ,ဥပစာ,အနုလုံ နာမည် ဖြင့်ဖြစ်သော ကာမသောမနဿ ဉာဏ သမ္ပယုတ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် တို့သည် တေဘူမကသခ်ါရကို အာရုံပြု၍ ဖြစ်ကြကုန်၏။ ဂေါတြဘူစိတ် မဂ်ဇော ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ကြကုန်၏။ ထိုစိတ်တို့၏ မှီရာ (ဖြစ်ပေါ်ရာ) ဝတ္ထုမှာ မိမိ၏ ရှေးဖြစ်သော စိတ်နှင့် အတူ ဖြစ်ပေါ်သော ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ရသည်။

၎င်း သောတပတ္တိ မဂ္ဂ ဝီထိဖြစ်သော ပုဂ္ဂိုလ်နှင့် ဘုံမှာ ကာမဘုံ, ရူပဘုံတို့၌ စျာန်ရ မရ တိဟိတ်ပုထုဇဉ်, သောတာပတ္တိမဂ်ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ် ပုဂ္ဂိုလ် ၃ ယောက်သာ သောတာပတ္တိမဂ္ဂဝီထိစိတ် ဖြစ်သည်။

ကြွင်းသော ဒုတိယ တတိယ စတုတ္ထ ပဉ္စမ စျာန သောတာပတ္တိမဂ္ဂဝီထိများ၌လည်း ပထမစျာန သောတာပတ္တိမဂ္ဂဝီထိနှင့် အတူပင် အားလုံး သိရာ၏။

ထိုအတူ သကဒါဂါမိ မဂ္ဂဝီထိ အနာဂါမိ မဂ္ဂ ဝီထိ၂အရ ဟတ္တ မဂ္ဂဝီထိ တို့၌လည်း အားလုံးသော အကြောင်းအရာ အဓိပ္ပာယ်တို့သည် တူကြလေပြီ။

အမှာ။ ။တပည့်များ ဉာဏ်နုသေး၍မသိနိုင်က ဆရာက ရှင်းပြရ ပေမည်။

(၃) ဖလသမာပတ္တိဝီထိ

ဖလသမာပတ္တိဝီထိ ဟူသည် ဖလသမာပတ် ဝင်စားသော အခါ ဖြစ်သော စိတ်အစဉ်များ ဖြစ်သည်။ ဝါ ဖိုတ်ဇော များသာ ထပ်ခါထပ်ခါ ဖြစ်သော ဝီထိစိတ်အစဉ် ဖြစ်သည်။ ရပြီးသော စည်းစိမ်ဥစ္စာကိုခံစားသကဲ့သို့ ထိုအတူ ရပြီးသော ဖိုလ်၏ချမ်းသာမှုကို ခံစားခြင်းပင်ဖြစ်၏။

ရင်းဖလသမာပတ္တိဝီထိသည်—

သောတာပတ္တိဖလသမာပတ္တိဝီထိ
သကဒါဂါမိ ဖလသမာပတ္တိဝီထိ
အနာဂါမိ ဖလသမာ ပတ္တိဝီထိ
အရဟတ္တ ဖလသမာပတ္တိဝီထိဟူ၍ မူအားဖြင့် ၄ ပါး။

ရင်း (၄) ပါးကို စျာန် ငါးပါးနှင့် မြှောက်(၄×၅) ၂၀ ဖြစ်၏။

ရင်း (၂၀)ပါးကို တိကွမန္ဒ နှစ်ပါးနှင့်မြှောက်(၂၀×၂) ၄၀ ဖြစ်၏။

ရင်း (၄၀)ပါးကို ပါဒသ သမ္မသိတ ပုဂ္ဂလဇ္ဈာ သယ သုံးပါးနှင့်မြှောက်(၄၀×၃) ၁၂၀ဖြစ်၏။

ဖလပစ္စဝေက္ခဏာ ဝီထိတို့သည်လည်း မဂ္ဂပစ္စဝေက္ခဏာ နည်းတူ ၅၇၂ ဝီထိရှိကုန်၏။

တတိယအကြိမ်

၈ (မန္ဒ) ဘဝင်,နှ,ဒ,မ,အနုလုံ,အ,အ,အ,ဖိုလ်,ဖိုလ် အကြိမ်များစွာ ဘဝင်....
(တိက္ခ) ဘဝင်,နှ,ဒ,မ,အနု,အ,အ,ဖိုလ် အကြိမ်များစွာ ဘဝင်....

မှတ်ချက်။ ။ဤ ဖလသမာပတ်ဝိထိများ၌—ပရိကံ,ဥပစာ,ဂေါတြဘူတို့မဖြစ်ပေ,အနုလုံဟူသောနာမည် တခုဖြင့်သာ ကာမဇောများဖြစ်ရသည်၊

အာရုံပြုပုံမှာ မနော,အနုလုံ,၄ကြိမ်တို့သည် တဘူမကသင်္ခါရကို အာရုံပြု၍ ဖြစ်ပေါ်၏။ ဖိုလ်ဇောများစွာတို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ကြ၏။ ရှေ့ဘဝင် နောက်ဘဝင်တို့မှာ အောက်ကပြခဲ့သည့် အတိုင်းပင်။

ပုဂ္ဂိုလ်နှင့်ဘုံမှာ ကာမရူပဘုံတို့၌သာ ဝင်စားနိုင်၏။ ဖိုလ်ပုဂ္ဂိုလ် ၄ ယောက်တို့ သာ ဖလသမာပတ်ကို ဝင်စားနိုင်ကြကုန်၏။ မဂ်ပုဂ္ဂိုလ်နှင့် ပုထုဇဉ် ၄ယောက်တို့ မဝင်စားနိုင်။ သို့ရာတွင် အောက်ကမ္မသော ဖိုလ်ပုဂ္ဂိုလ်သည် အထက်ဖိုလ်ကို မဝင်ဘားနိုင်၊ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ် သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်၏။ သကဒါဂါမိ ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့်

သကဒါဂါမိဖိုလ်ကို ဝင်စားနိုင်၏။ အနာဂါမိပုဂ္ဂိုလ်သည် အောက်ဖိုလ် ၃ပါးကို ဝင်စားနိုင်၏။
ရဟန္တာပုဂ္ဂိုလ်သည် ဖိုလ် ၄ပါးကို ဝင်စားနိုင်၏။

အမှာ။ ။(၄) နိဂြောဓသမာပတ္တိဝိထိနှင့် (၅) အဘိညာဝိထိများကို ဤဦးချန်လှပ်ခဲ့၍ ကမ္မဋ္ဌာန်း ပိုင်းမှာ ပြပေအံ့။

အပွနာဆိုင်ရာ ဝိထိပေါင်းအချုပ်

(၁)	စျာနဝိထိ	(မူလ)	၃၂	ဝိထိ	(ပစ္စဝေက္ခဏာဝိထိ)	၁၉၂	ဝိထိ
(၂)	မဂ္ဂဝိထိ	(မူလ)	၁၂၀	ဝိထိ	(ပစ္စဝေက္ခဏာဝိထိ)	၅၂၂	ဝိတိ
(၃)	ဖလသမာပတ္တိ	(မူလ)	၁၂၀	ဝိထိ	(ပစ္စဝေက္ခဏာဝိထိ)	၅၂၂	ဝိထိ
		ပေါင်း	၃၁၂		ပေါင်း	၁၃၃၆	

အမှာ။ ။အဘိဓမ္မာအရာ၌ ဤဝိထိအဓိပ္ပာယ်စုမှာမလွယ်ကူလှပေ။ ခက်ခဲဘိတောင်း။ သို့ရာတွင် ပြင်းထန်သော အာသာဆန္ဒရှိသောစာသင်သားနှင့် ရှင်းလင်းပြတ်သားအောင် သင်ပြတတ်သော ဆရာကြုံကြိုက်ပါမူ၊ အခက်အခဲ မလွယ်ကူသော ကဲ့နွာရကို ကျော်နင်းလွန်မြောက်နိုင်လိမ့်မည်ဖြစ်ကြောင်းကို သတိမမေ့ရာ။

အပ္ပနာဒီထိစိတ္တုပ္ပါဒ်အဓိပ္ပာယ်

ပရိကံ့-ဟူသည် ပရိကမ္မပုဒ်ရင်းမှဖြစ်သော ပါဠိပျက် မြန်မာစကား။ အပ္ပနာဧော စိတ္တုပ္ပါဒ်များ ဖြစ်ပေါ်လာ အောင် ရှေ့အဖို့မှ ပြုလုပ် စီမံ တတ်သောကြောင့် ပရိကံ မည်၏။

ဥပစာ ဟူသည် ဥပစာရပုဒ်ရင်းမှဖြစ်သော ပါဠိပျက် မြန်မာစကား။ အပ္ပနာဧောများ၏အနီး သို့ကပ်၍ ဖြစ်တတ် သောကြောင့် ဥပစာမည်၏။

အနုလုံ-ဟူသည် အနုဧောမပုဒ်ရင်းမှဖြစ်သော ပါဠိပျက် မြန်မာစကား။ အပ္ပနာဧော ဖြစ်ပေါ်ရန် နီဝရဏရန်သူ များကို ပယ်သတ်ဖျက်ဆီးသောအားဖြင့် အပ္ပနာနှင့် လျော် သောကြောင့်၊ ဝါ- အပ္ပနာနှင့် မဆန့်ကျင်ပဲ လျောက်ပတ် သောကြောင့် အနုလုံမည်၏။

ဂေါတြဘူ-ဟူသည် ကာမအနွယ်, လောကီ အနွယ်ကို လွှမ်းမိုးနှိပ်စက် ဖျက်ဆီးတတ်သောကြောင့် ဂေါတြဘူမည်၏။

ဂုဏ်းနာမည် ၄ မျိုးဖြင့် ဖြစ်သော ကာမဧောများကို ဥပစာရဘာဝနာ၏နယ်ပယ်မှာ အဟည်ကြည်ဇုံး ထိုဝတန်း အကျဆုံးဖြစ်၍ ဥပစာရသမာဓိဧောဟူ၍လည်း ခေါ်ဝေါ် ကြကုန်၏။

ဂုဏ်းရိကံစသောနာမည် ၄ မျိုးကို "ပရိကံ" နာမည်ဟမျိုး တည် ဖြင့်လည်းကောင်း၊ "ဥပစာ" တမျိုးဘည်းဖြင့် လည်း ကောင်း၊ "အနုလုံ" တမျိုးဘည်းဖြင့်လည်းကောင်း ခေါ်ဝေါ် လိုက ခေါ်ဝေါ်နိုင်သည်။

အပ္ပနာဝီထိ၏ ရှေ့ပိုင်းကာမဇောနှင့် နောက်ပိုင်း အပ္ပနာဇောများ ချရန်စည်းကမ်း သတ်မှတ်ချက်များ

မူလစာကိုယ် (၂၆) (ရှေ့ပိုင်း)ကာမဇောသ သောမနဿ ဖြစ်လျှင် (နောက်ပိုင်း)အပ္ပနာဇောသည်လည်းသောမနဿ အပ္ပနာဇောဖြစ်ရမည်။

ရှေ့ပိုင်းကာမဇောသည် ဥပေက္ခာဖြစ်လျှင် နောက်ပိုင်းအပ္ပနာဇောသည်လည်း ဥပေက္ခာ အပ္ပနာဇော ဖြစ်ရမည်။

ထိုတွင်လည်း ရှေ့ပိုင်းကာမဇောသည် ကုသိုလ်ဇော ဖြစ်လျှင် ကုသိုလ်အပ္ပနာဇောနှင့်အောက်ဖိုလ် ၃ ပါး အပ္ပနာဇောဖြစ်ရမည်။

(ရှေ့ပိုင်း) ကာမဇောသည် ကြိယာဇော ဖြစ်လျှင် ကြိယာအပ္ပနာဇောနှင့် အရဟတ္တဖိုလ် အပ္ပနာဇောဖြစ်ရမည်။

"ဂေါတြဘူ" ဟူ၍သာမခေါ်ဝေါ်ရပေ။ ဂေါတြဘူဟူ၍ကား နောက်ဆုံး ဇောတခုကိုသာ ခေါ်ဝေါ်နိုင်၏။ သို့ရာတွင် နာမည်ချင်းမရောယှက်စေရန် ကွဲပြားခြားနားစေရန်အလို့ငှာ-

ပထမဇောကို ပရိကံဟူ၍, ဒုတိယဇောကို ဥပစာဟူ၍, တတိယဇောကို အနုလုံဟူ၍, စတုတ္ထဇောကို ဂေါတြဘူဟူ၍, ခေါ်ဝေါ်ပညတ်ထားလေသည်။

အကျယ်ဝေဖန်ရှင်းလင်းချက်

အဓိပ္ပာယ် (၂၆,၂၇) အပ္ပနာဇောများ၏ ရှေ့ပိုင်းမှ ဖြစ်မြဲဖြစ်သည့် ကာမဇောများကို အောက်ပါ အတိုင်း ခွဲခြားမျှ ထားပါ။

ကုသိုလ်ဉာဏသမ္ပယုတ် ကာမဇော ၄ ပါး
ကြိယာဉာဏသမ္ပယုတ်ကာမဇော ၄ ပါး } ၈ ပါး

တနည်း—

(၁) ကုသိုလ်သောမနဿဉာဏသမ္ပယုတ်ကာမဇော ၂
(၂) ကုသိုလ်ဥပေက္ခာ ဉာဏသမ္ပယုတ် ကာမဇော ၂
(၃) ကြိယာသောမနဿဉာဏသမ္ပယုတ်ကာမဇော ၂
(၄) ကြိယာ ဥပေက္ခာဉာဏသမ္ပယုတ် ကာမဇော ၂
} ၈ ပါး

နောက်ပိုင်းအပွနာဇောများကိုလည်း အောက်ပါအတိုင်း ခွဲခြားထားပါ။

မဟဂ္ဂုတ်အပွနာဇော ၁၈
လောကုတ္တရာအပွနာဇော ၈
} အကျဉ်း ၂၆ ပါး

မဟဂ္ဂုတ်အပွနာဇော ၁၈
လောကုတ္တရာအပွနာဇော ၄၀
} အကျယ် ၅၈ ပါး

ရင်းအပွနာဇော ၂၆ အကျယ် ၅၈ ပါးကိုအသေးစိတ် ခွဲခြားသော် အောက်ပါအတိုင်း (၁၀)မျိုး ခွဲခြားရလေသည်။

မဟဂ္ဂုတ်၌—

(က) ကုသိုလ်သောမနဿအပွနာဇော ၄
(ခ) ကုသိုလ်ဥပေက္ခာ အပွနာဇော ၅
(ဂ) ကြိယာသောမနဿ အပွနာဇော ၄
(ဃ) ကြိယာဥပေက္ခာ အပွနာဇော ၅
} ၁၈ ပါး

လောကုတ္တရာ၌—

(င) ကုသိုလ်သောမနဿမဂ်ဇော ၁၆
(စ) ကုသိုလ်ဥပေက္ခာမဂ်ဇော ၄
} မဂ် ၂၀

မူလစာကိုယ် (၂၈) ကုသိုလ်သောမနသာ ဥာဏသမ္ပယုတ်ကာမဇော ၂ ခု၏နောက်၌ ၃၂ ပါးသော အပွန်ဇော တို့သည် ဖြစ်ကုန်၏။ ကုသိုလ် ဥပေက္ခာ ဥာဏ သမ္ပယုတ်ကာမဇော ၂ ခု၏နောက်၌ ၂ ပါးသော အပွန်ဇောတို့သည် ဖြစ်ကုန်၏။ ကြိယာသောမနသာဥာဏသမ္ပယုတ်ကာမဇော ၂ ခု၏နောက်၌ ၈ ပါးသော အပွန်ဇောတို့သည် ဖြစ်ကုန်၏။ ကြိယာ ဥပေက္ခာဥာဏသမ္ပယုတ်ကာမဇော ၂ ခု၏ နောက်၌ ၆ ပါးသော အပွန်ဇောတို့သည် ဖြစ်ကုန်၏။

(ဆ)	သောမနသာအောက်ဖိုလ် ၃ ဇော	၁၂	ဖိုလ် ၂၀
(ဇ)	ဥပေက္ခာအောက်ဖိုလ် ၃ ဇော	၃	
(ဈ)	သောမနသာအရဟတ္တဖိုလ်ဇော	၄	
(ည)	ဥပေက္ခာအရဟတ္တဖိုလ်ဇော	၁	

အမှာ။ ။အထက်ပါ ခွဲခြားရာ၌ (က) (ခ) စသည်အမှတ်အသားများကို သတိပြု၍ မှတ်သားပါ။နောက်သရုပ်ရေတွက်ရာ၌ (က) စသော ဗျည်းများကို ညွှန်ပြရေတွက်သွားလိမ့်မည်။

အဓိပ္ပာယ် ၁။ ကုသိုလ်သောမနသာ ဥာဏသမ္ပယုတ် ကာမ (၂၈) ဇော ၂ ခု၏နောက်၌ ဖြစ်သော အပွန်ဇော ၃၂ ပါး (ဒွတ္တိံ သ—သုခပုညမှာ, အရမှာ)

(က)	ကုသိုလ်သောမနသာမဟဂ္ဂုတ်အပွန်ဇော	၄	ပါး
(င)	ကုသိုလ်သောမနသာမင်အပွန်ဇော	၁၆	ပါး
(ဆ)	အောက်ဖိုလ်သောမနသာအပွန်ဇော	၁၂	ပါး
	ပေါင်း	၃၂	ပါး

၂။ ကုကုသိုလ်ဥပေက္ခာ ဉာဏသမ္ပယုတ်ကာမဇော
၂ ခု နောက်ဌ်ဖြစ်သော အပွနာဇော ၁၂ ပါး
(ဒွါဒသောပေက္ခာကာ ပရံ,အရမှာ)

(ခ) ကုသိုလ်ဥပေက္ခာမဟဂ္ဂုတ်အပွနာဇော ၅ ပါး
(စ) ကုသိုလ်ဥပေက္ခာ မဂ်အပွနာဇော ၄ ပါး
(ဇ) အောက်ဖိုလ်ဥပေက္ခာအပွနာဇော ၃ ပါး

ပေါင်း ၁၂ ပါး

၃။ ကြိယာ သောမနဿ ဉာဏသမ္ပယုတ် ကာမဇော
၂ ခု၏ နောက်ဌ်ဖြစ်သော အပွနာဇော ၈ ပါး
(သုခိတကြိယဇောအဌ,အရမှာ)

(ဂ) ကြိယာသောမနဿ မဟဂ္ဂုတ်အပွနာဇော ၄ ပါး
(ဃ) အရဟတ္တဖိုလ် သောမနဿအပွနာဇော ၄ ပါး

ပေါင်း ၈ ပါး

၄။ ကြိယာဥပေက္ခာဉာဏသမ္ပယုတ်ကာမဇော
၂ ခု၏ နောက်ဌ်ဖြစ်သော အပွနာဇော ၆ ပါး
(ဆသမ္ဘောန္တိဥပေက္ခာကာ,အရမှာ)

(ဃ) ကြိယာဥပေက္ခာ မဟဂ္ဂုတ်အပွနာဇော ၅ ပါး
(ည) အရဟတ္တဥပေက္ခာ အပွနာဇော ၁ ပါး

ပေါင်း ၆ ပါး

ဤကား သင်္ဂြိုဟ်လာအဘိုင်းခွဲပြခြင်းတည်း။

တတိယအကြိမ်

ပုဂ္ဂိုလ်အားဖြင့်ခွဲသော်

မူလစာကိုယ် (၂၉) ပုထုဇဉ်သေကွပုဂ္ဂိုလ်တို့၏ ကာမကုသိုလ် တိဟိတ် ဇောနောက်၌ အပ္ပနာဇော ၄၄ ပါး ဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်၏ ကာမကြိယာ တိဟိတ်ဇော နောက်၌ အပ္ပနာဇော ၁၄ ပါးတို့သည် ဖြစ်ကုန်၏။

အဓိပ္ပာယ် (၂၉) ပုဂ္ဂိုလ်သည် ပုထုဇဉ် ၄၊ အရိယာ ၈ ယောက် အားဖြင့် ၁၂ ယောက်ရှိ၏။ ထိုတွင် အောက်တန်းပုထုဇဉ် ၃ ယောက်တို့သည် အပ္ပနာဇော ကို မရနိုင်ကုန်။

တိဟိတ်ပုထုဇဉ်နှင့် အောက်တန်း အရိယာ ၇ ယောက်တို့မှာ-

မဟဂ္ဂုတ်ကုသိုလ် အပ္ပနာဇော ၉ ပါး
လောကုတ္တရာ အောက်အရိယာ ဇော ၃၅ ပါး
ပေါင်း ၄၄ ပါး ရကုန်၏။

ရဟန္တာပုဂ္ဂိုလ် ၁ ယောက်မှာ-

မဟဂ္ဂုတ်ကြိယာ အပ္ပနာဇော ၉ ပါး
လောကုတ္တရာအရဟတ္တဖိုလ်ဇော ၅ ပါး
ပေါင်း ၁၄ ပါး ရကုန်၏။

ဤကား မူလစာကိုယ်အတိုင်း ရှင်းပြခြင်းတည်း။

အထက်ပါ ၂၈-၂၉ မူလ စာကိုယ်များကို ပေါင်းစပ်၍ အတိအကျ အသေးစိတ် အားဖြင့် အပ္ပနာဇောများကို ခွဲခြားပြဦးအံ့။ သို့မှသာ အပ္ပနာဇောအရာ ကျေပွန်မည်။

၁ (က) တိဟိုတ် ပုထုဇဉ်ပုဂ္ဂိုလ်၏ ကုသိုလ်သောမနဿကာမဇောနောက်၌-

(က) ကုသိုလ်သောမနဿမဟဂ္ဂုတ်ဇော ၄ ပါး
(ခ) သောမနဿသောတာပတ္တိမဂ်ဇော ၄ ပါး
ပေါင်း ၈ ပါး

(ခ) တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၏ ကုသိုလ် ဉာဏသမ္ပယုတ္တကာမဇောနောက်၌-

(ခ) ကုသိုလ်ဉာဏသမ္ပယုတ္တ မဟဂ္ဂုတ်ဇော ၅ ပါး
(စ) ဉာဏသမ္ပယုတ္တ(ပဌမ)သောတာပတ္တိမဂ်ဇော ၁ ပါး
ပေါင်း ၆ ပါး

၂ (က) သောတာပန် ပုဂ္ဂိုလ်၏ ကုသိုလ် သောမနဿကာမဇော်၌-

(က) ကုသိုလ်သောမနဿမဟဂ္ဂုတ်ဇော ၄ ပါး
(ဆ) သောတာပတ္တိဖိုလ်ဇော(ပ,ဒု,တ,စ) ၄ ပါး
(ဎ) သကဒါဂါမိမဂ်ဇော (ပ,ဒု,တ,စ) ၄ ပါး
ပေါင်း ၁၂ ပါး

(ခ) သောတာပန် ပုဂ္ဂိုလ်၏ ကုသိုလ်ဉာဏသမ္ပယုတ္တကာမဇောနောက်၌-

(ခ) ကုသိုလ်ဉာဏသမ္ပယုတ္တ မဟဂ္ဂုတ်ဇော ၅ ပါး
(ဇ) သောတာပတ္တိဖိုလ်ဇော (ပဌမ) ၁ ပါး
(စ) သကဒါဂါမိမဂ်ဇော (ပဌမ) ၁ ပါး
ပေါင်း ၇ ပါး

၃ (က) သကဒါဂါမိ ပုဂ္ဂိုလ်၏ ကုသိုလ် သောမနဿ ကာမဇော နောက်၌-

(က) ကုသိုလ်သောမနဿမဟဂ္ဂုတ်ဇော ၄ ပါး
(ခ) သကဒါဂါမိဖိုလ်ဇော (ပ,ဒု,တ,စ) ၄ ပါး
(ဂ) အနာဂါမိ မဂ်ဇော (ပ,ဒု,တ,စ) ၄ ပါး
ပေါင်း ၁၂ ပါး

(ခ) သကဒါဂါမိပုဂ္ဂိုလ်၏ ကုသိုလ်ဥပေက္ခာ ကာမဇော နောက်၌-

(ခ) ကုသိုလ်ဥပေက္ခာ မဟဂ္ဂုတ်ဇော ၅ ပါး
(ဃ) သကဒါဂါမိ ဖိုလ်ဇော (ပဉ္စမ) ၁ ပါး
(စ) အနာဂါမိ မဂ်ဇော (ပဉ္စမ) ၁ ပါး
ပေါင်း ၇ ပါး

၄ (က) အနာဂါမ် ပုဂ္ဂိုလ်၏ ကုသိုလ် သောမနဿ ကာမဇော၏ နောက်၌-

(က) ကုသိုလ် သောမနဿ မဟဂ္ဂုတ်ဇော ၅ ပါး
(ဆ) အနာဂါမိ ဖိုလ်ဇော (ပ,ဒု,တ,စ) ၄ ပါး
(ဇ) အရဟတ္တမဂ်ဇော (ပ,ဒု,တ,စ ၄ ပါး

(ခ) အနာဂါမ်ပုဂ္ဂိုလ်။ ကုသိုလ်ဥပေက္ခာ ကာမဇော၏ နောက်၌-

(ခ) ကုသိုလ်ဥပေက္ခာ မဟဂ္ဂုတ်ဇော ၅ ပါး
(ဃ) အနာဂါမိ ဖိုလ်ဇော (ပဉ္စမ) ၁ ပါး
(စ) အရဟတ္တမဂ်ဇော (ပဉ္စမ) ၁ ပါး
ပေါင်း ၇ ပါး

၅ (က) ရဟန္တာပုဂ္ဂိုလ်၏ ကြိယာသောမနဿ ကာမဇောဏ်နောက်၌—

(ဂ) ကြိယာသောမနဿ မဟဂ္ဂုတ်ဇော ၄ ပါး
(ဃ) အရဟတ္တ ဖိုလ်ဇော (ပ,ဒု,တ,စ) ၄ ပါး
ပေါင်း ၈ ပါး

(ခ) ရဟန္တာပုဂ္ဂိုလ်၏ ကြိယာ ဥပေက္ခာ ကာမဇောဏ်နောက်၌—

(ဃ) ကြိယာ ဥပေက္ခာ မဟဂ္ဂုတ်ဇော ၅ ပါး
(ည) အရဟတ္တဖိုလ်ဇော (ပဉ္စမ) ၁ ပါး
ပေါင်း ၆ ပါး

ဤမျှသော စကားတို့ဖြင့် မနောဒ္ဒါရ အပွံနာဝီထိ၌ ဆရုပ်အဓိပ္ပာယ် အဘော်အဘန် ပြည့်စုံ လုံလောက်ပြီ ဖြစ်၍၊ အဆုံးသတ်လိုက်ပေပြီ။

တဒါရမ္မဏနိယမ (ဝိပါကနိယမ)

ဤသို့ ပဉ္စဒ္ဒါရဝီထိ မနောဒ္ဒါရဝီထိတို့ကို ပြပြီး၍၊ ထိုပဉ္စဒ္ဒါရ, မနောဒ္ဒါရဝီထိစိတ်တို့၏ ဖြစ်စဉ်ကို သတ်မှတ်ပိုင်းခြား၍ ပြပေအုံ။ ထိုတွင် ဝိပါက်စိတ်များကို ရှေ့ဦးစွာ သတ်မှတ်ပိုင်းခြား၍ ပြပေအုံ။

ပဉ္စဒ္ဒါရဝီထိ၌ ပဉ္စဒ္ဒါရာဝဇ္ဇန်း စက္ခုဝိညာဏ်, သမ္ပဋိစ္ဆန်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ, ဟူ၍ ဝီထိစိတ်အစဉ်ဖြစ်ပေါ်ရာ ပဉ္စဒ္ဒါရာဝဇ္ဇန်း (ဝုဋ္ဌောမေါ်) မနောဒ္ဒါရာဝဇ္ဇန်းစိတ်ဘိုမှာ ကြိယာစိတ်ဖြစ်၍ တမျိုးကည်းသာ ရှိသောကြောင့် မည်သည့်စိတ်ဖြစ်သင့်သနည်းဟု သံသယဖြစ်ဖွယ်မလိုပေ။

စက္ခုဝိညာဏ်, သမ္ပဋိစ္ဆန်း, သန္တီရဏ, ဇော, တဒါရုံ စိတ်များ ကား ၂၀ ပါး။ ၃ ပါး၊ ၂၉-၁၁ ပါး။ အသီးအသီးရှိကြ၍ မည်သည့်စိတ်ဖြစ်သင့်သနည်းဟု မေးဖွယ်, ဖြေဆိုဖွယ်ရာရှိ၍ ၎င်းစက္ခုဝိညာဏ်စသော ဝိပါက်စိတ်များကို မည်သည့်အာရုံ၌ မည်သည့်စက္ခုဝိညာဏ်စိတ်စသည်ဖြစ်သင့်ကြောင်းကို သတ်မှတ် ၍ ပြပေအံ့။

ထိုကြောင့် ဤအာနန်းကို ဝိပါကနိယမ ဟုလည်းကောင်း၊ တဒါရုံကိုယတ်မှတ်၍ ပြသောကြောင့် တဒါရမ္မဏနိယမ ဟူ၍ လည်းကောင်း ဒေါ်ဝေါ်ကြကုန်၏။ ဇောစိတ်တို့ကိုသတ်မှတ်၍ ပြသောအခန်းကို ဇဝနိယမဟု နောက်၌ ဆိုလတ္တံ့။

စက္ခုဝိညာဏ်စသော ဝိပါက်များကို မသတ်မှတ်မီ အာရုံ များကို ကုသ, အနိဋ္ဌ, အတိကုသအားဖြင့် ခွဲခြား မှတ်သားရပေ မည်၊ သို့မှသာ ဝိပါက်များကို သတ်မှတ်လွယ်မည်။

၁ အနိဋ္ဌာရုံ — မကောင်းသော, မကြိုက်မနှစ်သက်သော, အလိုမရှိအပ်သော အာရုံ။

၂ ကုသာရုံ — ကောင်းသော, ကြိုက်နှစ်သက်သော, ဇောရှိ အပ်သော အာရုံ။

၃ အတိကုသာ — အလွန်ကောင်း, အလွန် ကြိုက်နှစ်သက် သော, အလွန်အလိုရှိအပ်သော အာရုံ။

၁။ ဘယ်ပုဂ္ဂိုလ်တို့၏ ကြိုက်, မကြိုက်, ကောင်း, မကောင်း ဖြင့် ကုသာရုံ, အနိဋ္ဌာရုံ, အတိကုသာရုံတို့ကို ဆုံးဖြတ် သတ်မှတ်ရ

မည်နည်းဆိုလျှင် အလယ်လတ်တန်းစားလူများဖြင့် သတ်မှတ်ဆုံးဖြတ်ရပေါ်မ့်မည်။ အသက်တန်းကျလွန်းသော ရှင်ဘုရင်များ အောက်တန်းစားကသော သူဟောင်းစားများဖြင့် မသတ်မှတ်မဆုံးဖြတ်ရပေ။ အာဟယ်ခကြောင့်ဆိုသော် ရှင်ဘုရင်မျာ၊သည် တော်သင့်ရုံမျှ အာရုံငါးပါးကို အဒကာင်း မထင်ကြပေ၊ သူတောင်းစားများကား ထမင်းသို့ ထမင်းကျန်များကိုပင် အလွန်ကောင်းသည် ထင်ကြပေ၏။ သို့ဖြင့်၍ အလယ်အလတ် အာရုံမှန် မရှိနိုင်ပေ။

ထိုကြောင့် မသတ်မှတ်ရ၊ အလယ်လတ်တန်းစား ပုဂ္ဂိုလ်တို့၏ကောင်းမကောင်း အလွန်ကောင်းဖြင့် သတ်မှတ်ရပေမည်။

၂။ တနည်း ကုဋ္ဌာရုံ အနိဋ္ဌာရုံဖို့ကို ဝိပါက်ဖြင့်လည်းခဲ့ခြင်းသတ်မှတ်ထိုက်၏။ အကြင် အာရုံ၌ ကုသလဝိပါက်စိတ်ဖြစ်၏။ ထို အာရုံသည် ကုဋ္ဌာရုံ မည်၏။ အကြင် အာရုံ၌ အကုသလဝိပါက်စိတ်ဖြစ်၏။ ထိုအာရုံသည် အနိဋ္ဌာရုံ မည်၏။

၃။ တနည်း၊ ဒုဒါရဖြင့်လည်းခဲ့ခြင်းသတ်မှတ်ထိုက်၏။ ခဲ့၍ ပြဦးအုံ။

စက္ခုဒ္ဒါရ၌ အမြင်လုံသော ရူပါရုံသည် ကုဋ္ဌာရုံ ဖြစ်၍ ဃာနဒ္ဒါရ၌ အလွန် အနံ့ဆိုးသောကြောင့် အနိဋ္ဌာရုံ ဖြစ်၏။ ပတ္တမြား, စိန်, စသော ရတနာမျာ်းသည် စက္ခုဒ္ဒါရ၌ အမြင်လှ၍ ကုဋ္ဌာရုံဖြစ်၏။ကာယဒ္ဒါရ၌ကား အတွေ့အထိ ကြမ်းတမ်း၍ အနိဋ္ဌာရုံဖြစ်၏။ ဒူးရင်းသီးသည် ကြွေက်သူ၏ ဃာနဒ္ဒါရ, ဇိဝှါဒ္ဒါရတို့ အနံ့ အရသာ ကောင်းလှ၍ ကုဋ္ဌာရုံ ဖြစ်၏။

သူ၏ ကာယဒွါရနှင့် မကြွိုက်သောသူ၏ ဃာနဒွါရ ဇိဝှါဒွါရ တို့မှာ အနိဋ္ဌာရုံ၊ ဤသို့စသည် ဝတ္ထုဖြင့် တခုတည်းမှာပင် ကုဋ္ဌ, အနိဋ္ဌ ၂ မျိုးရနိုင်သည်မှတ်။ ။

၄။ တနည်းကာလအားဖြင့်လည်း ကုဋ္ဌာရုံ အနိဋ္ဌာရုံတို့ကို ခွဲခြား သတ်မှတ်ရမည်။

မိုးသည် ဆောင်းအခါ, ချက်ပြုတ်စားသောက်သောအခါ, ကုဋ္ဌာရုံ။

နွေအခါ, အခြားသောအခါ, စသည်တို့၌ အနိဋ္ဌာရုံ။

ရေ, ရေခဲတို့သည် နွေအခါ, သောက်လိုသောအခါ, ကုဋ္ဌာရုံ၊ ဆောင်းအခါ, အနိဋ္ဌာရုံ။

နွားညို သိမ် မွေ့ သော အဝတ်သည် ခန္ဓာကိုယ်ပေါ်၌ ကုဋ္ဌာရုံ၊ အနာစသည်တို့နှင့်ထိသောအခါ အနိဋ္ဌာရုံ။ထိုထိသော အခါ၌လည်း ဖြည်းဖြည်းတို့ထိသောအခါ ကုဋ္ဌာရုံ။ ကြမ်းတမ်း လျင်မြန်သောအခါ အနိဋ္ဌာရုံ။ ဤသို့ ကာလအားဖြင့် ဝတ္ထု တခုတည်းမှာပင် ကုဋ္ဌ အနိဋ္ဌ, ၂ မျိုးရနိုင်သည်ဟုမှတ်။

အတိကုဋ္ဌာရုံဆိုသည်မှာ ရွှေ, ငွေ, စိန်, ကျောက်, ငမောက် ပတ္တမြား ပဒုမ္မာ ကြာပန်း ဆင်ဖြူရတနာ နတ်သမီး စသည် အလှဆန်ရခဲသော ဝတ္ထု ပစ္စည်းများနှင့်, ဘာသာ အလိုက် ဘုရားရှင်များတို့ပေးသည်။ ယခုကာလ အားဖြင့်ဆို လျှင် အမေရိကန် အင်္ဂလန်မှသာသော သောင်းကျော် သိန်းတန် ကားအမျိုးမျိုး, နိုင်လွန်စသော် အထည်အဝတ် အိမ်ထောင် ပရိဘောဂ, အာဆန်းအကြယ်များကို လူတိုင်းလူတိုင်း အလှန် လိုချင်ကြသောကြောင့် အတိကုဋ္ဌာရုံတို့ မည်ပေသည်။

တတိယအကြိမ်

ဤဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့သည် ပင်ကိုမူလသဘောအတိုင်း (သဘာဝ) အားဖြင့်လည်းကောင်း ကြံဆ တွေးတောသော (ပရိကပ္ပ) အားဖြင့်လည်းကောင်း ၂မျိုးစီ ဖြစ်နိုင်ကြသည်။ ဤသို့ စသောအားဖြင့် လောက အာရုံများကို သရုပ်ဖော်၍ ကြည့်ရှုကြံစည်ကြပါကုန်။

ဤဖော်ပြခဲ့ပြီးသော ဣဋ္ဌာရုံ အနိဋ္ဌာရုံ အတိဣဋ္ဌာရုံများကို မှတ်သား နားလည်ပြီး၍၊

ဣဋ္ဌာရုံ အတိဣဋ္ဌာရုံတို့၌ ကုသလဝိပါက်စိတ်။

အနိဋ္ဌာရုံ၌ အကုသလ ဝိပါက်စိတ်များ ဖြစ်ရသည်ဟု မူအားဖြင့် သတ်မှတ်ထားရမည်။

ဝေဒနာအားဖြင့်ကား-

အတိဣဋ္ဌာရုံ၌ သောမနဿဝေဒနာ

ဣဋ္ဌာရုံ၌ ဥပေက္ခာဝေဒနာ

အနိဋ္ဌာရုံ၌ ဒေါမနဿဝေဒနာ

ဟု သာမန် မူအားဖြင့် မှတ်သားထားပါ။

ဝိပါက် တဒါရုံဖြစ်ပုံ စည်းကမ်းဥပဒေ

ဝီထိစိတ်အစဉ်၌ အာဝဇ္ဇန်းစိတ်နှင့် ဇောစိတ်မှ တပါးသော စိတ်များသည်၊ ဝိပါက်စိတ်များသာ ဖြစ်ပေသည်။ ၎င်း ဝိပါက်စိတ်များသည် အာရုံအမျိုးမျိုးကို အာရုံပြု၍ ဖြစ်ချင်တိုင်း, တော်အောင် လျော်အောင် အရမ်းကာရော ဖြစ်ရသည် မဟုတ်၊ စည်းကမ်းဥပဒေ သဘာဝအတိုင်း ဖြစ်ရပေသည်။ ထိုကြောင့် အောက်ပါ စည်းမျဉ်း ဥပဒေတို့ကို မှတ်သား ပါလေ။

ဘဝင်စိတ် ၁၉ ခုတို့၏ စည်းမျဉ်းဥပဒေ

၁။ သောမနဿ ပဋိသန္ဓေနေသူအား၊ သောမနဿဘဝင်စိတ် ဖြစ်သည် ကျသည်။

၂။ ဥပေက္ခာ ပဋိသန္ဓေ နေသူအား၊ ဥပေက္ခာ ဘဝင်စိတ် ဖြစ်သည် ကျသည်။

ဤကဲ့သို့ မူလအခြေခံ စည်းမျဉ်းတည်း။

ထိုတွင်-

(၁) (က) သောမနဿဉာဏသမ္ပယုတ်တိဟိတ် ပဋိသန္ဓေ နေသူအား၊ သောမနဿ ဉာဏသမ္ပယုတ် တိဟိတ် ဘဝင်စိတ်ဖြစ်သည်။

(ခ) သောမနဿ ဉာဏ်ဝိပ္ပယုတ်ဒွိဟိတ် ပဋိသန္ဓေ နေသူအား၊ သောမနဿ ဉာဏဝိပ္ပယုတ် ဒွိဟိတ် ဘဝင်စိတ်ဖြစ်သည်။

(၂) (က) ဥပေက္ခာ ဉာဏသမ္ပယုတ် တိဟိတ် ပဋိသန္ဓေ နေသူအား၊ ဥပေက္ခာဉာဏ သမ္ပယုတ် တိဟိတ် ဘဝင်စိတ်ဖြစ်သည်။

(ခ) ဥပေက္ခာ ဉာဏ ပိပ္ပယုတ် ဒွိဟိတ် ပဋိသန္ဓေ နေသူအား၊ ဥပေက္ခာဉာဏ ဝိပ္ပယုတ် ဒွိဟိတ်ဘဝင် စိတ်ဖြစ်သည်။

အမှာ။ ။ဤထက် အသေးစိတ်သိလိုက-

အသန်ဒါရိုကဖြင့် နေသူအား အသန်ဒါရိကဘဝင် သသန်ဒါရိကဖြင့်နေသူအား သသန်ဒါရိကဘဝင် စိတ်ဖြစ်သည် စသည်ဖြင့် ခွဲခြားရလေသည်၊

၃။ ကာမဘုံသားအား၊ ကာမဘဝင်စိတ်ဖြစ်သည်။
(ကာမဘဝင်စိတ် ၁၀)

ရူပဘုံသားအား ရူပဘဝင်စိတ် ဖြစ်သည်။
(ရူပဘဝင်စိတ် ၅)

အရူပဘုံသားအား အရူပဘဝင်စိတ်ဖြစ်သည်။
(အရူပဘဝင်စိတ် ၄)

ဤကား ရှေ့နောက်ဖြစ်သော မူလဘဝင်စိတ်ကို သတ်မှတ်ခြင်းတည်း။

စက္ခုဝိညာဏ်စိတ်စသည်တို့၏ စည်းမျဉ်းဥပဒေ

မူလစာကိုယ် ၄။ အနိဋ္ဌာရုံ၌ အကုသလဝိပါက် စက္ခုဝိညာဏ်
(၃၀) စသော ဝိညာဏ် ၅ ပါး၊ သမ္ပဋိစ္ဆန်း သန္တီရဏ တဒါရုံများဖြစ်သည်။

(၃၁) ၅။ ဣဋ္ဌာရုံ၌ ကုသလဝိပါက် စက္ခုဝိညာဏ် စသော ၅ ပါး၊ သမ္ပဋိစ္ဆန်း ဥပက္ခောသန္တီရဏ တဒါရုံများ ဖြစ်သည်။

(၃၂) ၆။ အတိဣဋ္ဌာရုံ၌ ကုသလ ဝိပါက် စက္ခုဝိညာဏ် စသော ၅ ပါး သမ္ပဋိစ္ဆန်းသောမနသ သန္တီရဏ တဒါရုံများဖြစ်သည်။

(၃၃) ၇။ ထိုတဒါရုံ ၁၁မျိုး တို့တွင် ရဟန္တာ ပုဂ္ဂိုလ် သောမနသကြိယာဇော နောက်၌ သောမနသ တဒါရုံ ၅ ပါးသာဖြစ်သည်။

(၃၄) ၈။ ရဟန္တာပုဂ္ဂိုလ်၏ ဥပေက္ခာကြိယာဇောနောက် ဥပေက္ခာတဒါရုံ ၆ ပါးသာဖြစ်သည်။
၉။ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၏ သောမနသဖြစ်စေ၊ ဥပေက္ခာ ဖြစ်စေ၊ ကုသိုလ်ဇောနောက်၌ တဒါရုံ (၁၁) ပါးလုံး ထိုက်သလိုဖြစ်သည်။
၁၀။ လောဘဇော ၈ ပါးနောက် တဒါရုံ(၁၁)ပါး လုံးပင်ဖြစ်သည်။

(၃၅) ၁၁။ ဒေါသဇောနောက်၌ ဥပေက္ခာတဒါရုံ၊ ၆ခု ဘဝင်စိတ်ဖြစ်သည်။
ထိုစည်းကမ်းအတိုင်း မှတ်ယူရသောကြောင့်၊ သောမနသ ပဋိသန္ဓေနေသူသည်၊ ဒေါသဇော စိတ္တုပ္ပါဒ် ဖြစ်ပေါ်သောအခါ၊ ဒေါသဇောနောက် တဒါရုံကုမ္ပဏီခဲ့သော်၊ ပဋိသန္ဓေအားလျော်စွာ နံပါတ် (၁)

စည်းကမ်းအတိုင်း၊သောမနဿဘဝင်ကျသော်၊ ယခု
(၁၁) စည်းကမ်းက ဒေါသဇောနောက် ဥပေက္ခာ
ဘဝင်ကျရမည် ဆိုသောကြောင့် ဆန့်ကျင်လျက်ရှိနေ
ရကား။ ထိုသို့ဆန့်ကျင်ဘက်ဖြစ်နေသောအခါ၊ ရှေးက
လေ့ကျက်ဖူးသော ကာမအာရုံတခုကို အာရုံပြုလျက်
ဥပေက္ခာ သန္တီရဏစိတ်သည် ဧည့်သည်အာဂန္တု
အနေအားဖြင့် ကြားဝင်၍ ဘဝင်ကိစ္စဖြင့် ဖြစ်ရ၏။
ထိုစိတ်ကို ခြားခံ၍၊ သောမနဿ ဘဝင်စိတ်တို့သည်
ဖြစ်ကြကုန်၏။

(၃၆) ကာမဘုံသားတို့သည် ကာမအာရုံများကို အာရုံပြု၍၊
ကာမဇော စိတ္တုပ္ပါဒ်နောက်၌သာ တဒါရုံများသည်
ဖြစ်ကုန်၏ (ဝါ) အလိုရှိကုန်၏။

အကျဉ်းချုပ်အားဖြင့်

(၃၇) ၁။ ကာမဇောနောက် ဖြစ်ခြင်း။
၂။ ကာမသတ္တဝါဖြစ်ခြင်း။
၃။ ကာမအာရုံကို အာရုံပြုခြင်း၊ ဤ၃ပါးစုံမှ တဒါရုံ
ကျနိုင်သည်မှတပါး (ကာမအာရုံမှာ ပဏ္ဍဒါရဉ်၊
အတိမဟန္တာရုံ၊ မဇ္ဈနာဒါရဉ် ဝိဘူတာရုံများ
ဖြစ်သည်။)

တဒါရုံကျပုံ အကျဉ်းမှတ်ရန် ဝိသဒါရုံလက်ာ

* ဤဝယ်သနှစ်၊ အရည်စစ်က၊ ဥပေက်ကြိယာ၊ ဒေါသာ
ခြောက်နောက်၊ တဒါ ဝခြောက်ကည်း၊ ကြိယာနှောက်ငါး၊
ကြင်းကြား ဆယ်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဟုဆယ်တစ်,
တဒါရုံငပါင်းတည်း။

တတိယအကြိမ်

အဓိပ္ပာယ်

ဥပေက္ခာကြိယာဇော ၄
ဒေါသဇော ၂၊ ပေါင်း ၆ ပါးသော ဇော
နောက် ဥပေက္ခာတဒါရုံ ၆ ပါးကျသည်။

ကြိယာသောမနဿဇော ၄ ခုနောက် သောမနဿတဒါရုံ ၅ ပါးကျသည်။

ကြွင်းသော လောဘဇော ၈၊ မောဟဇော ၂၊ ကုသိုလ် ဇော ၈၊ ပေါင်း ၁၈ ပါးသော ဇောနောက်၌ တဒါရုံ ၁၁ပါး လုံးကျသည် ဟူလို။ ။

ဝိပါကတဒါရုံ စည်းကမ်းဥပဒေ ပြီးပြီ။

ဝိပါက်အမှန် ဇောအပြန်

"ဝိပါက်အမှန် ဇောအပြန်" ဆိုသော အာဘိဓမ္မာ စကားပုံကလေးမှာ ကြားဖူးသူတိုင်း ရှင်းလင်းအောင် နားမလည်သော စကားပုံကလေးတခု ဖြစ်ပေသည်။

ဝိပါက်အမှန် ဆိုသည်မှာ ဝိထိစိတ်များတွင် စက္ခုဝိညာဏ်စသော ဝိထိစိတ်များမှာ ဝိပါက်စိတ်များ ဖြစ်ကြသည်။ ထိုဝိပါက်စိတ်များမှာ ပြဆို ခဲ့ပြီး သော စည်းကမ်းအတိုင်း အနိဋ္ဌာရုံ၌ အကုသလဝိပါက်, ဣဋ္ဌာရုံနှင့် အတိဣဋ္ဌာရုံတို့၌ ကုသလဝိပါက် ဖြစ်မှုမြဲသည့်အပြင် ဝေဒနာ ဖြစ်မှုမှာလည်း အနိဋ္ဌာရုံ၌ ဒေါမနဿဝေဒနာ, ဣဋ္ဌာရုံ၌ ဥပေက္ခာ ဝေဒနာ, အတ်ဣဋ္ဌာရုံ၌ သောမနဿဝေဒနာ, ဖြစ်မှု မှန်ကန်လေသည်။ မပြောင်းလဲပေ။ ထိုကြောင့် ဝိပါက်အမှန် ဟု ဆိုရလေသည်။

တတိယအကြိမ်

ဝိပါက်စိတ်များသည် ကံ၏ အကျိုးတရားဖြစ်၍ အားထုတ်မှု ဥဿာဟသတ္တိကင်းသဖြင့် ထိုထိုဤဤ ကြံဆ၍ အာရုံကို မယူကြကုန်၊ အာရုံ အတိုင်းသာလျှင် ဖြစ်ကြရကုန်၏။ ဥပမာ-မှန်ထဲ၌ ထင်ပေါ်လာသော မျက်နှာရိပ်သည် မှန်ကြည့်သူ အတိုင်းသာလျှင် ဖြစ်ရသကဲ့သို့ ဣဋ္ဌာရုံ, အနိဋ္ဌာရုံအလိုက် ဝိပါက်စိတ် ပေါ်ရလေသည်။

ဇောအပြန် ဆိုသည်မှာ ဆင်းရဲသော မကောင်းသော အနိဋ္ဌာရုံကို မြင်, ကြား, နံ, စား, ထိ, သိ, ရလျှင် ဒေါသဇော စိတ္တုပ္ပါဒ် ဖြစ်ရမည်မှာ ဖြစ်ချင်မှ ဖြစ်သည်။ ဖောက်ပြန်၍ သောမနဿဖြစ်လိုက ဖြစ်မည်။ ဥပေက္ခာဖြစ်လိုက ဖြစ်မည်။ မမှန်ကန်ပေ။ ဖောက်ပြန်၏ဟူလို။ ကောင်းသော ဣဋ္ဌာရုံကို မြင်, ကြား, နံ, စား, ထိ, သိ, ရ, လျှင်လည်း သောမနဿဇော စိတ္တုပ္ပါဒ်ဖြစ်ပေါ်ရမည်မှာ ဖြစ်ချင်မှဖြစ်ပေမည်။ ဖောက်ပြန်၍ ဒေါသဇော စိတ္တုပ္ပါဒ်များ ဖြစ်လိုက ဖြစ်မည်၊ သို့မဟုတ် ဥပေက္ခာဇော စိတ္တုပ္ပါဒ် ဖြစ်လိုက ဖြစ်မည်၊ မမှန်ကန်ပေ၊ ဖောက်ပြန်၏ဟူလို။ အဘယ်ကြောင့် ဤကဲ့သို့ မမှန်ကန်ပဲ ဖောက်ပြန်ရသနည်းဆိုသော် (ဝိပွလ္လာသ) စိတ်, သညာ, အယူ, ဖောက်ပြန်တတ်သေးသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်မှာဖြစ်သော ဇောစိတ္တုပ္ပါဒ်များသာ ဖြစ်သောကြောင့်တည်း။

ဝိပွလ္လာသ -- ကင်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့ သန္တာန်မှာမူကား "ဝိပါက်လည်း အမှန် ဇောလည်း အမှန်" ဖြစ်တော့သည်၊ ဖောက်ပြန်မှု ဝိပွလ္လာသ ကင်း သော ကြောင့်

အာရုံအားလျော်စွာ ဝိပါက် ဝေဒနာအမှန် ဖြစ်ရတော့သည်။ ဤဥ် အကျဉ်းမျှသာ အကျယ်ကိုလိုမူ ပရမတ္ထသရူပဘေဒနီမှာ ရှုပါ။

ဤအဓိပ္ပာယ် ၂ ရပ်ကို ဆရာတော်ကြီးများ အငြင်းအခုံ ရှိသည်။

ဤဥ်မလိုလှပေ၊ အလိုရှိကြမူ ကျွနုပ်တို့ကျေးဇူးရှင့်ကျေးဇူး ရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော် ရေးသားတော်မူခဲ့သော "ပရမတ္ထ သရူပ ဘေဒနီ" ကျမ်းနှင့် "ပရမတ္ထဒီပနီမဟာဋီကာ" တို့ကို ကြည့်ရှုကြပါကုန်။



ဇဝနနိယမ—ဇောစိတ္တုပ္ပါဒ်
သတ်မှတ်ချက် ဥပဒေ

မူလစာကိုယ် ကာမဇောများသည် ပကတိကာလမှာ ၇ကြိမ်ဖြစ်၏။

(၃၈) ကာမဇောများသည် ပကတိအားဖြင့်၊ အားနည်းသောအခါ၊ ၆ကြိမ်ဖြစ်၏။

(၃၉) ကာမဇောများသည် သေခါနီးအခါတွေဝေမိန်းမောသောအခါ, သတိမေ့သောအခါ, မွေးခါစ အလွန်နုနယ်သောအခါတို့၌ ၅ ကြိမ်ဖြစ်၏။

(၄၀) ကာမဇောများသည်၊ မြတ်စွာဘုရား၏ (ယမကပါဋိဟာရိယ) ရေမီးအစုံ တန်ခိုးဘော်ပြရာကာလ စသည်တို့၌ လျင်ဖြန်စွာမြစ်သောအခါ၊ ပစ္စဝေက္ခဏာဇော ၄ကြိမ် ၅ကြိမ်ဖြစ်ကုန်၏။ ရိုးရိုးပုဂ္ဂိုလ်တို့၌ ဈာန့ ပစ္စဝေက္ခဏာဝီသိ တို့၌လည်း ၄ ကြိမ် ၅ ကြိမ်ဖြစ်ကုန်၏။

မှတ်ချက်။ ။ကာမဇောသည်၊ တခုယုတ်သုံးဆယ် (၂၉) ရှိသည်။ ၎င်းမှာ အကုသိုလ် ၁၂။ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ ဟသိတုပ္ပါဒ် ၁ ဖြစ်သည်။

မှတ်ချက်။ ။တွေဝေမိန်းမောသောအခါ ဆိုသည်မှာ သည်းမခံနိုင်လောက်သောဒုက္ခဝေဒနာနှိပ်စက်သဖြင့် မေ့မျော၍နေသောအခါ အမြင့်မှလိမ့်ကျသောအခါ, ရေနစ်မွန်းသောအခါ, ကြောက်ရွံ့ထိတ်လန့်ဖွယ်ကိုမြင်ကြားသောအခါ စသည်များဖြစ်၏။ သတိမေ့သောအခါ ဆိုသည်မှာပီတိ (နှစ်သက်) ဟုန်ခြင့်လည်းကောင်း၊ အိပ်ငိုက်ခြင်းနှိပ်စက်သဖြင့်လည်းကောင်း၊ ဘီလူးသရဲဖမ်းစားသဖြင့်လည်းကောင်း၊ အရက်မူးသဖြင့်လည်း

ကောင်း၊ သတိသညာ ကင်း၍ မေ့နေသောအခါ ဖြစ်သည်။

မူလစာကိုယ် (၄၁) မဟဂ္ဂုတ်ဇောများသည် စ၍ အားထုတ်သောသူအား ရှေးဦးစွာသော အပွနာ၌ (၀၂)အာဒိကမ္မိက ဝီထိ၌ တကြိမ်ဖြစ်၏။ အဘိညာဝီထိ၌ အဘိညာ ဇောများ ကား အခါခပ်သိမ်း တကြိမ်သာဖြစ်၏။ သမာပဇ္ဇန ဝီထိ၌ အကြိမ်များစွာ ဖြစ်ကုန်၏။

(၄) မဂ်ဇောများသည်လည်း တကြိမ်သာဖြစ်ကုန်၏။ ဖိုလ်ဇောများသည်ကား ဂေါ်ဝီထိ၌ ၂ ကြိမ် ၃ ကြိမ်သာ ဖြစ် ဖြစ်၏။ ဖိုလ်ဝီထိ၌ အကြိမ်များစွာ ဖြစ်၏။

(၄၃) နိရောဓသမာပတ်ဝီထိ၌ နေဝသညာနာသညာယတန အရူပဇောတို့သည် ၂ ကြိမ်ဖြစ်ကုန်၏။ (ထိုနောက် စိတ်,စေတသိက် စိတ္တဇရုပ် ချုပ်၏။) နိရောဓသမာ ပတ်မှ ထသောအခါ၊ အနာဂါမိဖိုလ်ဇော၊ အရဟတ္တ ဖိုလ်ဇောများသည် တကြိမ်ဖြစ်ကြိကုန်၏။ (ထိုနောင် ဘဝင်ကျ၏။)

နိရောဓသမာပတ် ဟူသည် စိတ်စေတသိက် စိတ္တဇရုပ်များ ခေတ္တံချုပ်ခြင်း, နိရောဓသို့ ရောက်၍ ခံစားနေခြင်း ဖြစ်၏။ လိုရင်းမှာ စိတ်စေတသိက် နာမ်တရားနှင့် စိတ္တဇရုပ် ရုပ်တရား ၂ပါး ချုပ်ငြိမ်းခြင်း နိရောဓ နိဗ္ဗာန်တရားကို ခေတ္တခဏရောက် စေ၍ ခံစားခြင်းဖြစ်သည်။

ဂုဝ်းဝီထိကိုကား အထက် ကမ္မဋ္ဌာန်း၌ တွေ့ရလတ္တံ့။

တတိယအကြိမ်

ပဋ္ဌလဘေဒပုဂ္ဂိုလ်ဖြင့် နှဲခြားခြင်း

ပုဂ္ဂိုလ် ၁၂-ယောက်

ပုထုဇဉ်ပဋ္ဌိုလ် (၄)

ဒုဂ္ဂတိ အဟိတ်ပုထုဇဉ် } အဟိတ်ပဋ္ဌိုလ်
သုဂတိ အဟိတ်ပုထုဇဉ်

ဒွိဟိတ် ပုထုဇဉ် } သဟိတ်ပဋ္ဌိုလ်
တိဟိတ် ပုထုဇဉ်

အရိယာပဋ္ဌိုလ် (၈)

သောတာပတ္တိမဂ်ပဋ္ဌိုလ် ┐
သကဒါဂါမိမဂ်ပဋ္ဌိုလ် ├ မဂ်ပဋ္ဌိုလ် (၄)
အနာဂါမိမဂ်ပဋ္ဌိုလ် ├
အရဟတ္တမဂ်ပဋ္ဌိုလ် ┘

သောတာပတ္တိဖိုလ် ပဋ္ဌိလ် ┐
သကဒါဂါမိဖိုလ်ပဋ္ဌိုလ် ├ ဖိုလ်ပဋ္ဌိလ် (၄)
အနာဂါမိဖိုလ်ပဋ္ဌိုလ် ├
အရဟတ္တဖိုလ်ပဋ္ဌိုလ် ┘

★

မူလစာကိုယ် ဒွိဟိတ် ပုဂ္ဂိုလ် ၁ယောက်နှင့် အာဟိတ်ပုဂ္ဂိုလ် ၂
(၄၆) ယောက်၊ ပေါင်း ၃ ယောက်တို့အား၊ ကြိယာဇော ၁၈ပါး၊ အပုနာဇော ၂၆ ပါးတို့သည် မဖြစ်ကုန်၊
(ကြိယာဇောတို့သည် ရဟန္တာတို့၌သာ ဖြစ်ကုန်၏။ ထိုကြောင့် ကြိယာဇော ၁၈ ပါးတို့သည် ဒွိဟိတ်, အဟိတ် ပုဂ္ဂိုလ်တို့၌ မဖြစ်ကုန်။ အပုနာဇော ၂၆ ပါးသည်၊ ဈာန်တရား၊ မဂ်တရားကို ရနိုင်သော ပုဂ္ဂိုလ်များ၌သာ ဖြစ်ကုန်၏။ ဒွိဟိတ် အဟိတ်ပုဂ္ဂိုလ်တို့သည် ယခုဘဝ၌ ဈာန်တရား မဂ်တရားကို မရနိုင်ကြကုန်။ ထိုကြောင့် အပုနာဇော ၂၆ ပါး မဖြစ်ကုန်။)

(၄၇) ဒွိဟိတ်ပုဂ္ဂိုလ်နှင့် သုဂတိအဟိတ်ပုဂ္ဂိုလ် ၂ယောက် အား မဟာဝိပါက် ဉာဏသမ္မယုတ်စိတ် ၄ပါးတို့သည် မဖြစ်ကုန်။

(ဌာန်းပုဂ္ဂိုလ် ၂ ယောက်တို့သည်၊ မူလပဋိသန္ဓေကပင် ဉာဏ်မပါသဖြင့်၊ ထိုင်းမှိုင်း, အ, ဖျင်း, သေးကြောင့် မဟာဝိပါက် ဉာဏသမ္မယုတ်စိတ် ၄ ပါး မဖြစ်ကုန်။)

(၄၈) ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်အား မဟာဝိပါက်စိတ် ၈ ပါးတို့သည် မဖြစ်ကုန်။

(ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်သည်ကား၊ မူလပဋိသန္ဓေကပင် အလွန်ညံ့, ဖျင်း, ထိုင်း, အ သဖြင့်၊ မဟာဝိပါက် ဉာဏ ဝိပွယုတ်စိတ် ၄ ပါးလည်း မဖြစ်ကုန်။

(၄၉) တိဟိတ်ပုဂ္ဂိုလ် ၉ ယောက်တို့တွင် ရဟန္တာပုဂ္ဂိုလ် အား ကုသိုလ်ဇော ၂၁ ပါး၊ အကုသိုလ်ဇော ၁၂ ပါးတို့သည် မဖြစ်ကုန်။

[အဝိဇ္ဇာကြောင့် (သခ်ါရ) ဧခါ် ကုသိုလ်အကုသိုလ်ဖြစ်ရသဖြင့် အဝိဇ္ဇာအမြစ်ကိုပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား ကုသိုလ်ဇော, အကုသိုလ်ဇော အဘယ်မှာ ဖြစ်ဇော်အံ့နည်း။]

တတိယ အကြိမ်

(၅၀) သေက္ခပုဂ္ဂိုလ် ၇ ယောက်၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် အား ကြိယာဇော ၁၈ တို့သည် မဖြစ်ကုန်။

(ကြိယာဇောများသည် ရဟန္တာပုဂ္ဂိုလ်နှင့်သာ သီးခြား သက်ဆိုင်၏၊ ထိုကြောင့် သေက္ခပုဂ္ဂိုလ်နှင့် တိဟိတ်ပုထုဇဉ်မှာ မဖြစ်နိုင်ပေ။)

(၅၁) သေက္ခပုဂ္ဂိုလ် ၇ ယောက်တို့အား ဒိဋ္ဌိသမ္ပယုတ်စိတ် ၄ ပါး၊ ဝိစိကိစ္ဆာစိတ် ၁ ပါး၊ ပေါင် ၅ ပါးတို့ မဖြစ်ကုန်။

(သောတာပန်၏ သောဘာပတ္တိမဂ်ဝိတ် ဖြစ်ဆဲကပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကိုပယ်ပြီ ဖြစ်သဖြင့် မဖြစ်နိုင်ခဲတော့ပေ။)

(၅၂) အနာဂါမ်ပုဂ္ဂိုလ်အား ဒေဝါသဇော ၂ ပါးတို့သည် မဖြစ်ကုန်။

(အနာဂါမ်မဂ်စိတ်ဖြင့် ပယ်ပြီး ဖြစ်၍ အနာဂါမ် ပုဂ္ဂိုလ်အား ဒေဝါသဇော မဖြစ်နိုင်ပေ။)

(၅၃) အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အား လောကုတ္တရာဇောတို့သည်ထိုက်သည်အားလျော်စွာဖြစ်ကြကုန်၏။

အကျဉ်းချုပ်

မူလဒုကိုယ် (၅၄) ရဟန္တာပုဂ္ဂိုလ်တို့အား ၄၄ ပါးသောစိတ်တို့သည် ဖြစ်ကုန်၏။

သေက္ခပုဂ္ဂိုလ် ၇ ယောက်တို့အား ၅၆ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ကြွင်းသော ပုထုဇဉ် ပုဂ္ဂိုလ် ၄ ယောက်တို့အား ၅၄ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ဤကား သင်္ဂြိဟ် စာကိုယ်လာသည့်အတိုင်း ပုဂ္ဂိုလ်၌ မရဖသော စိတ်များကိုပြဆိုခြင်းဖြင့် ရသောစိတ်များကိုသိရန်ပြသောစကားရပ်များဖြစ်သည်။

တတိယအကြိမ်

အဓိပ္ပာယ် အထက်ပါ မူလစာကိုယ် စည်းကမ်းအတိုင်း
(၄၆-၅၄) လိုရင်းစကားကျအားဖြင့် ပုဂ္ဂိုလ်စိတ်ရမျှား
ကို အောက်ပါအတိုင်းဖော်ပြပေအံ့။

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ—

အကုသိုလ်စိတ်	၁၂
အဟိတ်စိတ်	၁၇ (ဟသိတုပွါဒ်မပါ)
မဟာကုသိုလ်စိတ်	၈
ပေါင်း	၃၇ ပါးဖြစ်သည်။

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့်

၃။ ဒွိဟိတ်ပုဂ္ဂိုလ် ၂ ယောက်မှာ-

အထက်ပါ ဒုဂ္ဂတိအဟိတ်စိတ်	၃၇
မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်	၄
ပေါင်း	၄၁ ပါး

၄။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မှာ-

အထက်ပါသုဂတိအဟိတ်,ဒွိဟိတ်စိတ်	၄၁ ပါး
မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်	၄ ပါး
ပေါင်း	၄၅ ပါး

၅——ဂ။မဂ်ပုဂ္ဂိုလ် ၄ ယောက်မှာ အသီးသီး မိမိတို့၏ မဂ်စိတ် ၁ ပါးစီဖြစ်၏။

၆။ မဟာဇာပတ္တိဖိုပုဂ္ဂိုလ်မှာ—

အကုသိုလ်စိတ် ၂ (ဒိဋ္ဌိ ၄ ဝိစိကိစ္ဆာ ၁ မပါ)	
အဟိတ်စိတ်	၁၇ (ဟသိ မပါ)
မဟာကုသိုလ်စိတ်	၈

မဟာဝိပါက်စိတ် ၈
သောတာပတ္တိဖိုလ်စိတ် ၁
ပေါင်း ၄၁ ပါးဖြစ်ကုန်၏။

၁၀။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်မှာ အထက်ပါ သောတာပန်ပုဂ္ဂိုလ်၏ စိတ် ၄၁ ၌ သောတာပတ္တိဖိုလ်နှင့် သကဒါဂါမိဖိုလ်စိတ်ကိုလဲလှယ်၍ ၄၁ပါး ဖြစ်ကုန်၏။

၁၁။ (ဒိဋ္ဌိ ၄၊ ဝိစိကိစ္ဆာ ၁၊ ဒေါသ ၂၊ ပေါင်း ၇ မပါ)

အနာဂါမိဖိုလ်ပုဂ္ဂိုလ်မှာ—

အကုသိုလ်စိတ် ၅
အဟိတ်စိတ် ၁၇ (ဟသိ မပါ)
မဟာကုသိုလ် ၈
မဟာဝိပါက် ၈
အနာဂါမိဖိုလ် ၁
ပေါင်း ၃၁ ပါးဖြစ်ကုန်၏။

၁၂။ အရဟတ္တာပုဂ္ဂိုလ်မှာ—

အဟိတ်စိတ် ၁၈
မဟာဝိပါက်စိတ် ၈
မဟာကြိယာစိတ် ၈
အရဟတ္တဖိုလ်စိတ် ၁
ပေါင်း ၃၅ ပါးဖြစ်ကုန်၏။

ဤကား ပုဂ္ဂိုလ် ၁၂ ယောက်တို့၏ ရှိုးရှိုးစိတ်ဖြစ်ရပေသည်။

ဈာန်ကို အားထုတ်၍ ဈာန်ကိုရနိုင်သော ပုဂ္ဂိုလ် ၅ယောက် ဈာန်ရသော်စိတ်ရ, မှာ အောက်ပါအတိုင်းဖြစ်၏။

ဈာန်ရနိုင်သော ပုဂ္ဂိုလ် ၅ ယောက်မှာ

တိဟိတ်ပုထုဇဉ် ၁ ယောက်နှင့် ဖိုလ်ပုဂ္ဂိုလ် ၄ ယောက်၊ ပေါင်း ၅ ယောက် ဖြစ်သည်။

၁။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ရိုးရိုးစိတ်ရ ၄၆ } ၁၄၄ ပါး
ဈာန်ရသောအခါ မဟဂ္ဂုတ်ကုသိုလ် ၉ } ဖြစ်၏။

၂။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် ရိုးရိုးစိတ်ရ ၄၁ } ၁၀၀ ပါး
ဈာန်ရသောအခါ မဟဂ္ဂုတ်ကုသိုလ် ၉ } ဖြစ်၏။

၃။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်ရိုးရိုးစိတ်ရ ၄၁ } ၁၀၀ ပါး
ဈာန်ရသောအခါ မဟဂ္ဂုတ်ကုသိုလ် ၉ } ဖြစ်၏။

၄။ အနာဂါမိဖိုလ်ပုဂ္ဂိုလ် ရိုးရိုးစိတ်ရ ၃၉ } ၄၈ ပါး
ဈာန်ရသောအခါ မဟဂ္ဂုတ်ကြီယာ ၉ } ဖြစ်၏။

၅။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်ရိုးရိုးစိတ်ရ ၃၁ } ၄၄ ပါး
ဈာန်ရသောအခါ မဟဂ္ဂုတ်ကြီယာ ၉ } ဖြစ်၏။

ဤကား ကာမဘုံ၌ ပုဂ္ဂိုလ် ၁၂ ယောက် စိတ်ရဖြစ်သည်။

ဤအသီးအသီးသော ပုဂ္ဂိုလ်တို့၏ စိတ်ရကို သိနားလည်သောအားဖြင့် (၁၄) မူလစာဂုံယ်၌ အပေါင်း ပုဂ္ဂိုလ်တို့၏ စိတ်ရကို ရေတွက်တတ်ဖို့ လိုပေသည်။

ရေတွက်သည်ရှိသော်

၁။ အသေက္ခ ရဟန္တာပုဂ္ဂိုလ်၌ ၄၄ပါးသောစိုတ်ဆိုသည်မှာ အထက်ပါအတိုင်းပင်။

တတိယအကြိမ်

၂။ သေက္ခ ၇ ယောက်၌ ၅၆ ဆိုသည်မှာ—

အကုသိုလ်စိတ်	၇	(ဒိဋ္ဌိသံဒ္ဓ၊ ဝိစိကိစ္ဆာ၊ ၅ပါးမပါ)
အဟိတ်စိတ်	၁၇	(ဟသိတုပပါဒ်မပါ)
မဟာကုသိုလ်စိတ်	၈	
မဟာဝိပါက်စိတ်	၈	
မဟဂ္ဂုတ်ကုသိုလ်	၉	
မဂ်စိတ်	၄	
အောက်ဖိုလ်စိတ်	၃	

ပေါင်း ၅၆ ပါးဖြစ်သည်။

၃။ ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်တို့၌ ၅၄ ပါး ဆိုသည်မှာ—

အကုသိုလ်စိတ်	၁၂	
အဟိတ်စိတ်	၁၇	(ဟသိမပါ)
မဟာကုသိုလ်	၈	
မဟာဝိပါက်	၈	
မဟဂ္ဂုတ်ကုသိုလ်	၉	

ပေါင်း ၅၄ ပါးဖြစ်သည်။

အမှာ။ ။သရုပ်ကျွပ်နှစ်ရန် အထက်ပါအတိုင်း ခွဲခြားပါလေ။ ဆရာကလည်း ပိုမို၍ ခွဲခြားပြနိုင်က အလွန် ကျွပ်နပေမည်။ ကြိုးစား ထုတ်၍ သရုပ်ခွဲကြပါကုန်။

ပုဂ္ဂလဘေဒ ပြီးပြီ။



တတိယအခန်း

ဘူမိဝိဘာဂ (ဘုံအားဖြင့်ဝေဖန်ခြင်း)

မူလစာကိုယ် ကာမဝစရဘုံ၌ ဝိထိစိတ်အားလုံး ရကုန်၏။

(၁၅) (ကာမဘုံ၌ ဒွါရ ၆ ပါးအားလုံး ပြည့်စုံစွာ ဖြစ်၍ ပုဂ္ဂိုလ် ၁၂ ယောက် စုံသောကြောင့် ဝိထိစိတ် အားလုံး ရကုန်၏။ ဝိထိမုတ်စိတ် ၉ ပါးသာ မရနိုင်ပေ။)

(၁၆) ရူပါဝစရဘုံ၌ ဒေါသဧောနှင့် တဒါရုံစိတ္တုပါဒ်များ မရကုန်၊ ကြင်းသောစိတ်များသာရကုန်၏။

(ရူပဘုံ၌ ဒေါသစိတ်မရသည်မှာ ဈာန်တရား၏ အကျိုးပေးဘုံဖြစ်၍ ဈာန်ရမှုကိုတားမြစ်တတ်သော ဒေါသစိတ်မဖြစ်ပေ။ ကာမဧော,ကာမသတ္တဝါ,ကာမအာရုံ မဟုတ်သောကြောင့် တဒါရုံ မရနိုင်ပေ။)

(၁၇) ရူပဘုံ အရူပဘုံ၌ မရသောစိဟ်နှင့် သောတာပတ္တိမဂ်စိတ် ရူပါဝစရစိတ် ၁၅ ပါး၊ ဟသိတုပ္ပါဒ်စိတ် အောက် အောက်သော အရူပစိတ်များ မရကုန်။ ကြင်းသောစိတ်များသာ ရကုန်၏။

(အရူပဘုံ၌ ရုပ်မရှိ နာမ်သာရှိ၍ တရားနာရန် သောတရုပ် မရှိသဖြင့် သောတာပန်ပုဂ္ဂိုလ်မဖြစ်နိုင်။ထိုကြောင့်သောတာပတ္တိမဂ်ကို မရနိုင်။)

အထက်အထက် ဈာန်ရပြီးသောသူသည် အောက်အောက်ဈာန်ကို မဝင်စား,အားမထုတ်ပေ။ထိုကြောင့် အောက်ဖြစ်သော ရူပစိတ် ၁၅ ပါး မရနိုင်။

အရူပဘုံဟူသည် နာမ်ဝိညာဏ်ဘုံဖြစ်၍ ရုပ်ရှင်နိုင်သောရုပ် မရှိသဖြင့် ဟသိတုပ္ပါဒ်စိတ် မရနိုင်ပေ။

(၅၈) ရူပဘုံ အရူပဘုံတို့၌ ထိုထိုပဋာဒမရှိကုန်သောထိုထို စိတ်တို့ကို မရအပ်ကုန်။ (ရူပဘုံ၌ ဃာန ဇိဇ္ဇာ ကာယ ပဋာဒများ မရှိသော်ကြောင့် ထို၌ဖြစ်သော ဃာန ဝိညာဏ်စိတ် ၂၊ ဇိဇ္ဇာဝိညာဏ်စိတ် ၂၊ ကာယဝိညာဏ်စိတ် ၂၊ ဒေါင်း ၆ ပါးသောစိတ်များ မရအပ်ကုန်။ အရူပဘုံ၌ စက္ခုစသော ပဋာဒ ငါးပါး မရှိသော‌ကြောင့် ထိုပဋာဒ၌ဖြစ်သော ဒွေပဉ္စဝိညာဏ်စိတ် ၁၀၊ မနောဓာတ် ၃၊ သန္တီရဏစိတ် ၃၊ ၁၆ ပါးသော စိတ်တို့ကို လိုမရအပ်ကုန်ဟူလို။)

(၅၉) အသညသတ်ဘုံ၌ ဝိထိစိတ်အားလုံးတို့ကို မရအပ်ကုန်။ (စိတ်မရှိဟူလို)။

(၆၀) ကာမဘုံ၌ ဝိထိမုတ်စိတ် ၉ ပါးမှ တပါး၊ ဝိထိစိတ် ၁၀ တို့ကို ရအပ်ကုန်၏။ ဝိထုမုတ်စိတ်ပါ ဆိုလျှင် စိတ် ၁၉ ပါ ရကုန်၏။ ရူပဘုံ၌ ၆ ပါးသော ဝိထိစိတ်တို့ကို ရအပ်ကုန်၏။
အရူပဘုံ၌ ၄၂ ပါးသောဝိထိစိတ်တို့ကို ရအပ်ကုန်၏။

အမှာ။ ။၃၁ ဘုံအသီးသီးရတွက်ပုံကို မရေးတော့ပြီ၊ ကြိုစည်းနှိုင်းလောက်ပြီ။
ဆရာက ပြဿသောအခါ ခွဲခြားမြဖို့ လိုပေသည်။
အထက်ပုဂ္ဂလဇောဒနှင့် ဤဘူမိဝိဘာဂကိုစပ်၍ ဓမ္မသင်္ဂဟကောင်းမည်။

အမှာ။ ။ဘုံဆိုသည်မှာ သြကာသလောကဖြစ်၍ အဝိညာဏကဖြစ်သောကြောင့် စိတ်နှင့်မသက်ဆိုင်သော်လည်း ထိုဘုံ၌ဖြစ်သောသတ္တဝါတို့ဖြင့် ဖြစ်သည်ကို ဘုံ၌စိတ်ဖြစ်သည်ဟု ဥပစာရဖြင့် ခေါ်ဝေါ်ရပေသည်။

ဤကား ဘုံအားဖြင့် ဝိထိစိတ်များကို ဝေဖန်ခြင်းတည်း။

အဓိပ္ပာယ် (၅၅-၆၀) ကာမဘုံ၌ စိတ် ၈၉ ပါးအနက် ဝိထိမုတ်စိတ် အစစ်ဖြစ်သော မဟဂ္ဂုတ်ဝိပါက် ၉ ခုမှတပါး စိတ်ပေါင်း ၈၀ ဖြစ်နိုင်ကုန်၏။

ရူပဘုံ၌ ဒေါသစိတ် ၂ ပါး၊ မဟာဝိပါက် ဟဒါရုံ ၈ ပါး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး ဤ ၁၆ ပါးသော စိတ်မျှားမှတပါး ဝီထိစိတ်ပေါင်း ၆၄ ပါးဖြစ်နိုင်ကုန်၏။

အရူပလေးဘုံ၌ ဒေါသစိတ် ၂ ပါး၊ အဟိတ်စိတ် ၁၇ ပါး မဟာဝိပါက်စိတ် ၈ ပါး၊ ရူပစိတ် ၁၅ ပါး၊ အရူပဝိပါက် ၄ ပါး၊ သောတာပတ္တိမဂ် ဤ ၄၇ ပါးသော စိတ်မှတပါး၊ စိတ်ပေါင်း ၄၂ ပါးဖြစ်နိုင်ကုန်၏။



တတိယအကြိမ်

ဝီထိပိုင်း နိဂုံးစကား

မူလစာကိုယ် ဤသို့လျှင် ၆ ဒွါရဉ်ဖြစ်သော စိတ်တို့၏ဖြစ်ခြင်းသည်
(၆၁) သင့်သည်အားလျော်စွာ ဘဝင်စိတ် ခြားသည်ဖြစ်၍
အသက်တက်ဆုံး မပြတ် ဖြစ်ကုန်၏။

အဓိပ္ပာယ် ဤဝီထိပိုင်း၌ ပြဆိုခဲ့သော ဝီထိစိတ်တို့သည်၊
(၆၁) သတ္တဝါတို့သန္တာန်၌ တဘဝအတွက် ဆိုလျှင်
ပဋိသန္ဓေ နေသည်မှစ၍၊ ပဝတ္တိအခါ, နောက်
ဆုံး သေသည်အထိ မူလဘဝင်စိတ်မျှားကကြားထဲမှာ ဖြစ်လိုက်
ဖြစ်လိုက်နှင့် ကြားခံ၍ မပြတ်မလပ် တရစပ်ပင် ဖြစ်ရတော့
သည်။ နောက်သေသောအခါ ဘဝတခုမှာလည်း ထိုနည်းအတူ
ဝီထိစိတ်, ဘဝင်စိတ်, ဝီထိစိတ်, ဘဝင်စိတ်, အဆက်မပြတ်
တရစပ်ပင်ဖြစ်၍၊ ဘဝများစွာသံသရာတခုလုံး၌ နာမ်သဘာဝ
ဖြစ်စဉ်များသည် မျက်စိဖြင့် မြင်ကောင်းသောအရာ ဖြစ်ပါမူ၊
ယက်ကန်းရှည်၍ထားသော ချည်မျှင်များသဏ္ဌာန် မြင်ဖွယ်ရာ
ရှိပေသည်။ နာမ်သဘာဝတို့၏ ဖြစ်မှုသည် အလွန်လျင်မြန်သည်
ဖြစ်၍၊ နာမ်တရား တခုနှင့်အခု ဖြစ်မှုပျက်မှု မဆက်စပ်ပဲ တခု
ဖြစ်ချုပ်ပြီးမှ တခုဖြစ်ချုပ်၍ ပြတ်သောကြောင့် ပကတိ မျက်စိ
များဖြင့် မမြင်နိုင်ပေ။ ဥပမာ – လေယာဉ်ပျံ၏ ပန်ကာများ
ကဲ့သို့တည်း၊ ပန်ကာလက်များသည် လျင်မြန်စွာ မလည်သေး
သောအခါ မျက်စိဖြင့် ထင်ရှားစွာမြင်ရ၏။ မှတ်နေအောင်
လည်သောအခါ လျင်မြန်သည့်အတွက် ပန်ကာလက်ကို မမြင်ရ
တော့ပေ။ တခါတရံ စက်ပတ် အလည်မှန်၍ နှေးသွားသော

အခါ၊ လက်ကနဲ၊ ဝင်းကနဲမြင်ရသည်။ ဤဥပမာ၌ မြန်စွာ ဖြစ်သော အရာဝတ္ထုကို မမြင်နိုင်ကြောင်းကို လက်တွေ့ ဥပမာ ပြခြင်း ဖြစ်ပေသည်။ ရုပ်တရားများကား လေးလံသော ဖြစ်ပျက်မှုရှိသဖြင့်လည်းကောင်း၊ တခုနှင့်တခု အဖြစ် မပြတ် သောကြောင်လည်းကောင်း ကိုင်တွယ်ကြည့်ရှုရှိရသဖြင် အတုံး အခဲသဏ္ဌာန် ရှိလေသည်။ နာမ်တရားသည် တခု ဖြစ်ချုပ်ပြီးမှ တခုဖြစ်, ချုပ်ရသဖြင့်၊ နာမ်တရားဖြစ်မှု ပြတ်၍ သဏ္ဌာန် မရှိ မမြင်ရပေ။ ရုပ်တရားသည်ကား တခုဖြစ်ပြီး, မချုပ်မီ တခုက ထပ်၍ ဖြစ်သဖြင့် ထပ်လျက်ရှိ၏။ ကြိုးကျစ်သကဲ့သို့ တခုနှင့်တခု အမြီးပိုင်း၊ ခေါင်းပိုင်းတပ်လျက် ရှိ၏။ သို့ဖြစ်၍ အတုံးအခဲ သဏ္ဌာန် ကိုင်တွယ်သုံးသပ်၍ ရနိုင်သဖြင့်, မျက်စိဖြင့် မြင်ရ ပေသည်။

ဤအဓိပ္ပာယ်များကို သဘောပါက်အောင်၊ အမှန်အကန် သိအောင်၊ ရုပ်,နာမ် ၂ပါးကို ထိုးထွင်း၍သိအောင် အားထုတ် ကုန်ရာ၏။

အနုဗုဇ္ဈိယ တံ အတ္ထံ၊
ဒွေဓမ္မေ ပဋိဝိဇ္ဈိယ။
ယထာဘူတံ, ယထာဓမ္မံ၊
အာရဘေယျာထ, သာဓဝေါ။ ။

ဝိထိပိုင်း ရှေးဦးသင် အဓိပ္ပာယ် ပြီးပြီ။



တတိယအကြိမ်

ပညာအလင်းပြစာပေမှ စာကောင်းပေမွန်များ

၁။ ရှင်သီဝလိ ထေရုပ္ပတ္တိနှင့်
အမှန်းဆယ်ဂါထာ (ဦးဖိုးမင်း) ၂ ကျပ်

၂။ ဘုရားရှိခိုး အမျိုးမျိုး (ပညာအလင်းပြ) ၄ ကျပ်

၃။ လက်စွဲပဋ္ဌာန်း (မဟာဝိဇ္ဇာဦးမြင့်ဆွေ) ၇ ကျပ်

၄။ ဓမ္မပဒ(အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ)
(မဟာဝိဇ္ဇာ ဦးမြင့်ဆွေ) ၁၀ ကျပ်

၅။ ဓမ္မပဒကြီး (မူရင်းပါဋ္ဌိဘော်ပါ)
(မဟာဝိဇ္ဇာ ဦးမြင့်ဆွေ) ၂၅ ကျပ်

၆။ မိလိန္ဒနှင့် ရှင်နာဂသိန်၊ အမေးအဖြေ
(မဟာဝိဇ္ဇာ ဦးမြင့်ဆွေ) ၃၀ ကျပ်

၇။ ဇာတ်တော် ငါ ရာ့ငါးဆယ်
(မဟာဝိဇ္ဇာ ဦးမြင့်ဆွေ) ၃၅ ကျပ်

၈။ မိုးကုတ်ထေရုပ္ပတ္တိ ကျင့်စဉ်နှင့်
သစ္စာ (၁၆)ချက် အနှစ်ချုပ်
(မဟာဝိဇ္ဇာ ဦးမြင့်ဆွေ) ၁၅ ကျပ်

၉။ အဘိမ္မောသင်္ဂြိုဟ် အဖွင့်ကျမ်း (ပထမတွဲ)
(မဟာဝိဇ္ဇာ ဦးမြင့်ဆွေ) ၂၀ ကျပ်

၁၀။ အဘိမ္မောသင်္ဂြိုဟ် အဖွင့်ကျမ်း (ဒုတိယတွဲ)
(မဟာဝိဇ္ဇာ ဦးမြင့်ဆွေ) ၂၀ ကျပ်

၁၁။ နိဗ္ဗာန်ကိုသွား ဉာဏ်ရထား
(နမ္မားဆရာတော်) ၁၅ ကျပ်

၁၂။ သင်္ဂြိုဟ်မဟာဋီကာ မြန်မာပြန်ကျမ်း
(ပထမတွဲ) ဦးအောင်တင် ၂၀ ကျပ်

၁၃။ ကျေးဇူးကြီးလှ မြတ်ဗုဒ္ဓ
(ဦးခင်အောင်ဆန်း) ၂၅ ကျပ်

၁၄။ သံဝရပျို ရှင်မဟာရဋ္ဌသာရ
(ဝင်းမွန် ဖြေဆိုသည်) ၁၀ ကျပ်

၁၅။ မြန်မာစကားပုံဖြစ်စဉ် ဝတ္ထုများ (ပထမတွဲ)
(အောင်ပိုင်ဖြိုး) ၁၀ ကျပ်

၁၆။ မြန်မာစကားပုံဖြစ်စဉ်ဝတ္ထုများ (ဒုတိယတွဲ)
(အောင်ပိုင်ဖြိုး) ၁၀ ကျပ်

၁၇။ မြန်မာစကားပုံဖြစ်စဉ်ဝတ္ထုများ (တတိယတွဲ)
(အောင်ပိုင်ဖြိုး) ၁၀ ကျပ်

၁၈။ ရှေးဦးသင် အဘိဓမ္မာ (ဦးအောင်သိမ်း)
(ပ၊ ဒု၊ တ၊ စ ၄ တွဲပေါင်းချုပ်
(ခွဲမရောင်းပါ) ၄၀ ကျပ်

၁၉။ ကဗျာ့ပဥ္ဇရီ- (လယ်တီပဏ္ဍိတ) ၅ ကျပ်

၂၀။ ရှေးဟောင်း ကဗျာပေါင်းချုပ်
(လယ်တီပဏ္ဍိတ) ၁၀ ကျပ်

ပညာအလင်းပြ စာပေတိုက်
၁၃၀၊ ဗိုလ်ချုပ်လမ်း၊ (၄၈) လမ်းထိပ်
ပုဇွန်တောင်စာတိုက်၊ ရန်ကုန်။

ဂျူးဦးသင်အာဘိဓမ္မာနှင့် တွဲဖက်လေ့လာရန်

အာ ဘိ ဓ မ္မာ ကျမ်း စာ များ

၀၀၀

၁။ နှစ်ဖက်လှ သင်္ဂြိဟ်မြန်မာပြန်

၂။ အာဘိဓမ္မာသင်္ဂြိဟ်အဖွင့် (ပထမပုံ)

မဟာဝိဇ္ဇာ ဦးမြင့်ဆွေ

၃။ အာဘိဓမ္မာသင်္ဂြိဟ်အဖွင့် (ဒုတိယတွဲ)

မဟာဝိဇ္ဇာ ဦးမြင့်ဆွေ

၄။ လယ်တီပရမတ္ထဒီပနီမည်သော
သင်္ဂြိဟ်မဟာဋီကာမြန်မာပြန် (ပထမတွဲ)

ပါဠိဆရာ ဦးအောင်တင် ပြုစုသည်။

တဦးချင်း ဖွဲ့ပိုဒ် ပို့ပါသည်၊ ကိုယ်စားလည်မျှား မှာပါ။

ပညာအလင်းပြစာပေ၊

၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ၄၈ လမ်းထိပ်၊ ရန်ကုန်မြို့။

(ပုဇွန်တောင်စာတိုက်)